
www.burmeseclassic.com

# မယ်နှိုင်

ပထမ မောဟ်စေသော

ပထမလှ



(အချစ်လုံးချင်းဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၆၇၂၁၀၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၆၃၈၁၂၀၉
ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၁၀၊ ဇွန်လ၊
ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် တိုက် ၄၊ အခန်း ၁၀၊ ပြည်တော်သစ်ရိပ်သာ၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ်၃၁/၃၃၊ ၅၃လမ်း ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖြန့်ဈေး - ၁၂၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

၈၉၅.၈၃
မယ်နိုင်
ပထမမဟုတ်သော ပထမလူ/မယ်နိုင်။ - ရန်ကုန် ရွှေဥစာပေ၊ ၂၀၀၉။
၂၆၂ စာ၊ ၁၂.၃ x ၁၈ စင်တီ။
(၁) ပထမ မဟုတ်သော ပထမလူ

BURMESE CLASSIC

နေလိုနေ သွားလိုသွား
ရင်ခွင့်သယ်စံရစေအောင်
ဖိုရင်ခွင်ထဲ
ထသထသသံစေ့ရှိလည်းမထုတ်
အချစ်အမုန်း
နေ့စွဲအဆုံးထိ
သိမ်းမြှုပ်ထားရအောင်လည်း
မျိုးနေ့သစ်ထဲ
ပုရပိုက်လည်းမထုတ်
မိန့်ဆုံးသွားထဲ
တစ်နေ့ရာသည်းမှာ ထားသေတို့နေ့
ချစ်စည်း စေးမိမိထားတဲ့
မာဒီရှစ်အစေထောင်းကို
မြစ်သည်းနေ့ထင်စေမယ့်
မင်းအတွက်လည်းစောင့်ထားတဲ့
ချစ်ခြင်းမီးခါန်းနှန်းစောင်စောင့်ကြီးထ
မင်းနဘေးခွန်းကို
လာခဲ့ပါ ---- ချစ်သူ
မင်းသာ ပျော်ရှင်မှာပါ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁ )

သူပထမဆုံးတွေ့မြင်လိုက်ရတာက အရိပ်မဲမဲလေးတစ်ခု။ ထိုအရိပ်လေးနဲ့ သူမတပြည်းပြည်းနီးကပ်သွားတာမို့ ပိုးတဝါးမှ သိသာထင်ရှားလာခဲ့သည်။ မှန်ပါသည်။ ကလေးငယ်တစ်ယောက်ပါ။

ရှိုက်ကြီးတငင်ငိုကြွေးနေသော ကောင်လေးတစ်ယောက်ပါဆိုလျှင် ပို၍မှန်ကန်နေလိမ့်မည်။ အနက်ရောင်ဝတ်စုံများနှင့် ဝိုင်းအုံနေကြသော လူအုပ်ကြီးကြား သူမ တိုးဝင်လာမိသည်။

သို့သော် ထိုကောင်လေး၏ငိုသံတို့ထဲအောင်တော့ သူမမွှမ်းဆောင်နိုင်ခဲ့ပါ။ ထိုကောင်လေး၏ငိုသံတို့က သူမရင်အစုံကို မောပန်းနွမ်းလျ

www.burmeseclassic.com

www.burmeseclassic.com



စေခဲ့သည့်မှာအမှန်။ သူမက ငိုနေရုံမှတစ်ပါး ထိုကောင်လေးအနားကိုပင် မကပ်ဝံ့ခဲ့တာပါ။

အဖြူရောင် စာပဝါလွှမ်းခြုံထားသူကို မြင်ကွင်းမှပျောက်ကွယ်သွားမည်စိုးနေသည့်အလား မလွှတ်စတမ်း ငံ့လင့်စွာ မျက်ရည်များနှင့် ငေးကြည့်နေသောထိုကောင်လေး၏ခပ်ဖွှမ်းဖွှမ်းပုံက မြင်ရသူတိုင်း မျက်ရည်မနိုင်ချင်စရာ။

"မေမေ ဘာဖြစ်လို့ သားကိုထားသွားရတာလဲ။ သားတကယ်မဆိုးတော့ဘူးဆိုရင် မေမေပြန်လာမှာလား။ မေမေက အရမ်းရှိတူ။ မေမေ ထလာပါ။ မေမေ သားဘယ်သူနဲ့နေရမှာလဲ, အီး. . . ဟီး. . . ဟီး"

ကလေးရဲ့ငိုသံက ငိုရှိုက်ကျယ်လောင်လာသည်။ ထိုကောင်လေးက အားပါးတရစိတ်ထင်တိုင်းငိုပြီးပြီဆိုရှိန်မှ အကျႌအိပ်ကပ်ထဲမှ ဖြူလွှသန့်စင်သောလက်ကိုင်ပဝါတစ်ထည် ထုတ်လာသည်။ ပြီးနောက် မျက်ရည်တွေကိုခပ်ကြမ်းကြမ်းသုတ်ပစ်ကာ မေမေဆိုသူကို အပြီးအပိုင်ကျောခိုင်းပစ်တော့သည်။

သူမ အံ့သြသွားရသည်။ ဘာကြောင့် အဲ့ဒီလိုကြီးရုတ်ချည်းပြောင်းလဲသွားရတာလဲ။ မတွေးတတ်ပါ။ သို့သော် သူမရဲ့အံ့သြမိခြင်းက တာရှည်မခံလိုက်ပါ။ ဘာကြောင့်လဲဆိုတော့ မြေကြီးပေါ်အပုံလိုက် ခွေကျသွားသော ထိုကောင်လေး၏ခန္ဓာကိုယ်ကြောင့်ပါပဲ။

"အစ်ကိုလေး. . . အစ်ကိုလေး"

ထိုအော်သံစူးစူးရှရှအတူ သူမအိပ်ရာထက်မှ ဝေါက်ခနဲနိုးထသွားရသည်။ သူမအိပ်မက်မက်နေတာပါလား။ ထိုမြင်ကွင်းက သူမရင်ထဲမှာ ကိန်းဝပ်နေခဲ့တဲ့ ကာလက ကြာမြင့်ခဲ့ပါပြီ။ သို့သော်စွဲလမ်းလွန်းနေ၍လား မသိ၊ မကြာခဏ အိပ်မက်အဖြစ်ဝင်လာလေ့ရှိနေသည်။

ထိုသို့အိပ်မက်မက်လိုက်တိုင်း သူမစဉ်းစားမိနေတာက အရွယ်ငယ်ငယ်ကောင်လေးတစ်ယောက်ကို အသက်ကြီးသူတွေက အစ်ကိုလေးဟု ရိုရိုကျိုးကျိုးခေါ်နေခဲ့သောကိစ္စရပ်ပင်။

နည်းနည်းသဘာဝမကျဘူးဟုထင်မိပေမယ့် သူမနားနှင့်ဆတ်ဆတ်ကြားလိုက်ရသောကိစ္စမို့ ထိုဖြစ်ရပ်က အမှန်တကယ် ရှိနေပါသည်ဆိုတာ သေချာလှပါသည်။

ဒီနေ့ သူမ နှင်းဆီပန်းတစ်စည်းဝယ်ဖြစ်ပြန်ဦးမယ်ဆိုတာ သေချာလှသည်။ ဘာကြောင့်လဲဆိုတော့ ထိုအိပ်မက်ကိုမက်တိုင်း ပန်းတစ်စည်းက အုတ်ဂူဖြူပေါ် အမြဲရောက်နေကျမို့ပါ။

ထုံးစံသည်က တစ်ရံတစ်ခါမှ မမြင်ဖူးလိုက်ရသော ထာဝရအိပ်ပျော်သွားသည့်အမျိုးသမီးတစ်ယောက်ထံသွားရောက်၍ စကားတွေ

www.burmeseclassic.com



ပြောပြီး ပန်းတွေပို့နေသောဖြစ်ရပ်ပါပဲ။

"သမီး၊ ပုရစ်ဖူး၊ နိုးနေပြီလား"

မီးဖိုချောင်ထဲမှထွက်ပေါ်လာသောအမေ့အသံစာစာကြောင့် သူမက ခေါက်ခနဲထရပ်လိုက်ကာ. . .

"နိုးပြီ. . . နိုးပြီ"

ဟုပြန်အော်ကာ သွက်သွက်လက်လက်ပင်ပြေးထွက်လိုက်သည်။ တဘုန်းဘုန်းပြေးထွက်လာသောခြေသံကြမ်းကြမ်းကြောင့် အိမ်ရှေ့ခန်းမှာ အိပ်ပျော်နေသောကလေးနှစ်ယောက်က နိုးသွားရကာ. . .

"ဟာ. . . မမထခဲ့ရင် တစ်အိမ်လုံးကိုညံ့ပွက်နေတာပဲ"

ဟု အိပ်ချင်မူးတူးနှင့် အလတ်ကောင်က ထအော်သည်တွင် အငယ်ကောင်ကပါ. . .

"ညတုန်းက စာကျက်ရတာမိုးချုပ်တယ်၊ အိပ်ရေးမဝရင် အဖျားဝင်မယ်၊ ပိုက်ဆံကုန်ချင်ရင်တော့ ဆူချင်ညံ့လုပ်"

"အံမယ်! နှစ်ယောက်လုံး ဆောင့်ကန်လိုက်ရ"

ဟု မာန်လိုက်ပေမယ့် ပြုံးစိစိပါပဲ။

"အမေ ကျက်ပြီလား"

မီးဖိုချောင်နှင့်အိမ်က တစ်ဆက်တည်းမို့ မျက်နှာမသစ်သေးဘဲ



မီးဖိုချောင်ဘက် ဝင်လာခဲ့သည်။ အိုးမည်းမည်းတူးတူးလေးများကို လက်ခုတ်နှင့်ကိုင်နေသောအမေက သူမကိုမလိုသမာန်ကြည့်ကာ. . .

"သွား. . . သွား၊ မျက်နှာသွားသစ်၊ အချိန်က မရှိတော့ဘူး။ ဘယ်လိုမိန်းကလေးလဲမသိဘူး။ မျက်နှာမသစ်ဘာမသစ်နဲ့ မီးဖိုချောင်ထဲ ဝင်လာတယ်။ ပြောဆိုဆုံးမလည်း နားမဝင်ဘူး"

ထိုအခါမှာတော့ သူမက ပြုံးဖြဲဖြဲကြီးနှင့် အမေကိုကြည့်ကာ ရေဖလားကို အမေ့ထံလှမ်းပေးလိုက်သည်။

"ကရားအိုးထဲက ရေနွေးငှဲ့ပေးဦး"

"ဘာလုပ်မှာလဲ"

"နှင်းတွေအရမ်းကျနေတယ်။ ရေတွေကလည်း အေးကျင်ခဲနေတာပဲ။ အဲ့ဒီရေအတိုင်းသာ မျက်နှာသစ်လိုက်ရင် သွေးခဲပြီးသေမလားပဲ"

"ကဲကိုကဲတယ်"

ဟုဆိုကာ မကျေမချမ်းနှင့် အမြင်မကြည်ပုံလေးဆိုပေမယ့်လည်း အမေက သဘောကောင်းသူမို့ ကရားအိုးထဲမှရေကို ဖလားထဲငှဲ့ထည့်ပေးခဲ့ပါသည်။

ထိုအခါကျမှ သူမက ရေလောင်အိုးကြီးနား ကုတ်ကုတ်ကုတ်ကုတ်နှင့်ကပ်သွားကာ ရေလောင်အိုးကြီးထဲမှ ရေတစ်ဖလားခပ်ယူလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com

ဖလားထဲကရေနွေးနှင့်ရောစပ်လိုက်သည်။ မပူမအေးဖြစ်အောင်ဖေ နွေးနွေးရောစပ်လိုက်ပြီး သွားတိုက်ကာ မျက်နှာသစ်လိုက်သည်။

ထိုအခါမှာ သူမကို ဘယ်အချိန်ထဲက ကြည့်နေမှန်းမသိတဲ့အမေ က. . .

"ဆပ်ပြာနဲ့မသစ်ဘူးလား"

ပေါက်ဆတ်ဆတ်မေးလာသောအသံကို သူမက ပြုံးပြုံးလေးနှင့် ပင်. . .

"အချမ်းအေးတယ်။ ဆပ်ပြာမသုံးလည်း ဘာမှမဖြစ်ပါဘူး။ ရေနဲ့ ထိရင် အရာအားလုံး စင်ပြောင်သွားတာပဲ"

ဟုပြောလည်းပြောကာ အသင့်ချထားသောတဘက်တစ်ထည်နှင့် မျက်နှာကိုသုတ်ပစ်လိုက်သည်။ ပြီးနောက် ချက်ပြုတ်ကြော်လှော်နေသော အမေ့ဘေးနားကပ်ပြီး ရေကိုင်ထား၍ အေးစက်နေသောလက်များကို နွေး သွားအောင် မီးပုံဘေးနား ကပ်ထားလိုက်သည်။

"အေးလိုက်တာ။ ဒီနေ့ပိုချမ်းလာတယ်နော်"

"ဒီဇင်ဘာနား နီးလာပြီကော။ အင်္ကျီထူထူဝတ်၊ ဦးထုပ်အနွေး ဆောင်းသွားဦး"

"သမီးက ဒီနေ့ဘာစားသွားရမှာလဲ"



"ထမင်းနဲ့ပဲပြုတ် ရောကြော်ထားတယ်။ မီးဖိုဘေးမှာ အကြမ်းရည် အိုး ငှဲ့သောက်လိုက်"

ပြောလည်းပြောကာ ထမင်းကြော်ပန်းကန်ကို သူမလက်ထဲထည့် ပြီး ရေနွေးငှဲ့ရန် ဖန်ခွက်တစ်လုံးကိုပါ နောက်နားလေးမှယူပြီး လှမ်းပေး လာသည်။

သူမကလည်း အလိုက်သင့်ယူကာ ကရားအိုးထဲမှ ဖန်ရည်ဆိုး ရောင်အကြမ်းရည်များကို ဖန်ခွက်ထဲငှဲ့ထည့်ပြီး အငွေ့တထောင်းထောင်း ထနေသောအကြမ်းရည်ဖန်ဖန်ကို ရှုတ်ခနဲမြည်အောင် စုပ်သောက်လိုက် သည်။

ဒီ သူမရဲ့အမြဲတမ်းမနက်စာပါပဲ။ ဆံပင်ထိပ်စိပ်လေးတွေ ဖြူဖွေး ဖြူနေတဲ့အမေကတော့ နံနက် (၄)နာရီခွဲ အိပ်ရာထပြီး သူမအတွက် မနက်စာကို မညည်းညူဘဲ ပြင်ဆင်ပေးခဲ့တာကလည်း သုံးရာသီပတ်လုံး တစ်ရက်မပျက်ခဲ့။

"အမေ, အိပ်ရာထဲမှာ ခဏလေးနဲ့ကွေးမနေချင်ဘူးလား"

"ဆောင်းရာသီဆိုတော့ ညတာရှည်တယ်။ အိပ်ရလွန်းလို့ညည်း ညောင်းပါပြီအေ"

"သမီးက အချမ်းအေးလို့ပြောတာပါ"

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်မှာအေးလို့လဲ။ အခုလည်း မိုးဗိုသေးမှာ သက်တောင့်သက်သာပဲ"

အမေက ဘာမှမဖြစ်သလို ပုံမှန်အတိုင်းပြောလိုက်တာဆိုပေမယ့် သူမရင်ထဲ မချိအောင်ခံစားရပါသည်။ အမြဲတမ်းအေးချမ်းတိုင်း ငွမ်းကာ် အင်္ကျီအနက်ရောင်ကြီးကိုသာ မချွတ်တမ်းဝတ်ဆင်နေတဲ့အမေ့ပုံက သူမကိုခံစားရစေပါသည်။

"ဒီနေ့ အလတ်ကောင်ကို ထမင်းချိုင့်ပို့နိုင်းလိုက်ရမလား"

"ရတယ်။ ဒီနေ့ သမီးအိမ်မှာပဲပြန်စားလိုက်မယ်"

"အချိန်ရရဲ့လား"

"ရပါတယ်"

"အပြင်မှာ နှင်းတွေပိတ်နေအောင်ကျတယ်။ ဦးထုပ်ဆောင်းသွား။ ဘွတ်ဖိနပ်စီးသွား။ လက်အိတ်ရော စွပ်သွား"

"ဟုတ်"

သူမတစ်ခွန်းသာပြောကာ စားလက်စအစာကိုအဆုံးသတ်လိုက်ပြီး ရေနွေးနွေးနွေးကို တစ်ကျိုက်တည်းမော့ချပစ်လိုက်သည်နှင့် သူမရဲ့ နံနက်စာက ပြီးဆုံးသွားပါပြီ။

နာရီကိုကြည့်လိုက်တော့ နံနက်(၇)နာရီထိုးနေပြီမို့ အသေးတလျှင်



ပင် ထရပ်ကာ ဦးထုပ်ကိုဖြစ်သလိုဆောင်း။ လက်အိတ်ကိုစွပ်ပြီး ဘွတ်ဖိနပ်ကိုဖြစ်သလိုလျှိုကာ ပြေးထွက်ခဲ့လိုက်သည်။

အိမ်အောက်မှာအသင့်ထိုးဆိုက်ထားသော စက်ဘီးခဲပုပ်ရောင်လေးကိုတွန်းထုတ်ကာ တရကြမ်းနင်းထွက်မိတော့သည်။

နှင်းတွေက ပိန်းပိတ်အောင်ကျနေတာကြောင့် စက်ဘီးကိုတရကြမ်းနင်းနေသောသူမပုံလေးက နီယွန်မီးရောင်အောက်မှာ ဟိုမှဒီသို့ခုန်ကူးကာ ဆော့ကစားနေသောယုန်ဖြူလေးတစ်ကောင်နှယ်။

နာရီဝက်မျှအကြာမှာတော့ စက်ဘီးနောက်ကယ်ရိယာခုံနှင့် ရှေ့ စက်ဘီးခြင်းထဲမှာ ပန်းတွေအပုံလိုက်တင်ပြီး နီယွန်မီးရောင်မှုန်မှုန်အောက် ပေါ်လာပြန်သည်။

လူကျဲပါးစပြုနေပြီဖြစ်သော မိုးမလင်းဈေးတန်းလေးမှာ ထိုးရပ်လိုက်ပြီး ဟိုရှာဒီရှာနှင့်။ ပြီးနောက် သူမက အမျိုးသမီးတစ်ယောက်နှင့် စကားပြောနေကာ စက်ဘီးပေါ်မှပန်းများကို တစ်စီးချင်းစီချပြီး ခုံပေါ်တင်လိုက်သည်။ ပြီးနောက် ထိုအမျိုးသမီးကြီးလှမ်းပေးသောပိုက်ဆံတစ်ထပ်ကိုလှမ်းယူကာ ရေတွက်လိုက်သည်။

"ကျေးဇူးတင်ပါတယ်ရှင်"

"မင်းတို့ဘက်က အဲ့ဒီလိုမှန်မှန်ကန်ကန်ပဲ[illegible]ပေးရင်တော့ ငါ

www.burmeseclassic.com

www.burmeseclassic.com



နဲ့မင်းနဲ့က အမြဲတမ်းဖောက်သည်ဖြစ်နိုင်ပါတယ်"

"ဟုတ်ကဲ့ ကျွန်မတို့ကလည်း ခြံသမားဆိုတော့ အဲ့လိုအမြဲတမ်း ဖောက်သည်ကိုပဲ မျှော်တာပါ"

"ငါက မန္တလေးမြင်ဦးလွင်ဘက်က သေတ္တာနဲ့လာတဲ့ပန်းတွေကို ရောင်းကိုင်တာ။ ငါက အမြဲတမ်းရောင်းသူဆိုတော့ ဖောက်သည်က ရှိပြီးသား။ ပန်းတစ်ပုံနှစ်ပုံလောက်တော့ နာရီပိုင်းအတွင်းပြန်နိုင်တယ်"

"ကျွန်မတို့က မြစ်ကြီးနားထွက်ဘက်ဆိုတော့ ပိုပြီးလတ်ဆတ်တာပေါ့"

"ပန်းဆိုတာက ကိုင်တတ်ရင် အမြဲတမ်းလတ်ဆတ်ပါတယ်။ ဟိုမှဒီမှရယ်လို့မရှိပါဘူး။ ပန်းအလှကတော့ မြင်ဦးလွင်ဘက်ကလာတဲ့ ပန်းလောက် ဘယ်နယ်ကထွက်တဲ့ပန်းမှမမီဘူး"

"ဟုတ်မှာပေါ့၊ အဲ့ဒါက ပန်းမြို့တော်ပဲ။ ဒါပေမဲ့ ကျွန်မတို့ခြံထွက် ပန်းကလည်း အရည်မီပါတယ်။ ပန်းပွင့်ဖတ်တွေကအစ တစ်ညီတည်း။ အရွက်တွေကအစ ပိုးထိုးမရှိ။ ခြံထဲမှာဆို ညနေတိုင်း စည်ကားနေတာ။ ပန်းဝယ်လာသူတွေလေ။ ခြံထဲမှာက နှင်းဆီ၊ သစ်ခွ၊ ဂန္ဓမာအမျိုးစုံတော့ လာဝယ်ကြတယ်လေ။ တစ်နေ့တစ်နေ့ရောင်းရငွေက မနည်းဘူး"

"အဲ့ဒါဆိုလည်း ခြံထဲမှာပဲရောင်းလိုက်ပါလား။ ဒီလာပို့နေရတာ အချိန်ကုန်လို့"

"ခြံက မြေကောင်းတော့ ပန်းထွက်က သန့်တယ်လေ။ ခူးမနိုင် အောင်ဘဲ။ ဒါကြောင့် အပင်ပန်းခံလာပို့နေတာပေါ့။ ပြီးတော့ ကျွန်မတို့က ဝယ်သူတွေအပေါ် စေတနာထားပြီးသားပဲ။ ညသိပ်ရေထောင်ပန်းတို့၊ အတိုအရှည်မညီညာတဲ့ပန်းတို့၊ ပွင့်ဖတ်ကြား ပိုးဝင်တဲ့ပန်းတို့ကို ရိုက်စားလုပ်မရောင်းဘူးရှင့်။ ပေတ္တာဆိုတာ အပြန်အလှန်ပေါ့အစ်မ ရယ်။ သွားလိုက်ပါဦးမယ်ရှင်။ ကျေးဇူးအများကြီးတင်ပါတယ်"

ဟာခပ်ကော့ကော့လေးဆိုကာ မော့မော့လေးထွက်ခဲ့ပါတော့၏။ သူမအပေါ် နည်းနည်းလေးကျောတယ်ဟုထင်လျှင် အဲ့ဒီလိုလေးပြန်ချွပ်တတ်သည်က သူမရဲ့မွေးရာပါဗီဇတစ်ခုပါပဲ။

သူမရဲ့တွေ့လုံးပြောလုံးတွေကြောင့် မကျေမနပ်နှင့်အံကြိတ်ခံပြင်းနေသူက ဝယ်ယူသူအမျိုးသမီးကြီးပါပဲ။ ပုရစ်ဖူးဆိုတဲ့သူမက မဟုတ်မခံ ဆတ်ဆတ်ကျဲလေးတစ်ယောက်ပါ။

တခြားလူတစ်ယောက်က သူမအပေါ်ကိုယ်အမူအရာနှင့်စော်ကား မော်ကားလုပ်ဖို့မဆိုထားနှင့် နှုတ်အမူအရာ၊ မျက်လုံးအကြည့်ဆိုးများ တိုသာလျှင် သူမက ငြိမ်သက်ပြီး သည်းခံနေတတ်သူမဟုတ်။ သူမအပေါ် ကျောနေတယ်ဟုထင်လျှင် တခြားလူအပေါ် နှစ်ဆကျောပြတတ်သူတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ဖြစ်သလို သူမအပေါ်ကောင်းပေးလာသူများကိုလည်း တန်ပြန်၍ နှစ်ခကောင်းပေးတတ်သူလည်းဖြစ်သည်။

ဒါကြောင့် သူမရဲ့မောင်နှစ်ယောက်က သူမကို ဝေါက်ဝေါက်ဟု တစ်ခါတစ်ရံမှာ ချစ်စနိုးနှင့်ခေါ်လာတတ်ကြသည်။ သူမက မောင်နှမသုံး ယောက်ရှိသည့်အနက် အကြီးဆုံးဖြစ်သည်။

ခြံအလုပ်ကိုပဲ ရိုးသားစွာလုပ်တတ်တဲ့အဖေက သူမငယ်ငယ်လေး တည်းက ဆုံးသွားခဲ့သည်ဖြစ်၍ အမေကပဲ စက်ချုပ်၍ သူမတို့မောင်နှမ သုံးယောက်ကို လူတစ်လုံးသူတစ်လုံးဖြစ်အောင် ကျွေးမွေးလာခဲ့ရသည်။

အမေက တာဝန်ကျေသောမိခင်တစ်ယောက်ပါ။ အခုဆိုရင် သူမ က အဝေးသင်ကျောင်းသူဒုတိယနှစ်ဖြစ်ပြီး မောင်လေးဝဏ္ဏထူးက (၁၀) တန်း။ မောင်လေး ဝေဇထူးက (၈)တန်းပင်ရောက်နေခဲ့ပါပြီ။

မောင်လေးတွေက ဝတီတ်ကျောင်းသားတွေပဲရှိနေကြသေးတာမို့ တက္ကသိုလ်ကျောင်းသူဖြစ်တဲ့သူမက တစ်ဖက်တစ်လမ်းဝင်ငွေရှာ၍ အိမ် စရိတ်အတွက် အမေ့ကိုအတတ်နိုင်ဆုံးကူညီဖြစ်ပါသည်။

အဖေအလုပ်လုပ်ခဲ့သောခြံမှာပဲ သူမက ဆက်လုပ်ဖြစ်သည်။ မနက်ခင်းဘက်ဆို စောစောထပြီး ခြံထဲကပန်းတွေကိုသယ်ကာ ဈေးကို လိုက်ပို့သည်။ ညနေခင်းဘက်ဆို ပန်းတွေကိုပွေ့ကာ ကောက်သည်လိုက်



ပ်သည်။ နေ့ခင်းဘက်ဆို အထည်အရောင်းဆိုင်မှာ အရောင်းစာရေးမ။ တစ်နေ့တစ်နေ့ သူမအတွက်တော့ နားချိန်ဟူ၍သိပ်မရှိပါ။

သူမပင်ပန်းလှသော်လည်း ပင်ပန်းတယ်ဟူ၍ မသတ်မှတ်ခဲ့ပါ။ အဲ့ဒီကတော့ အမေ့ကြောင့်ပါပဲ။ သူမက ပင်ပန်းလိုက်တာဟု စိတ်ထဲမှာ တွေးမိတိုင်း မျက်နှာရိပ်ခပ်နွမ်းနွမ်းနှင့် အိမ်ထဲမှာ တကုပ်ကုပ်အလုပ်ရှုပ် နေခဲ့သောအမေ့ကိုမြင်ယောင်မိသည်။ သူမကတောင် ကူညီရုံလေးနှင့် အဲ့ဒီလောက်ထိ ပမ်းလျှနေရင် တာဝန်တိတိယူထားရတဲ့အမေက သိပ် ထပ်ပန်းခဲ့မှာပဲဆိုတာ တွေးမိသောကြောင့်ပင်။

ထိုသို့တွေးမိတိုင်း သူမရင်ထဲမှာ အားမာန်တို့က ပြည့်အိုင်လာရ သည်။ အဲ့ဒါကတော့ သူမဘဝဖြစ်တည်မှုက အမေ့အတွက် မောင်နှစ် ယောက်အတွက်ဟုဖြစ်လာသည်။

ဒါကြောင့် သူမဘဝက ခက်ခဲတယ်ဆိုပေမယ့် သမရိုးကျရိုးရိုးရှင်း ရှင်းလေးနှင့်ဘဝကို အားမာန်အပြည့်ဖြတ်သန်းလာခဲ့ရသူပါ။ ထိုသို့ ကြောင့် သူမစရိုက်ကိုအကဲဖြတ်ရလျှင် ရိုးသားပြီးကြိုးစားသူဖြစ်၍ မဟုတ် ခံ စွာလန်ကျဲလေးဟုဆိုရမည်ဖြစ်သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂ )

"အိုး. . . ချစ် friend လေး တိမ်ဝင်ချိုင်း"

နေကာမျက်မှန်အဝိုင်းကြီးကြီးကိုတပ်ထားသော ခပ်သန့်သန့်လူရွယ်လေးက ကုတ်အင်္ကျီအမြူရောင်ကို ဖယ်ကျကျဝတ်ထားသော ဆံပင်ရှည်ရှည်နှင့်လူရွယ်ကိုပွေ့ဖက်လိုက်သည်။

"မင်းပြန်လာတာကိုပျော်တယ် လက်ဘ်သိုင်း"

"ပျော်တယ်ဆိုတဲ့စကားကို မင်းမပြောတတ်တော့ဘူးလို့ထင်နေတာ"

"မင်းဘယ်လောက်ကြာကြာနေမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ပျော်ရင်တော့ တစ်သက်လုံးပေါ့။ မင်းကရော ဒီမှာဘယ်အချိန်ထိ ခေတ်မြှုပ်နေဦးမှာလဲ"

"ထာဝရ"

"ဒီစကားလုံးတော့ မပြောင်းလဲဘူး"

"ငါ့ဖားသားကြီးရော နေကောင်းရဲ့လား"

"ငါနဲ့တွေ့ခဲ့ရတဲ့နောက်ဆုံးချိန်ထိတော့ လန်းဆန်းလျက်ပဲ"

"စက်ီလေးတွေနဲ့ရော"

"ယောက်ျားပဲကွာ။ အချင်းချင်းတွေ နားလည်ပေးလိုက်စမ်းပါ"

"မင်းကရော မရပ်မနားချိတက်ဆဲပဲလား"

"မိန်းမဆိုတာ ယောက်ျားတွေအတွက် အပန်းဖြေရာလေ။ သူတို့အလှကို ငါတို့လိုယောက်ျားသားတွေကမှ မခံစားပေးရင် ဘယ်လိုလှပ်အဓိပ္ပာယ်ရှိတော့မှာတဲ့လဲ"

"ငါကလည်း ထုံးစံအတိုင်းပဲ။ မင်းမှန်တယ်လို့ပြောတယ်ကွာ"

"အဲ့ဒါတွေကြောင့် ငါက မင်းကိုမခွဲနိုင်မခွာရက် မြစ်ကြီးနားထိ လာနေရတာပေါ့။ ဒီဇင်ဘာနဲ့နီးလို့နဲ့တူတယ်၊ ချမ်းတယ်နော်"

"မနက်ကျရင် နှင်းတွေပိတ်နေပြီ"

"အဲ့ဒါဆိုရင် ငါတို့အပြေးပြိုင်ဖို့သင့်ပြီကွာ"



သူတို့နှစ်ယောက်က ငယ်ပေါင်းကြီးဖော်တွေမို့ ရင်းရင်းနှီးနှီးပင် တစ်ယောက်ပခုံးတစ်ယောက်ဖက်ကာ ပြောလာကြခြင်းဖြစ်သည်။

"မင်း ဆိုင်ကယ်နဲ့လာခဲ့တာလား"

"ဟင့်အင်း, ကားနဲ့၊ ဟိုမှာလေ"

ဟုဆိုကာ ပြိုင်ကားအဖြူလေးကို ထိုးပြလိုက်သည်။

"လန်းတယ်ကွာ၊ တကယ်ပဲ"

ချီးကျူးလိုက်သောလက်ာသိုင်းရဲ့အသံက ကျေကျေနပ်နပ်ကြီးပင်။

"မင်း ငါနဲ့နေမှာလား"

"ကြီးတော်ကြီး ဒေါ်ပွနေမှာပေါ့ကွ"

"ငါက အခုလည်းတစ်ယောက်တည်းပဲ"

ထိုအခါမှာတော့ လက်ာသိုင်းရဲ့အကြည့်တွေက တိမ်စင်ချိုင်းအပေါ် ရပ်မြဲရောက်ရှိသွားရသည်။ ဒါကို တိမ်စင်ချိုင်းက ထိုအကြည့်များကို သဘောပေါက်နေပါတယ်ဆိုသောအဓိပ္ပာယ်ရတဲ့ အပြုံးရေးရေးတစ်ခုနှင့် တုံ့ပြန်လိုက်သည်။

"မင်းကြီးတော်အိမ် နောက်မှသွားလေ။ အခုငါတို့သွားရအောင်"

"နီး. . . နီး, ဒီအစီအစဉ်ကိုလက်မခံဘူး"

"ဘာကြောင့်လဲ"

www.burmeseclassic.com

www.burmeseclassic.com

"အခုလောလောဆယ် ကြီးတော်အိမ်သတင်းပို့မယ်၊ ဒီညဒါ့မင်း နဲ့လိုက်အိပ်မယ်"

"ဒီလိုညည့်သည်မျိုး ငါလက်မခံဘူး"

"ခွေးကောင်"

ဟုဆိုကာ လက်သီးဆုပ်နှင့် တိမ်စင်ချိုင်းရဲ့လက်မောင်းကို ထိုး လိုက်သည်။ ခရီးဆောင်အိတ်ကို နောက်ခန်းထဲမှာသွင်းကာ. . .

"မယ်ဝတီလေးလားမှားမိတယ်။ မြင်သူတကာတိုင်းကွယ်၊ ရင်မှာ စွဲလွှန်းတယ်။ ကေသာလေးက ဝိတုန်းရောင်ခြယ် လှနိုင်လွန်းတယ်။ ကြင်သူလေးရယ်။ လန်းတယ်ကွာ။ မြစ်ကြီးနားသူလေးတွေက ကော့နေ တာပဲ"

ဟုလက်သိုင်းက ဘေးဘီဝဲယာမကြည့်ဘဲ ပြောလိုက်သည်တွင် တိမ် စင်ချိုင်းက ပါးခွက်လေးပေါ်အောင် ပြုံးလိုက်ပြီး. . .

"သီချင်းကို အမှားကြီးတွေနဲ့ ပေါက်ကရဆိုတတ်တဲ့အကျင့်က တော့ ငယ်ငယ်ကအတိုင်းပဲ"

ဟုပြောလိုက်သည်တွင် လက်သိုင်းမျက်နှာက ကြောင်တောင် တောင်နှင့် စပ်ဖြီးဖြီးလေးဖြစ်သွားရသည်။ လက်သိုင်းနဲ့ တိမ်စင်ချိုင်း ဆိုတဲ့သူငယ်ချင်းနှစ်ယောက်က စရိုက်ချင်းမတူညီကြပါဘဲ ထူးခြားစွာပင်



သံယောဇဉ်တွယ်ကြသူနှစ်ဦးပါ။

လက်သိုင်းက သိပ်ချမ်းသာကြသောမျိုးနွယ်မှ ပေါက်ဖွားလာ သော မျိုးဆက်ဆက်အမွေခံ တစ်ဦးတည်းသောသူဌေးသားလေးဖြစ်သလို အယ်အရာကိုမှ အလေးအနက်မရှိ ဘဝကိုပေါ့ပေါ့ပါးပါးနှင့်လွတ်လွတ် လပ်လပ်နေတတ်သူတစ်ဦးပါ။ အားလုံးသောဆွေမျိုးများက လက်သိုင်း ဆို မှုမှုမှတ်မှတ် အလိုလိုက်တတ်ကြသည်မို့ ဆိုးချင်သလိုဆိုး၊ နေချင် သလိုနေ၊ စိတ်ထင်ရာကိုခွတ်လုပ်တတ်တဲ့အကျင့်က လက်သိုင်းရဲ့အရိုး ထဲမှာ စွဲရစ်နေခဲ့ပါပြီ။

မိန်းမလှလေးတွေကို အစွဲအလမ်းမရှိ တစ်ယောက်ပြီးတစ်ယောက် အမျှင်းပြေတွဲနေတတ်သေးတာကလည်း လက်သိုင်းရဲ့ဂုဏ်ပုဒ်တစ်ခုဟု ဆိုလိုရပေသည်။ မိန်းမလှလေးများကလည်း သိပ်ချမ်းသာပြီး ခမတ်ကျ သောလက်သိုင်းဆို အရူးအမူးစွဲလမ်းကြတာကြောင့်လည်းဖြစ်ပေလိမ့် မည်။

ဒါကြောင့် လက်သိုင်းရဲ့နှလုံးသားထဲ စွဲမြဲနေအောင်မှတ်ထား သည်က သူလိုလူမျိုးကို ဘယ်မိန်းကလေးပဲဖြစ်ဖြစ် ကြွေကြမှာပဲဟုဖြစ် သည်။ ထို့ကြောင့် မိန်းကလေးတွေကို သူက သိပ်တန်ဖိုးမထားတတ်ဘဲ အမျှင်းပြေသက်သက်သာပဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဟန်တစ်မျိုးကလည်း သူ့ထံမှာ အမြင်ကပ်ဖွယ်ရှိနေပါသေးသည်။ သူက အရုပ်ရှည်တယ်။ ချောတယ်။ ပိုက်ဆံပေါတယ်ဆိုပြီး ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးသောဘဝင်မျိုးတစ်ခုပါပဲ။ ဒါကြောင့် လက်ဘသိုင်းက လူတွေကို လူတွေလို ယဉ်ကျေးပျူငှာစွာဆက်ဆံလေ့မရှိဘဲ အပေါ်စီးကနေသော ကျွန်နဲ့သခင်လို မောက်မောက်မာမာဆက်ဆံနေတတ်တာက အဆန်းတော့မဟုတ်တော့။ ယေယေ့တည်းက လက်ညှိုးညွှန်ရာ ရေဖြစ်စေခဲ့သည်ကိုး။

သို့သော် လက်ဘသိုင်းက တိမ်စင်ချိုင်းဆိုတဲ့ သူငယ်ချင်းတစ်ယောက်ကိုတော့ ဘဝမှာအလေးထားလွန်းသည်။ ဒါကြောင့်လည်း တိမ်စင်ချိုင်းရှိနေသော မြစ်ကြီးနားသို့ ခဏခဏ လာလည်တတ်သလို၊ တိမ်စင်ချိုင်းကိုလည်း သူနေသော ရန်ကုန်မြို့ပေါ်သို့ မကြာခဏအလည်ခေါ်သွားတတ်သည်။ ဘယ်သူတွေ ဘာပြောပြော၊ ဂရုမစိုက် အလေးမထားတတ်တဲ့ တိမ်စင်ချိုင်းကလည်း လက်ဘသိုင်းရဲ့ပြောစကားဆိုရင် နှစ်ခါပြင်းလိုက်တယ်ဆိုတာမရှိဘဲ အလွယ်တကူလက်ခံသွားတတ်သည်။

ဒါ သူတို့နှစ်ယောက်ကြားမှာ ဖော်ပြလို့မရတဲ့ သံယောဇဉ်တွေကြောင့်ပဲဖြစ်သည်။ တိမ်စင်ချိုင်းဆိုတဲ့လူငယ်ရဲ့စရိုက်ကတော့ လက်ဘသိုင်းလိုတော့မဟုတ်။ ဒါပေမဲ့လည်း နည်းနည်းအစွန်းရောက်သလို ထူးခြားသည်ဟုလည်း ဆိုရပေမည်။

တိမ်စင်ချိုင်းက ချမ်းသာသောမိသားစုမှ ပေါက်ဖွားလာသောလူတစ်ယောက်ဖြစ်ပေမယ့် လက်ဘသိုင်းလို နွေးထွေးမှုရှိသောအသိုင်းအဝိုင်းတစ်ခုမှာ မနေခဲ့ရပါ။ သက်မဲ့ပစ္စည်းများကိုသာ လိုတရခဲ့ပေမယ့် ချစ်ခြင်းမေတ္တာကို ငတ်မွတ်နေသောလူငယ်တစ်ယောက်ဟုဆိုရပေမည်။

ယေယေ့တည်းက မိခင်ဆုံးပါးသွားပြီး ဖခင်ရဲ့စွန့်ထားခြင်းကို မျိုးမဆန့်ခံခဲ့ရသူပါ။ ဒါကြောင့် သူ့ဘဝဟာ နားမလည်ခြင်းများစွာနှင့် ခြောက်သွေ့နေခဲ့ရပါသည်။ ထို့ကြောင့် တိမ်စင်ချိုင်းဟာ အရယ်အပြုံးနည်းပါးပြီး မနက်ဖြန် ကမ္ဘာပျက်မယ်ဆိုရင်တောင် ပစ္စုပ္ပန်နှင့်အနာဂတ်ကိုစိတ်မဝင်စားသူ၊ အေးစက်စက်လူသားတစ်ယောက်ပါပဲ။

တိမ်စင်ချိုင်းကလည်း လက်ဘသိုင်းလိုပဲ အရုပ်ရှည်သော၊ ချောသော၊ ချမ်းသာသောလူတစ်ယောက်ဖြစ်ပေမယ့်လည်း အရာအားလုံးကို အေးစက်စက်နိုင်လှတဲ့သူ့အမူအရာကြောင့် သူ့ကမ္ဘာဟာ စိုပြည်သာယာလှတယ်ဆိုတာ ဘယ်တုန်းကမှမရှိခဲ့ဖူးပါ။ ဒါကြောင့် အခုချိန်ထိ ရည်းစားတစ်ယောက်မှမရှိဖူးသူ၊ မိန်းကလေးများကို အရောတဝင် စကားမပြောဖူးသူ၊ နှလုံးသားကျောက်ရုပ်အဆင့်မှာသာရှိသေးသည့် ကြမ်းကြုတ်လူငယ်လေးပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



တိမ်စင်ချိုးက အနေအေးသူတစ်ယောက်မို့ ဒေါသဆိုတာကိုလည်း မသိသလို ပျော်ရွှင်မှုဆိုတာကိုလည်း စိတ်မဝင်စား။ လိုချင်တပ်မက်မှုဆိုတာလည်း ပြင်းပြွာဆန္ဒမရှိခဲ့ဖူးသူ။ အေးစက်စက်နှင့် ခံစားချက်မဲ့သောလူငယ်တစ်ယောက်ပါပဲ။

ထိုသို့မတူညီသောစရိုက်ကိုယ်စီနှင့်လူငယ်နှစ်ယောက်က သံယောဇဉ်နိုင်နိုင်မြဲမြဲနှင့် အချစ်ဆုံးလူနှစ်ဦးလို့ပြောရင် ရယ်စရာကြီးဖြစ်နေခဲ့ပေမယ့် အမှန်တကယ်ဖြစ်ရပ်တစ်ခုပါပဲ။

သူတို့နှစ်ယောက်လုံးက ကိုယ်စီချောကြသူများဖြစ်ပေမယ့် စရိုက်ချင်းမတူညီတာကြောင့် ပြင်ဆင်မှုအသွင်လက္ခဏာပါ ကွဲပြားကြသည်။ လက်ဘသိုင်းက ဆံပင်ခွေခွေထိုးထိုးတောင်တောင်များနှင့် ရှပ်ပွပွလေးကို တမင်တကာ ကပိုကရိုဖန်တီးထားပြီး နားပေါက်လေးဖောက်ကာ နားတောင်းအမျိုးမျိုး ပြောင်းပန်တတ်တာတို့၊ အင်္ကျီနှင့်ဘောင်းဘီတွေကို လူငယ်ဆန်ဆန် ကွက်တိကွက်ကြားနှင့် လူတွေကြားပေါ်လွင်အောင် မြူးတူးပြဲတဲကြီးဝတ်တတ်တာတို့၊ လက်စွပ်အကြီးကြီးတွေကို လက်ညှိုးမှာ တစ်မျိုးပြီးတစ်မျိုးမရိုးအောင်ဝတ်ဆင်တတ်တာတို့၊ လက်သည်းရောင်ကိုစတန့်ထွင်ကာ အမည်းရောင်ခြယ်တတ်တာတို့၊ ဘွတ်ဖိနပ်ကိုပါ သူများနှင့်မတူအောင် ကွက်တိကွက်ကြားမျိုးကိုသာရွေးပြီး စမတ်ကျကျဝတ်စားပြင်ဆင်တတ်တာတို့ အစရှိသဖြင့် လူတွေကြား အမြဲထူးခြားပေါ်လွင်နေတတ်သည်။

မည်သူ့ကိုမှအလေးအနက်မရှိဘဲ ပြောပြီးစကားများကို လွယ်လွယ်ဝင်မေ့သွားတတ်ခြင်းကလည်း လက်ဘသိုင်းရဲ့ဆိုးဝါးသောအကျင့်တစ်ခုပင်ဖြစ်ပြီး အဆိုးဆုံးအကျင့်တစ်ခုကတော့ ဆိုရိုးစကားတွေကို မှားပြီးသုံးနှုန်းတတ်တာတို့ သီချင်းတွေကို သံစဉ်မကျအမှားတွေဆိုတတ်တာတို့ပဲဖြစ်သည်။

တိမ်စင်ချိုးကတော့ ဒီလိုမဟုတ်၊ ဆံပင်ရှည်မျှောမျှောလေးများကို နီညိုရောင်ဆိုးထားသည်။ သူ့ရဲ့ခံယူချက်က သူ့ဘဝဟာ ဘယ်တော့မှ သဘာဝအတိုင်းမရှိတာမို့ ဆံပင်ကိုပါ အရောင်းဆိုးပစ်တာတဲ့။ သူကတော့ အဝတ်အစားများကို အဖြူရောင်၊ မိုးပြာရောင်၊ ပန်းရောင်၊ အဝါနုရောင်အစရှိသဖြင့် အရောင်နုများကိုသာ ဝတ်ဆင်တတ်ပြီး လူကြီးတစ်ယောက်လို ကုတ်အင်္ကျီကို အမျိုးမျိုးဝတ်ဆင်ပြီး စမတ်ကျကျ သေသေသပ်သပ်နေတတ်သူပါ။ ဖိနပ်ကိုလည်း အမြဲတစေ အနက်ရောင်တစ်မျိုးတည်းကိုသာ ပြောင်လက်အောင်တိုက်ချွတ်ပြီး ဝတ်ဆင်တတ်သေးတာကလည်း တိမ်စင်ချိုးရဲ့စတိုင်လ်ပါပဲ။

တိမ်စင်ချိုးက ဘဝတ ခုကို ရုတ်တရက်ကြားမှာသာ ကွယ်ဝှက်

www.burmeseclassic.com

www.burmeseclassic.com



ထားသူတစ်ယောက်ပါ။ အချိန်တိုင်းလိုလိုမှာ စက္ကူဖြူပေါ် ရုတ်တံနှင့် ရေးခြစ်နေမည် သို့မဟုတ် ကော်ဖီတစ်မျိုးကိုအရသာခံကာ အေးသွားသည့်ထိ ဖိမ်ယူပြီးသောက်နေမည်။ ပြီးလျှင် လေသာသောနေရာတစ်ခုမှာ လှဲအိပ်နေမည်။ ဒါက တိမ်စင်ချိုင်းဆိုသောလူငယ်တစ်ယောက်ရဲ့ဘဝပါပဲ။

ထိုသို့ ကိုယ်စီကွဲပြားခြားနားကြပါသော်လည်း တစ်ယောက်နှင့်တစ်ယောက်ဘဝနှစ်ခုကို တစ်ထပ်တည်းကျ ခံစားမှုလည်းနိုင်ကြသည်က ဘဝ၊ ဘဝတို့ရဲ့ရေစက်များကြောင့်ဟုဆိုရပေလိမ့်မည်။

မူကြိုကတည်းကစ၍ ယနေ့အချိန်ထိဆိုတော့ သံယောဇဉ်သက်တမ်းကလည်း နည်းခဲ့တော့သည်မဟုတ်။ ကျောင်းပြီးသွားမှ သူ့အမေ ခေါ်ချခဲ့သောမြစ်ကြီးနားကို အပြီးအပိုင်ရွှေ့သွားသော တိမ်စင်ချိုင်းကြောင့် လက်ဘသိုင်းက ခံစားခဲ့ရဖူးပါသည်။

သို့သော် အခုလိုပဲ တစ်ယောက်ထံတစ်ယောက် သွားရောက်လည်ပတ်နေကြသေးတာကြောင့် သံယောဇဉ်တို့က မပျက်တမ်း။ ဒီလောက်ထိ သံယောဇဉ်နိုင်မြဲကြပါသော်သူငယ်ချင်းနှစ်ယောက်နှင့်။

꧁ ꧁ ꧁

# အခန်း ( ၃ )

"ကျေးဇူးတင်ပါတယ်ရှင်။ နောက်လည်းအားပေးဦးနော်။ အထူးဈေးလျှော့ပေးမယ်"

"အပြောကတော့ တယောသံပဲ။ ငြိမ်းငြိမ်းညောင်းညောင်းကို လျှာခနဲ နားထဲစီးဝင်သွားတယ်။ မင်းတို့ဆိုင်ရှင်ကတော့ မင်းလိုအရောင်းဝန်ထမ်းတစ်ယောက်ရထားတာ ကောင်းတာပဲ"

"ကျေးဇူးတင်ပါတယ်"

ထွက်ခွာသွားသော အမျိုးသမီးနှစ်ယောက်ကိုကြည့်ပြီး သူမက အကြည့်ရှင်ခုံမြူးမိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပုရစ်ဖူး"

"ရှင်, ဒေါ်လေး"

ဆိုင်ရှင်အမျိုးသမီးက ဒေါ်လေးလို့ခေါ်တာကို မကြိုက်သော်လည်း ဒေါ်လေးအရွယ်မို့ ဒေါ်လေးဟု သူက ခေါ်ဖြစ်နေပါသည်။ သူများတကာ လို မှုယာဟန်ပန်များပြီး ဒီအရွယ်နဲ့ဒီအရွယ်ကို အတွန့်တက်ပြီး မမ လည်းမခေါ်ချင်ပါ။

"ဒီနေ့ တို့ဆိုင်စောစောသိမ်းရအောင်"

"ရှင်! "

သူမ အံ့ဩသွားရပါသည်။ အမြဲတမ်းအလုပ်ချိန်ကို တစ်မိနစ် တစ်စက္ကန့်လေးပဲဖြစ်ဖြစ် အပိုယူခဲ့တတ်သူမို့ပါ။ အခုတော့ သူမနား မယုံချင်တော့။

"ဒီနေ့ ငါတူရောက်မှာ။ အဲ့တော့ အိမ်စောစောပြန်မယ်"

ထိုအခါမှာတော့ သူမက သဘောပေါက်သွားရပါသည်။ ဆိုင်ရှင် ဒေါ်လေးက အမြဲအလေးအနက်ထား ပြောနေတတ်သည့် တစ်ဦးတည်း သောတူဆိုသူနေမှာပေါ့။ မနေ့ကပဲ ဖုန်းဆက်နေသံကြားလိုက်ပါရဲ့။

မအားမလပ်ဘဲ ဘယ်လောက်အလုပ်ရှုပ်နေပါစေ။ ထိုတူဆိုသူ ဖုန်း ဝင်လာရင် အရာအားလုံးကိုပစ်ထားပြီး တရေးတယူစကားရှည်ကြ တို့ နှုတ်ခွန်းခြွေနေတတ်သော ဆိုင်ရှင်ဒေါ်လေးကြောင့် ဒေါ်လေးအတွက် ထိုတူရဲ့အရေးပါမှုကို သူမခန့်မှန်းမိပါသည်။ ပြီးတော့ အနယ်နယ်အရပ် ရပ်မှာရှိနေကြသောအမျိုးတွေနှင့် ဖုန်းပြောဖြစ်ကြသည့်တွင် ထိုတူဆိုသူ အကြောင်းက မပါလျှင်မပြီး။ ဒါကြောင့် ထိုတူဆိုသူကြောင့် ဆိုင်စောစော သိမ်းမည်ကို သူမ,မအံ့ဩမိတော့။

ဒေါ်လေးက ကားအကောင်းစားကြီးပေါ်တက်ပြီး မောင်းထွက် သွားချိန်မှာ သူမက သူမစက်ဘီးခဲပုပ်ရောင်လေးကိုတွန်းထုတ်၍ လာခဲ့ ပါပြီ။ ညနေခင်းဘက်မို့ လမ်းမတစ်လျှောက် လူတွေက စည်ကားနေပါ သည်။ ဒီနေ့တော့ အလုပ်မှ တစ်နာရီလောက်စောပြန်ခဲ့ရတာမို့ သူမမှာ အချိန်တွေအများကြီးပဲ ပိုသွားခဲ့ပြီလိုလို။

ဒါကြောင့် သူမက လမ်းချိုးလေးတစ်ခုကိုချိုးဝင်ပြီး ဆီချက်ခေါက် ဆွဲဟုရေးထားသောဆိုင်တစ်ဆိုင်ထဲ ဝင်ခဲ့လိုက်သည်။

"ဘာစားမလဲအစ်မ၊ ထိုင်ပါ။ နေရာတွေအများကြီးရှိပါတယ်"

"မစားဘူးရှင့်၊ ထုပ်သွားမှာ"

"ရပါတယ်။ ထိုင်လေ အစ်မ။ အကြမ်းရေသောက်ပါဦး။ ဘာယ် ဆွဲထုပ်မလဲ"

"ကြက်ပေါင်းနဲ့ ဆီချက်ခေါက်ဆွဲနှစ်ပွဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရတယ်အစ်မ။ ခဏလေးစောင့်နော်"

"ဪ. . . မွဲသေးနော်"

"ကြက်ပေါင်းသေး နှစ်ပွဲဟော့, ပါဆယ်။ ခဏနော်အစ်မ"

စားပွဲထိုးက ပြောပြောဆိုဆိုနှင့် သွက်သွက်လက်လက်ပင် အခြား

သောစားသောက်သူများထံ ကူးသွားပြန်ပါသည်။ သိပ်မကြာခင်မှာ

သူမထံသို့ ကျွတ်ကျွတ်အိတ်နှင့်ထုပ်ထားသောအထုပ်နှစ်ထုပ်ကို လာပေ

သည်။ သူမက လှမ်းယူလိုက်ပြီး အိတ်ကပ်ထဲမှ ပိုက်ဆံ (၁၂၀၀)ကိုလှမ်း

ပေးလိုက်ပြီး. . .

"ကျေးဇူးပါပဲ"

"အချဉ်ရော ယူဦးမလားအစ်မ"

"ကောင်းတာပေါ့"

အလကားရတဲ့အချဉ်ထုပ်ကို တစ်ခါမှအလွတ်မပေးဖူးသောသူ

က အားရဝမ်းသာကြီးပင် ပြောပစ်လိုက်ပါသည်။ သူမ ခေါက်ဆွဲထုပ်များ

ကိုကိုင်ကာ ဆိုင်ပြင်ထွက်လာခိုက် သူမရှေ့မှကပ်၍ ဖြတ်မောင်းသွား

သောပြိုင်ကားဖြူဖြူလေးကြောင့် ကားမောင်းသူကို ဒေါသနဲ့ဖြစ်သွား

ပါသည်။

ထိုလူကို သူမအတွေးထဲ ကောင်းကောင်းမှတ်မိနေပါသည်။ ဘယ်

အရပ်၊ ဘယ်ဒေသမျိုးမှာပဲဖြစ်နေနေ၊ ဘယ်လိုပုံစံမျိုးပဲတွေ့လိုက်တွေ့

လိုက် ထိုလူပဲဆိုတာ ချက်ချင်းအတတ်ပြောဆိုနိုင်သော စွဲမြဲစွာသိနေတဲ့

မှတ်မိချင်းမျိုးပါ။

"တိမ်စင်ချိုင်း, သူပြန်ရောက်နေပြန်ပြီကော"

"နင်က အခုမှသိတယ်လား။ တစ်လလောက်တောင်ရှိသွားပြီ"

"ဟုတ်လား။ သူက အရမ်းသန့်တာနော်။ အသက်ကြီးလာလေ

ပိုဆွဲဆောင်မှုရှိလာလေပဲ"

"သူကားပေါ်မှာပါသွားတဲ့တစ်ယောက်ကလည်း သန့်တယ်နော်"

"သူက အရမ်းချမ်းသာတယ်ဆိုပဲ။ တိမ်စင်ချိုင်းရဲ့တစ်ဦးတည်း

သောသူငယ်ချင်းတဲ့"

"အေးနော်, တိမ်စင်ချိုင်း ဒီကိုပြန်လာခဲ့ရင် အဲ့တစ်ယောက်က

အမြဲလိုလိုပါလာတတ်တယ်။ ချောတယ်နော်။ စိတ်ကူးယဉ်ချင်စရာ ရုပါ

လေးပဲ"

"ငါကတော့ တိမ်စင်ချိုင်းမှတိမ်စင်ချိုင်းပဲ။ ငါသာ တိမ်စင်ချိုင်း

ရဲ့ချစ်သူလေးဖြစ်ရရင် ဘယ်လောက်ထိကောင်းမလဲ"

"ကောင်မတွေ ပိုးက ထလာပြီ။ ဟိုက ခွေးဆိုရင်တောင် အမ

အိုးစိတ်မဝင်စားတဲ့သူ"

www.burmeseclassic.com

www.burmeseclassic.com



"နင့်ရဲ့ပုံပမာကြီးကလည်းဟယ်၊ အသည်းကျိုးနှုန်းချင်စရာကြီး"

"တိမ်စင်ချိုင်းက ကျောက်ရုပ်ကြီးဆိုလည်း သူ့ဘေးနားက တစ်ယောက်ဆိုလည်း မဆိုးပါဘူး"

"မင်းတို့ လက်ာသိုင်းဆိုတာ မကြားဖူးဘူးလား"

"ငါ့အစ်ကိုတွေပြောတာတော့ ကြားဖူးပါတယ်။ ဆရာကြီးပဲဆိုလား ဘာလားပဲ။ ဘာဆရာကြီးလည်းတော့မသိပါဘူး။ ဒါနဲ့ တိမ်စင်ချိုင်းအကြောင်းပြောနေတာ ဘာလို့ ဒီနာမည်က ပါလာရတာလဲ"

"နင်တို့ သိပ်အပါလား။ တိမ်စင်ချိုင်းကိုတော့ ကျိတ်ကြွေနေပြီး သူ့ရဲ့ Best friend ကိုတော့မသိဘူး"

"ဘာလဲဟာ"

"တိမ်စင်ချိုင်းရဲ့ဘေးမှာက တစ်ယောက်လေ။ အဲ့ဒါ လက်ာသိုင်းပဲ"

"ဘာ! ဘယ်လို"

"အံ့သြစရာပဲနော်"

"ဒီ့ထက်ထူးဆန်းတာရှိသေးတယ်။ သူငယ်ချင်းတို့ မအံ့သြနဲ့"

"ဘာလဲ။ လက်ာသိုင်းဆိုတဲ့ ဘဲချောချောလေးရဲ့သမိုင်းလား

"ဟုတ်ပါ့နော်။ ငါတို့သိထားတာနဲ့ ဘာမှမဆိုင်ဘူး။ ကောင်မလေးတွေကိုသိပ်ချစ်တတ်တဲ့လက်ာသိုင်းနဲ့ တိမ်စင်ချိုင်း။ ဘာမှမတူဘူး"

"အဲ့ဒါ လက်ာသိုင်းရဲ့အရည်အချင်းပဲ"

"ဟုတ်တယ်။ ဒီမြို့ကြီးနားကိုလေ ခဏတဖြုတ်လေးရောက်တာတောင် သူက သတင်းကြီးနိုင်လွန်းတယ်"

"ကဲကဲ. . . မိန်းမတွေ သူများအတင်းတွေ ဖွတ်ပြောမနေနဲ့။ အစာလည်းစားဦး။ အေးကုန်ပြီ"

အနောက်နားဆီမှ တစ်ယောက်တစ်ပေါက်ပြောနေကြသော ထိုမိန်းကလေးတစ်စုရဲ့စကားသံတွေကို သူမက အကြောင်းမဲ့ရယ်၍ နားထောင်ဖြစ်နေပြန်ပါသည်။

ဒါကတော့ သူမသိပ်မှတ်မိနေသည်ဆိုသော တိမ်စင်ချိုင်းရဲ့ဘဝအကြောင်းတစ်စိတ်တစ်ဒေသက ပါဝင်နေခဲ့သည်ကို။ တိမ်စင်ချိုင်းကသူမကိုမသိပေမယ့် သူမက တိမ်စင်ချိုင်းကိုသိနေခဲ့ပါသည်။

မတွေ့တာကြာပြီမို့လားမသိ၊ တိမ်စင်ချိုင်းက ရုပ်အနည်းငယ်ပြောင်းသွားသလိုပင်။ သို့သော် ပိုပြီးခန့်သန့်လာသည်ဆိုတာတော့ ဝန်ခံပြောရပေမည်။

သို့ပါသော်လည်း အရယ်အပြုံးမရှိ၊ တင်းစိမ့်နေသောနှုတ်ခမ်း

www.burmeseclassic.com

www.burmeseclassic.com



နှစ်လွှာကတော့ ငယ်ငယ်တုန်းကအတိုင်းပင် ဘာမှမပြောင်းလဲခဲ့ပါ။ ငယ်ငယ်တုန်းက အဖေအလုပ်လုပ်သောပန်းခြံထဲမှာ အမှတ်မထင်တွေ့ခဲ့ရသော အင်္ကျီအဖြူရောင်လေးနှင့် တိမ်စင်ချိုင်းကို သူမမြင်ယောင်မိပါသေးသည်။

ထိုအချိန်တုန်းက တိမ်စင်ချိုင်းက သူ့မိခင်လက်ကိုကိုင်ကာ ပန်းခင်းကြား ဖြတ်လျှောက်လာပါသည်။ ထိုအချိန်က ထိုအမျိုးသမီးကို တိမ်စင်ချိုင်းရဲ့မိခင်ဟု သူမ မသိခဲ့တာအမှန်ပါပဲ။ အကယ်၍များ သိခဲ့ပါလျှင် ထိုအမျိုးသမီးရဲ့မျက်နှာကို အလွတ်ရလုနီးပါး ကြည့်ဖြစ်ခဲ့ဦးမှာ သေချာသည်။ အခုတော့ ငယ်ငယ်လေးနှင့်ပင် သိပ်ချောနိုင်လွန်းသော တိမ်စင်ချိုင်းကိုငေးမောရတာနှင့်ပင် ရှိလက်စမျက်လုံးနှစ်လုံးထက် အပိုလိုချင်မိပါသေးသည်။

ထိုအချိန်တုန်းက သူမက တိမ်စင်ချိုင်းကို အခုမှတွေ့ဖူးတာပါဆိုပေမယ့်လည်း ပန်းလက်ပေးဖြစ်ခဲ့ပါသည်။ တိမ်စင်ချိုင်းကလည်း ဘာမှမမေးပါဘဲ အလွယ်တကူယူထားခဲ့သည်။ သူမ ပျော်ရွှင်ခဲ့ရပါသည်။ သူ့နာမည် တိမ်စင်ချိုင်းဆိုတာကိုပါ သူမကိုပြောပြခဲ့သေးသည်။

သို့သော် နောက်နေ့မှာ တိမ်စင်ချိုင်းလာဦးမှာပဲဆိုပြီး မျှော်နေပေမယ့် စိတ်မကောင်းစရာသတင်းကပဲ လွယ်ကူလျှင်မြန်စွာ ပျံ့လွှင့်ခဲ့ပါသည်။

တိမ်စင်ချိုင်းရဲ့အမေက ဖုန်းပြောနေရင်း မေ့လဲသွားရာမှ သတိပြန်မလည်လာတော့ဘူးတဲ့။ သူမ တိမ်စင်ချိုင်းနဲ့ထပ်တူခံစားခဲ့ရပါ၏။ ငိုကြွေးနေသောတိမ်စင်ချိုင်းရဲ့ခပ်နွမ်းနွမ်းပုံက သူမနှလုံးသားထဲမှာ ပျောက်ဖျက်မရနိုင်အောင်ပင် စွဲထင်ရစ်နေခဲ့ပါသည်။

နှစ်တိုင်းနှစ်တိုင်း အခုလိုဆောင်းဦးရာသီလေးတွေမှာ သူမတို့အလုပ်လုပ်သောခြံမှာ နှစ်ပတ်လည်နေ့ရောက်တိုင်း နှင်းဆီပန်းတစ်စည်း ထပ်စည်းလာဝယ်နေကျဖြစ်သော တိမ်စင်ချိုင်းကို သူမအလုပ်လုပ်နေရင်းကြိုပင် ငေးမောနေရသည်က အလုပ်များသောသူမအတွက် အလုပ်ကြီးတစ်လုပ်ပင်ဖြစ်၍နေခဲ့ပါသည်။

သူမတွေးမိတွေးရာတွေးပြီး ရပ်နေမိခဲ့သည်မှာ အချိန်မည်မျှကြာသွားခဲ့သည်မသိ။ သူမသတိရသွားချိန်မှာတော့ လက်ထဲမှခေါက်ဆွဲထုပ်ထင် အေးစပြုလာပါပြီ။

"ဟာ! ခုကွပဲ"

အမြဲတမ်းအတွေးတစ်ခုတည်း နှစ်ဝင်နေမိရင် အရာအားလုံးကို မေ့သွားတတ်သည့်သူမရဲ့အကျင့်ဆိုးကြောင့်တော့ သူမအမြဲလိုလိုအခက်တွေ့ရပါသည်။ စက်ဘီးကိုသာ တရွေ့ရွေ့နင်းနေသည့်သူမက ပတ်ဝန်း

www.burmeseclassic.com

www.burmeseclassic.com



ကျင်သိုတာပင် မရှိတော့သလို။

"အား. . ."

လမ်းကွေ့တစ်ခုသို့အရောက်မှာတော့ ရုတ်တရက်ထွက်ပေါ်လာသောလူတစ်ဦးနှင့် ပက်ပင်းတိုးမိသွားသည်။ စက်ဘီးစီးကျွမ်းကျင်လှပါချည်ရဲ့ဆိုတဲ့သူမက အရှိန်ကိုဘယ်လိုမှမထိန်းချုပ်နိုင်တော့ပါဘဲ မျက်စိကိုသာစုံမှိတ်ပစ်လိုက်သည်။

ထိုလူကလည်း အော်သံစူးစူးကြောင့် ကြောက်အားလန့်အားနှင့် ခုန်ရှောင်ပစ်လိုက်သော်လည်း ခြေချောင်းလေးများကို ကြိတ်ဖြစ်အောင် ကြိတ်သွားသေးသော ထိုဘီးစုတ်ကြောင့်. . .

"အား. . ."

ခြေချောင်းများကိုဆုပ်ကိုင်ကာ လမ်းမပေါ် ငုတ်တုတ်ပင်ထိုင်ချမိလိုက်ပါသည်။

"ဆောရီး"

ထိုမိန်းကလေးက အသံကျယ်ကြီးနှင့် တောင်းပန်သွားပါသော်လည်း သူမကြောင့် နာကျင်သွားရသူကို လှည့်ပင်ကြည့်ဖော်မရ။ စက်ဘီးပိုင်ရှင်လေးကတော့ အရှိန်မသေ၊ မြန်မြဲမြန်ဆဲ။

"ဟေ့. . .ဟေ့, အား. . . နာလိုက်တာ"

ထိုမိန်းကလေးနောက်ကိုပဲ ပြေးလိုက်ပြီး စက်ဘီးကို ဆွဲလှဲပစ်ရကောင်းနိုး။ နာကျင်နေသောခြေထောက်ကိုပဲ ဦးဖူမန်းရကောင်းနိုးနှင့် ရောက်တတ်ရာရာ။

"တောက်!"

သူ ဒေါသအလိုက်လိုက် ထွက်သွားမိပါသည်။

"ဘာဖြစ်နေတာလဲ လက်သိုင်း"

"ဒေါသဖြစ်နေတာ မတွေ့ဘူးလား"

"ဒေါသဖြစ်တဲ့လူက လမ်းမကြီးပေါ် ခြေဆင်းထိုင်နေတော့ အံ့ဩစရာပဲ"

"ဒီမိန်းကလေးကိုနှစ်ချက်တိတိခွဲထိုးရမှ၊ ငါ့ဒေါသက ပြေနိုင်မယ်"

"မိန်းကလေး. . . ဟုတ်လား"

"မျက်မမြင်အကန်းမကြောင့် ငါ့ခြေထောက်နာသွားပြီ၊ ငါ လမ်းမလျှောက်နိုင်လောက်အောင်ထင်တယ်"

"တကယ်လား"

"ငါ့ရုပ်က လိမ်နေတဲ့ပုံပေါက်လို့လား"

"ငါပွေ့ခေါ်သွားမယ်လေ၊ ကားပေါ်ရောက်တဲ့ထိ"

www.burmeseclassic.com

www.burmeseclassic.com

"မင်းနိုင်ရင် ပွေ့လိုက်"

ထိုအခါမှာတော့ တိမ်စင်ချိုင်းဆိုသည့်လူငယ်က အတည့်ပေါက်ကြီးပင် အမှန်တကယ်ပွေ့ဟန်ပြင်လိုက်တော့. . .

"ဟော့ကောင်. . . ဟော့ကောင်"

"မင်းပဲ ပွေ့ဆို"

"အယုတ်တမာကောင်"

ပြောလည်းပြောကာ ငုတ်တုတ်ထိုင်နေရာမှ ထပစ်ခဲ့ပါတော့၏

"အဲ့ဒီပုံစံက မင်းနဲ့မလိုက်ဘူးလက်ဘသိုင်"

"အဲ့ဒါ သော့တစ်ချောင်းပဲ။ အဲ့လိုပုံစံမျိုးကို မိန်းကလေးတွေက သိပ်ကြိုက်တာကွ"

"မင်း ငါ့ကိုထပ်လိမ်ပြန်ပြီလက်ဘသိုင်း"

"မင်းက မယုံလို့လား"

"ယုတ္တိမှမရှိတာ"

"မင်းကို ငါသက်သေပြရမလား"

"သက်သေပြပြီးပြီလေ"

"ဘယ်တုန်းကလဲ။ ငါ ကောင်မလေးတွေနဲ့တွေ့တဲ့အချိန် မင်းက ရှိမနေတတ်ပါဘူး"



"စောစောကတည်းလေ။ မင်းဟန်ဆောင်နေတာကို ဟိုက ဂရုတောင်စိုက်မသွားဘူး။ လက်ပြပြီး ဆောရီးလို့အော်သွားတာ။ ငါတည့်တည့်ကြီးကြားလိုက်ပါတယ်"

"ဟား. . . သွားပါပြီ။ လက်ဘသိုင်းရဲ့သမိုင်းကတော့ အနက်ရောင်ပြောင်းပြီထင်ပါရဲ့။ ဒီမိန်းကလေး လုံးဝခွင့်မလွှတ်နိုင်ဘူး"

"မင်းက ဘာလုပ်မလို့လဲ"

"မိန်းကလေးတွေရဲ့ပျော့ကွက်ကို ငါသိပါတယ်။ အေးဆေးပါ"

"ဗိုက်တင်ချမလို့လား"

ဟုဆိုကာ လက်သီးနှစ်ဖက်ကိုဆုပ်ကာ လက်ဝှေ့ထိုးဟန်ပြလိုက်တော့ လက်ဘသိုင်းက လက်ညှိုးလေးထောင်ပြီး ဆရာကြီးဂိုက်ဖမ်းတာ. . .

"နိုး. . . နိုး. . . နိုး. နူးညံ့တဲ့မိန်းကလေးတွေကို ဒီလိုကြီးမလုပ်သင့်ဘူးလေ"

"ဒါဆိုရင်"

"ဟား. . . ဟား. . . လွယ်ပါတယ်။ သူတို့ကိုစူးစူးရဲရဲကြည့်ပြီး မျက်တရက် နှစ်ချက်တိတိဆွဲနှမ်းလိုက်။ မူးပြီးမျောသွားစေရမယ်။ အဲ့ဒါ အကောင်းဆုံးတိုက်ကွက်ပဲ"

www.burmeseclassic.com

www.burmeseclassic.com

"အဲ့ဒီမိန်းကလေးကို မင်းက အဲ့ဒီလိုလုပ်မလို့လား"

"သူက ငါ့အသားကိုနာကျင်စေတယ်ဆိုတော့ ဒီ့ထက်ဆိုးသွားနိုင်တယ်"

"သနားစရာကောင်းလိုက်တဲ့ လက်သိုင်းလေးရဲ့ယ်။ ဒီတစ်သက်တော့ မင်း အဲ့လိုအခွင့်အရေးလေး မရနိုင်တော့ဘူး"

"ဘာကြောင့် မရနိုင်ရမှာလဲ"

"အဲ့ဒီမိန်းကလေးက မျက်လုံးပြူးပြူးလား။ ရေရေလား။ အသားက ဖြူသလား။ ညိုသလား။ နှာခေါင်းကရော ပြားသလား။ ချွန်သလား။ ပြီးတော့. . ."

"တော်ပြီကွာ"

ထိုအခါမှာတော့ လက်သိုင်းက ကားပေါ်ရောက်ကာ ကားတံခါးကို ဂျိမ်းဆိုခေါင့်ပိတ်ပစ်လိုက်သည်။ တိမ်စင်ချိုင်းကတော့ အခြားတစ်ဖက်သို့ လှည့်ပြီးပြုံးဖြစ်တယ်ဆိုရုံမှုတစ်ပါး မျက်နှာတစ်ခုလုံး ပကတိအေးချမ်းငြိမ်းဝင်းလျက်။

ဆက်ရန် ဆက်ရန် ဆက်ရန်

## အခန်း ( ၄ )

"တီ!. . . တီ!"

ကားဟွန်းသံကြောင့် လေသာဆောင်ပေါ်မှာ ပန်းရိုးခွဲနေသော တိမ်စင်ချိုင်းက အာရုံနောက်သွားရသည်။

"တီ!. . . တီ!"

နောက်တစ်ချက်ထွက်ပေါ်လာပြန်တာကြောင့် သူကအောက်သို့ကြည့်လိုက်စဉ်မှာ သူ့ကိုလက်ယမ်းပြနေသော လက်သိုင်းကိုတွေ့လိုက်ရသည်။ အပေါ်တက်ခဲ့ဟုအဓိပ္ပာယ်ရသောပုံစံမျိုး၊ သူကလည်း လှမ်းပြလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျမှ လက်ဘသိုင်းက သူ့ကိုတစ်ချက်ပြုံးပြကာ အိမ်ထဲ ဝင်သွားသည်။ ထိုအခါမှာတော့ လက်ဘသိုင်းရဲ့အထာကို သူသိလိုက် သည်။ သူ. . .သူ့အဒေါ်ထံမှ လက်ဆောင်ရလိုက်သည့်ကားအသစ် ကိုမြင်စေချင်လို့ပဲဆိုတာကိုပေါ့။

ကားလေးက မော်ဒယ်လ်စိမ်းရောင်လေးမို့ တစ်မျိုးဆန်းနေတာ တော့ အမှန်ပါပဲ။ ထိုကားထက်ဆန်းတာက သူ့မျက်စိရှေ့မှာရပ်နေတဲ့ လက်ဘသိုင်းရဲ့ပုံစံပါပဲ။

သူက အံ့ဩနေပေမယ့်လည်း လက်ဘသိုင်းကတော့ သူ့ကိုပြုံး ပြုံးကြီးကြည့်နေပါသည်။ ထိုအပြုံးက ကိုယ့်ကိုယ်ကိုဂုဏ်ယူနေသည့် သဘောကိုဆောင်နေတာမို့ သူက ပိုအံ့ဩရခြင်းပါပဲ။

"ဘယ်လိုဖြစ်လာတာလဲ"

"ပန့်ခ်လုပ်လာတာလေ။ မတွေ့ဘူးလား"

ဟုဆိုကာ သူ့သောက်လက်စကော်ဖီခွက်ကိုပင် ခပ်တည်တည် နှင့်မော့ချလိုက်သေး။

"အေးစက်နေပြီ။ Ice လား။ Hot လား"

"မင်းက ဘယ်လိုထင်လို့လဲ"

"ပထမတော့ Hot ဖြစ်တယ်။ နောက်တော့ Ice ဖြစ်သွားတယ်"

"သိနေတာကို question လုပ်တာက မင်းအကျင့်ဖြစ်နေပြီ လက်ဘသိုင်း"

"ပျင်းစရာကောင်းလိုက်တာကွာ။ မင်းတို့မြစ်ကြီးနားကလည်း သွားစရာလာစရာကိုရှားပါးလွန်းတယ်။ ငါ့အသားကို လိမ်ကြည့်လိုက်၊ အပျင်းရည်တွေ စီးကျလာလိမ့်မယ်"

"မင်းပျော်မယ့်နေရာတစ်ခုတော့ရှိတယ်"

"ဘယ်မှာလဲ"

"စော်ပေါ်တဲ့နေရာကို။ ငါမပြောဘူးလို့ စိတ်ထဲမှာရည်မှန်းထား တယ်"

"ခွေးနာကျ။ မင်းလက်ထဲရောက်မှပဲ ငါက မီးတောက်လုံးလုံးဖြစ် သွားတော့တယ်"

ဆံပင်ပုံစံက ဒူးရင်းသီးဆူးချွန်များလို တစ်ခေါင်းလုံးအစုလိုက် အချွန်ထောင်ထောင်လေးနှင့် ဟိုတစ်ပုံဒီတစ်ပုံလုပ်ထားသော ခေါင်းဒီ မှာ ချိန်းကြိုးမျိုးစုံကို တစ်ပြုံကြီး မျိုးလို့များလားချိတ်တွယ်ထားသော အကျီကော်လံထူထူမှာလည်း ဘာတွေမှန်းမသိ လိုးလိုးလက်လက်အလှ ဆင်ထားသော၊ နားတောင်းကိုလည်း ပုံဆိုးပန်းဆိုးပုံများ ပန်ဆင်ထား သော လက်ဘသိုင်းကို တိမ်စင်ချိုင်က လက်ကာရှေ့ကာ မှိုတ်မသုန်

www.burmeseclassic.com

www.burmeseclassic.com

စိုက်ကြည့်လိုက်သည်။ ပြီးနောက် မျက်လုံးနှင့်မျက်ခုံးတို့မှာ ခြယ်ထား
သော အိုင်းရှဲဒိုးများကို လက်ညှိုးလေးနဲ့တို့ထိလိုက်ပြီး. . .

"အပေါ်စားထင်တယ်၊ ထိလိုက်တာနဲ့ လက်မှာမည်းပြီး ကပ်ပါ
လာပြီ"

"ဟော့ကောင်. . . ဟော့ကောင်"

"မှန်း၊ ဂျယ်တစ်ဘူးကုန်သွားပြီလား။ မင်းတော်တော်အချိန်ယူ
ခဲ့ရမယ်နော်"

"ဟော့ကောင် တိမ်စင်ချိုင်း"

"မင်း ပန့်ခ်အစစ်မဖြစ်သေးဘူး"

"ဘာလိုသေးလို့လဲ"

"လှရိုက်တုတ်နဲ့ လက်ပတ်ကြိုး။ ပြီးတော့ မင်းလက်သည်းတေ
အမည်းရောင်တွေက ကွာနေပြီကွ။ ထပ်မဆိုးခဲ့ဘူးထင်တယ်"

"အမှန်တော့ အဲ့ဒါတွေ ဝါမဆိုးတတ်ဘူး။ ဆိုင်မှာသွားဆိုးတာ"

"ရိုးသားလွန်းသွားပြန်ပြီ။ ပန့်ခ်တွေက အဲ့ဒီလောက်မရိုးရှင်း
ဘူးလေကွာ"

"ခွေးနာ၊ ငါ့ကိုလှောင်နေတယ်"

လက်ာသိုင်းရဲ့အပြောကြောင့် တစ်ယောက်ကိုတစ်ယောက်ကြည့်
ကာ ပြုံးမိသွားကြပြန်သည်။

"ရော့"

လက်ာသိုင်းက ရုတ်တရက်ဆိုသလို အင်္ကျီအိတ်ထောင်ထဲမှအချိ
ညီတစ်ဘူးကို တိမ်စင်ချိုင်းထံ လှမ်းပစ်လိုက်သည်။ ဒီလိုပုံစံမျိုးက
သူတို့နှစ်ယောက်ကြား အမြဲအချိတ်အဆက်ရှိခဲ့ကြသည်မို့ တိမ်စင်ချိုင်း
အသည်၊ လေထဲမှာဝဲပျံနေတဲ့အချိုရည်ဘူးကို သက်တောင့်သက်သာ
င် ဆွဲဖမ်းလိုက်ပြီး အဖုံးဖွင့်ကာ မော့ချလိုက်သည်။

"ဒါကို မင်းအိမ်ကယူလာတာလား"

"လမ်းက ဝယ်ခဲ့တာ"

"မင်းကို လူတွေစုပြုပြီး ကြည့်မနေကြဘူးလား"

"ဘာဖြစ်လို့လဲ"

"မင်း တကယ့်ပန့်ခ်ဖြစ်နေလို့လေ"

"အဲဒါ ဘာထူးဆန်းလို့လဲ"

"မင်းအတွက်ကတော့ မထူးဆန်းဘူး။ သူတို့မျက်စိထဲမှာတော့
ထူးဆန်းတဲ့သတ္တဝါပေါ့"

"ဟုတ်တယ်နော်။ ဒီကဝတ်ပုံစားပုံက တကယ့်အလန့်ကြီးဆို
ာ မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီရှိုးပွဲမှာ အဆိုတော်က ဘာဝတ်သွားသလဲဆိုတာပဲကြည့်ပြီး လိုက်တုကြတာ။ အကျင့်ဖြစ်နေပြီ"

"အဲတော့ ငါက ဘာဆန်းနေလို့လဲ"

"ဆန်းတာပေါ့။ ငါတို့မြန်မာပြည်က အဆိုတော်တွေထဲမှာ မင်းလို ပန့်ခ်အမှန်အကန်ကြီးမှမရှိတာ။ ဆိုနေတဲ့သံစဉ်က Rap။ ဝတ်ထားတာက Rocker တကယ်။ ပြောတာက ပန့်ခ်။ ဝတ်ထားပြင်ဆင်ထားတာက အော်တာ။ ဘာမှမဆိုင်ဘူး"

"ငါက မင်းကို စုတ်တံနဲ့ကော်ဖီကိုပဲ သိတယ်ထင်နေတာ"

"လက်ာသိုင်း, မင်း ငါ့ရဲ့မော်ဒယ်လ်လုပ်ပေးပါလား"

"ဘာလုပ်ဖို့လဲ, အရူးတော့မထနဲ့။ ကြောင်တောင်တောင်နဲ့"

"ဟ. . . အဲ့ဒါ စီးပွားရေးခွင်ပဲကွ။ အဲ့ဒီပန်းချီကားကိုသာ လေလံတင်လိုက်ရင်"

"သေချာတာကတော့ မင်းရှုံးဖို့ပဲ"

ဟု ပျစ်ပျစ်နစ်နစ်ပြောပစ်ပါတော့သည်။ ရှုံ့မဲ့မဲ့ဖြစ်သွားသော လက်ာသိုင်းရဲ့မျက်နှာကြောင့် တိမ်စင်ချိုင်းက တဟားဟားပင်အော်ရယ်နေရှာသည်။

"ရယ်မနေနဲ့။ ငါ မင်းဂ° အပြင်သွားဖို့လာခေ'"တာ"



"ဘယ်သွားမလို့လဲ"

"ငါ့အန်တီလေးက အိမ်မှာ ပြာယာခတ်နေတာနဲ့ ငါကြည့်မရလို့ ...ထ်ရှပ်ပြီး ထွက်လာတာ။ ရှင်းတဲ့နေရာပေါ့ကွာ"

"ရှင်းတဲ့နေရာ"

"ဘယ်မှသွားစရာမရှိလည်း မြစ်ကမ်းဘေး သွားထိုင်မယ်ကွာ"

"ငါမြင်နေတယ်။ ရေစီးကြောင်းအတိုင်း သပွတ်အူကြီး အတွေ...ိုက် မျှောလာဦးမှာ"

"ခွေးနာ, မင်း ငါ့ကိုနိပ်ကွပ်တာတွေများနေပြီ။ မြစမ်း! မင်း...အုံတွေ ရေခြစ်နေတာလဲ"

"ကြည့်မနေပါနဲ့။ မင်းက အနုပညာကိုမခံစားတတ်ပါဘူး"

"ဘာဖြစ်လို့ မခံစားတတ်ရမှာလဲ"

"အဲ့ဒါဆို မင်း ကာရန်မကျ စည်းချက်မညီနဲ့ အမှားကြီးတွေဆို...မဟုတ်ဘူး"

"ပြောချင်ရာပြော၊ မကြားလိုက်ဘူးဆဲ မှတ်လိုက်မယ်။ ဒါမှမဟုတ် ...တော့ ငါ့လက်နာတာပဲ အဖတ်တင်မယ်။ မင်းမျက်နှာက အ...ည်တူ ...ိုလေ။ ပြစမ်းပါ, မင်းပန်းချီ"

"ကြည့်မနေပါနဲ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com

"ပြစမ်းပါ"

သို့သော်လည်း ခွဲလက်စပန်းချီကားချပ်ကို တိမ်စင်ချိုင်းက ကိုယ် လုံးကြီးနှင့် မလုံ့တလုံကာကွယ်ထားခဲ့ပါသည်။ လက်ာသိုင်းကလည်း လုပ်ချင်ရာကိုလုပ်တတ်သူတစ်ယောက်ပီပီ၊ ပန်းချီကားချပ်ကိုကွယ်ထား သောလက်ာသိုင်းရဲ့ကိုယ်လုံးကြီးကို ဖရုမက တွန်းဖယ်ပစ်ပါတော့သည်။

"ဟား. . . ဟား. . . ဟား"

တိမ်စင်ချိုင်း ဘေးသို့ရောက်သွား၍ ပန်းချီကားကိုမြင်လိုက် သောလက်ာသိုင်းမှာ ခွေးလေးယားသီး ထိထားမိသူတစ်ယောက်လို တွန့်လိမ်ခေါက်ကွေးကာ အားပါးတရရယ်မောမိတော့၏။

"ဘာရယ်တာလဲ"

"ရယ်စရာကောင်းလို့ပေါ့ကွ။ မင်း တော်တော်ရယ်ရတဲ့ကောင် ပဲ. . . ဟား. . . ဟား"

"ဘာမှားလို့လဲ။ ငါ့ပန်းချီကားက ဘာမှားနေလို့လဲ"

"မှားတာကမှ အကြီးအကျယ်ပဲ။ ဘာတဲ့ ပန်းချီကားရဲ့နာမည်က ချော်လွှင့်တိမ်တိုက်တဲ့။ ခွဲထားတာက သစ်ပင်တစ်ပင်၊ ချောင်းလေး တစ်ခု၊ ခွေးလေးတစ်ကောင်၊ နွားရိုးခေါင်းပြတ်လေးတစ်ခု။ ဘာလဲ တိမ်စင်ချိုင်း, မင်းရူးနေပြီ"



"အဲဒါကြောင့် ပြောတာပေါ့။ မင်း အနုပညာကိုမခံစားတတ်ပါ ဘူးလို့"

"ပန်းချီဆိုတာက လွယ်လွယ်လေးပဲ။ ရေးချင်သလိုရေး၊ ခြစ်ချင် သလိုခြစ်၊ နာမည်ကိုခပ်ဆန်းဆန်းလေးပေးပြီး နာမည်ကြီးပန်းချီဆရာ ရဲ့ဆိုင်းထိုးလိုက်တာနဲ့. . . ပန်းချီချစ်သူတွေက ဘာလေးညာလေးနဲ့ ဒီဟိုသယ်အမျိုးမျိုးကောက်တော့တာပဲ။ ဒါကိုမဟုတ်ပါဘူးလို့ပြောရင် င်းလိမ်နေပြီ"

စွဲချက်တွေတင်ချင်သလိုတင်ပြီး ချောင်ပိတ်လိုက်သည်။ လက်ာ သိုင်းရဲ့စကားပရိယာယ်က လှလွန်းလှသည်။ မဟုတ်ပါဘူးဟုအမျိုးမျိုး ငြင်းနေရင်လည်း သူက လူလိမ်ဖြစ်တော့မည်။ ဟုတ်ပါတယ်လို့ ပြန်ရင်လည်းမဟုတ်။ ဒါဆိုရင် သူက ထိုစကားအတွက် ဘာပြန်ပြော ရမှာတဲ့လဲ။

မထတ်နိုင်တော့သည့်အဆုံး လက်သီးတစ်ချက်ကို လက်ာသိုင်း ရဲ့ဆံမောင်းပေါ် ခပ်နာနာလေးထိုးပစ်ရုံမှတစ်ပါး အခြားမရှိတော့။ လက်ာသိုင်းကတော့ သူ့စကားခွန်းအတွက် သဘောကျကြီးကျနေဟ ပြုံးနေလေရဲ့။

"ဒါဆို မင်းရဲ့ပန်နံ့ခ်စတိုင်လ်"

www.burmeseclassic.com

www.burmeseclassic.com

"ဟေ့ဟေ့, အုန်းနုဆင်နှင်း ခံစားမနေနဲ့။ အဲ့ဒီပြဿနာက ပြီးပြီ
ငါအံနိုင်နိုင်သွားပြီ"

"ဘာ! အုန်းနုဆင်နှင်း ဟုတ်လား။ မကြားဖူးပါဘူး။ အုန်းနုကျွဲခေါ်
ပဲ ကြားဖူးတာပါ"

"ဆင်ဖြစ်ဖြစ်၊ ကျွဲဖြစ်ဖြစ်၊ တိရစ္ဆာန်ချင်းအတူတူပဲ။ လာ, သွား
မယ်။ ရာသီဥတုသာယာနေတယ်။ အချိန်ကိုက်ပဲ"

"ဆင်းနှင့်, အကျီလဲမယ်။ ကားသော့သွားယူမယ်"

"အိုကေ (၅)မိနစ်စောင့်မယ်, သွားပြီ။ မင်းရဲ့ဆံပင်တွေ လော
ဝဲပျံ့နေ၊ ညင်သာစွာ နမ်းရှိုက်ခွင့်ရချင်သေး"

ကောင်းမြတ်ရဲ့သီချင်းကို မဟုတ်တာတွေကြီး အငြိမ်းခံ့ပြ
ဆိုသွားသောလက်ာသိုင်းကို သူတစ်ချက်တော့ ဟက်ခနဲရယ်မိလိုက်
သေးသည်။

❀❀ ❀❀ ❀❀

# အခန်း ( ၂ )

လက်ထဲမှပန်းတစ်ပွေ့က နွမ်းအိစပြုလာခဲ့ပါပြီ။ ဒီနေ့တော့ သူမ တော်တော်ကြီးအခက်တွေ့နေရပါသည်။ ခြံထဲမှာ ခူးရတော့မည့်ပန်းတွေက မြိုင်ဆိုင်နေသည်။ ပန်းကိုဖောက်သည်ဝယ်မည့်သူက ဘယ်လိုမှမရှိသေး။ သူမခေါင်းတွေပင် ပူထူချင်လာသည်။ ဒီပုံအတိုင်းဆိုရင် သူမ မနက်ဖြန်နံနက်ကို ဈေးမှာ ပန်းထွက်ရောင်းရတော့မည်ထင်ပါရဲ့။

ပန်းတွေကိုပြလိုက်လျှင်ပင် အဝယ်တော်တွေက အကြောင်းပြချက် အမျိုးမျိုးနှင့် ငြင်းလွှတ်နေကြသည်။ ပန်းရဲ့ပွင့်ဖတ်က ညှိုးတယ်ဆိုလား။ ပန်းအရွက်က ခြောက်တယ်ဆိုလား။ ဝတ်ဆံက အရောင်မှိန်တယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



လားနှင့် ဒီလောက်လှပနေတဲ့ပန်းပွင့်တွေကို မရမကအပြစ်ရှာသည့်လူတွေကို မုန်းမိလာသည်။

သို့သော် သူမနောက်ဆုံးသိလိုက်ရတာက ဈေးမှာပန်းတွေက ဖောချင်းတိုက် ပေါနေလို့ပါဆိုတာပါပဲ။ သူမစိတ်ထဲ ကြိုးဝါးထားမိပါသည်။ နောင်, ပန်းရှားတဲ့အချိန် သူမတို့ခြံထဲ အလုအယက်လာဝယ်ကြလို့ကတော့ ဈေးကိုမတန်ဆုဆေတင်ပစ်ဦးမယ်ဟုပဲဖြစ်သည်။

ဒါပေမဲ့ အခုလောလောဆယ် ခြေထောက်ညောင်းပြီး မောပန်းသွားရသူက သူမပါပဲ။ စိတ်ပျက်ပျက်နှင့် ပန်းတစ်ချေကြီးကို စက်ဘီးရှေ့ခြင်းထဲထည့်ကာ ဘီးလိမ့်ရာနင်းနေမိပါသည်။ မနက်ဖြန်မနက်ဈေးမှာ ပန်းရောင်းရမည့်အဖြစ်ကို စိတ်ပျက်မိတာအမှန်ပါပဲ။ အကယ်၍မရောင်းဖြန်လျှင်လည်း သူမအဖို့ နေ့တွက်မလိုက်လှ။ သူမတို့ရဲ့မိသားစုအခြေအနေက အလုပ်ကိုလစ်ဟင်းခံ၍မရပါ။

သူမစိတ်ပျက်ပျက်နှင့်ပင် စက်ဘီးကိုထိုးရပ်လိုက်ပြီး အုတ်တိုင်လေးပေါ် ထိုင်ချလိုက်သည်။ ထိုအချိန်မှာ ဗိုက်ထဲမှ ဂလုဂလူနှင့်မြည်ဟည်းလာတာကြောင့် ကျောပိုးအိတ်ထဲမှ ပေါင်မုန့်တစ်ထုပ်ကိုဖောက်ကာ သုံးလုံးခန့်နှင့်အပြီးစားလိုက်ပြီး ရေသန့်ဘူးထဲမှရေကိုမော့ချသည်။

က်ဆိုးချင်ဖြန်တော့ ရေသန့်ဘူးထဲမှရေက ပါးစပ်ထဲပြည့်အောင် မရောက်လိုက်နိုင်။

"ဟင်! ရေတောင်ကုန်သွားပြီပဲ။ ရေဆာတယ်ဆိုကာမှ အရေးထဲ"

ဟု ပါးစပ်မှလည်း ပွတ်တွတ်ပွတ်တွတ်ကလေးပြောကာ ခေါင်းကိုမောင်းကာင်နှင့်မျက်နှာချင်းဆိုင်မော့ကာ ဘူးထဲမှကပ်ကျန်နေသောရေမှုန်ရေမွှားလေးတွေကို ပါးစပ်ထဲရောက်အောင် ခါချလိုက်သည်။

နောက်ဆုံးမှာတော့ စိတ်တိုဖို့ပဲဖြစ်လာတော့သည်။ စိတ်တိုတိုရှိတာနှင့်ပင် ရေသန့်ဘူးခွံကို မြစ်ပြင်ကျယ်ကြီးထဲ အားကုန်ပစ်ပေါက်ပစ်လိုက်တော့သည်။

ထိုအချိန်မှာ ရုတ်တရက်ထွက်ပေါ်လာသောလူတစ်ယောက်. . .

"ဖြိုင်း"

"အား. . ."

"ဟိုက် ! မှားပြန်ပြီ၊ ပြဿနာပဲ"

ထိုလူမှာ တော်တော်နာသွား၍ထင်သည်။ နဖူးကြီးကိုသာ အုပ်ပြီး ငြိမ်သက်နေလိုက်၏။ သူမက ထိုင်နေရာမှ ဆတ်ခနဲထကာ ကျွပ်ချောင်းချောင်းလေးနှင့် စက်ဘီးဒေါက်ကိုဖြုတ်လိုက်ပြီး တစ်ဝွှန်းနင်းပြေးပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟော့. . . ဟော့"

ဒီတစ်ကြိမ်တော့ သူတွေဝေမနေတော့ပါဘဲနဲ့ နင်းပြေးသွားသော
စက်ဘီးခဲပုပ်ရောင်နောက် အားကုန်ပြေးလိုက်ပစ်တော့၏။ သူမ နော
ကိုလှည့်ကြည့်လိုက်တော့ လန့်သွားရသည်။ ဒါကြောင့်ပင် ခြေထော
တွေကို ဖိ၍ပင် အရှိန်ထည့်ပစ်သည်။

စက်ဘီးက ပိုမြန်သွား၍ သူကလည်း ပြေးနှုန်းကိုပိုမြှင့်ပစ်လို
သည်။ သူမ အနောက်သို့ပြန်လှည့်ကြည့်မိလိုက်ပြန်သည်။

"ဘုရားသခင်ကယ်ပါ၊ ဒီလူ မမောသေးဘူးလား။ ရတယ်အ
သူပဲလိုက်နိုင်မလား၊ ငါကပဲ ပြေးနိုင်မလား။ ပုရစ်ဖူးတဲ့ကွ"

သူမကလည်း အားနှင့်မာန်နှင့်အားကုန်နင်းနေပါ၏။ သို့သေ
လမ်းချိုးတစ်ကွေ့သို့အရောက်မှာတော့ သူမရှေ့ ခပ်လှမ်းလှမ်းမှပြ
ပြေးလာသောကလေးငယ်ကြောင့်. . .

"ဟော့. . .ဟိတ်. . .အား. . ."

အရှိန်ကိုလည်း မထိန်းနိုင်၊ ကလေးကိုလည်း တည့်တည့်ကြ
တိုက်ပစ်နိုင်သည်မို့ စက်ဘီးလက်ကိုင်ကိုလှည့်ချကာ မြောင်းကြ
တိုးဝင်ပစ်တော့သည်။ စက်ဘီးက မြောင်းရဲ့ဘယ်ဘက်ကိုကျသွားပြ
သူမက မြောင်းရဲ့ညာဘက်သို့ အပုံလိုက်လေးပြုတ်ကျသွားသည်။



ရှုတ်တရက်ဆိုသလို ဒူးတစ်ဖက်က ပူခနဲဖြစ်သွားပြီး တံတောင်ဆစ်က ကွဲရှသွားရသည်။ Accident ကြောင့် နာကျင်လွန်း၍ မြေကြီးပေါ်မှ မထနိုင်ဖြစ်နေသော သူမက အင်္ကျီကုတ်စကို အနောက်ဘက်မှ အဆွဲခံလိုက်ရပါသည်။

"အား. . ."

လည်ပင်းအစ်သွား၍ ဒုတိယအကြိမ်ပြန်အော်လိုက်မိသည်။

"ဖြည်းဖြည်းထူပါ။ ခြေထောက်နာနေတယ်"

"မင်းကို ငါက ကူညီနေတယ်များ ထင်နေသလား"

"ရှင်! "

ထိုအခါကျမှ သူမက အခြေအနေကိုရိပ်စားမိပြီး အနောက်သို့လှည့်ကြည့်မိလိုက်သည်။ သူမမျက်လုံးကြီး ပြူးသွားရသည်။

"ဒီမှာတွေ့လား ငါ့နဖူး။ မင်းကြောင့် အဖုထွက်သွားပြီ"

ဟုဆိုကာ သူ့နဖူးကိုလက်ညှိုးထိုးပြလာသည်။ သူမကြောင့်ဆိုတာ မှန်နေတာမို့ ဘာပြန်ပြောရမှန်းမသိဖြစ်သွားရသည်။ သို့သော် သူမက နဂိုထဲက စွာလန်ကျဲလေးမို့. . .

"ဒီမှာတွေ့လား။ ကျွန်မက ရှင့်ထက်ပိုနာသွားတာ"

ဟုဆိုကာ အားကျမခံနှင့် ကွဲသွားသောတံတောင်ဆစ်ကို အင်္ကျီ

www.burmeseclassic.com

www.burmeseclassic.com

လက်ပင့်က ပြောလိုက်သည်။

"အဲ့ဒါ ငါနဲ့မဆိုင်ဘူး"

"ဘာကြောင့် မဆိုင်ရမှာလဲ။ ရှင်သာ ကျွန်မနောက် အခုလိုမြေး မလိုက်ခဲ့ဘူးဆိုရင် ကျွန်မလည်း အခုလိုဖြစ်စရာအကြောင်းမရှိဘူး"

"မင်းက ပြောတာကို ငါလည်းလိုက်မှာပေါ့ကွ"

"ရှင်က ကျွန်မကိုကြိုက်လို့လား"

"ဟေ့ဟေ့. . . မင်းစကားပြောတာ ကြည့်ပြော"

"သိဘူးလေ၊ မိန်းကလေးတစ်ယောက်နောက်ကို ယောကျ်ားတစ်ယောက်က သဲသဲမဲမဲလိုက်နေတယ်ဆိုတော့ တွေးစရာဖြစ်သွားတာပေါ့"

"မင်းကို ငါစိတ်တိုလာပြီနော်"

"အဲ့ဒါ ကျွန်မနဲ့မဆိုင်ဘူး"

"ဘာဖြစ်လို့မဆိုင်ရမှာလဲ။ မင်းကြောင့် ငါ့အသားနာတာ နှစ်ခါ ရှိပြီ။ မင်း ငါ့ကိုလျော်ကြေးပေး"

"ရှင်က အဲ့လိုပဲလုပ်စားနေကျလား"

"ဘာလဲ၊ မင်းစကားက စော်ကားလှချည်လား"

"ထားလိုက်ပါတော့။ ရှင့်အသားနာလို့ လျော်ကြေးပေးရမယ်ဆို နှစ်ခါရှိပြီဆိုတော့ တစ်ခါက ဘယ်တုန်းက ထပ်တိုးသွားတာလဲ"



"မင်း ဦးနှောက်မကောင်းဘူးထင်တယ်"

"ရှင် မသိသေးလို့ ကျွန်မက အတန်းထဲမှာ အဆင့်တစ်ချည်းပဲ ရတာ"

ရတော့ရခဲ့အချိန်လေးမှာတောင် ကပ်ကြွားနေသောသူမကို သူ ညည်းနေည်းတော့ မြင်ပြင်းကပ်သွားသည်။

"အဲ့ဒီ စက်ဘီးခဲပုပ်ရောင်ကို ငါ ကောင်းကောင်းမှတ်မိတယ်။ နေ့ညနေက မင်းငါ့ခြေထောက်ကို တက်ကြိတ်သွားတယ်လေ။ ဆေး ခန်းပြလိုက်ရတာ။ သုံးထောင်ကုန်သွားတယ်"

ထိုအခါကျတော့ သူမမျက်လုံးက ပိုပြူးကျယ်သွားရသည်။ သုံး ထောင်ဆိုသောငွေကြောင့် နာကျင်နေသောဒဏ်ရာတွေကိုပင် မေ့လျော့ သွားရသည်။

"ဘာ! သုံးထောင်"

"ဟုတ်တယ်။ အဲ့ဒါ မင်းငါ့ကိုပြန်လျော်"

သူမဦးနှောက်ထဲ အကြံပိုက်သွားရသည်။ တိုက်တိုက်ဆိုင်ဆိုင် နေ့ကလူနှင့်ဒီနေ့လူ တစ်ယောက်တည်းဖြစ်နေရတယ်လို့။ ပိုဆိုး တာက သူမကိုကောင်းကောင်းမှတ်မိနေခြင်းပါပဲ။

မှန်နေရင်တော့ ခေါင်း ဒြိုး နာခံတတ်သောကျင့်လှလှလေး

www.burmeseclassic.com

www.burmeseclassic.com



လည်း သူမမှာရှိနှင့်ပြီးတာမို့ သူမဘာပြန်ပြောရမှန်းပင်မသိတတ်တော့။

သေချာတာကတော့ သူမအိတ်ထဲ ပိုက်ဆံနှစ်ထောင်ထက်အပြင် ပိုမပါ တာပါပဲ။

"မနေ့က သုံးထောင်၊ အခုက ငါးနှုန်းယောင်သွားတယ်။ အနည်း ဆုံး တစ်ထောင့်ငါးရာလောက်တော့ကျမယ်။ ဇုဇုပေါင်း လေးထောင့်ငါး ရာ။ ပေး. . . အခု"

"ဟိုလေ. . . ဟို. . . အဲ့ အံမယ်. . . ရှင်က ကျွန်မကို အဲ့လို စွပ်စွဲနေရအောင် ကျွန်မဆိုတာ ရှင်ဘာယ်လိုပြောနိုင်လို့လဲ"

"ငါ့ဦးနှောက်က လတ်လတ်ဆတ်ဆတ်ကြီး လှည့်ပတ်နေတုန်း ရှိသေးတယ်။ အဲ့ဒီဘွတ်ဖိနပ်အနီရောင်ကိုရော၊ ဒီဆံပင်တိုနှောင့်နှောင့် ကိုရော၊ ဒီအကျီအနွေးထည်အဖြူရောင်ကိုရော၊ ဒီစက်ဘီးခဲပုပ်ရောင် ကိုရော ကောင်းကောင်းသိတယ်။ ဖြစ်ချင်တော့ မနေ့ကအကျီကို မင်း က ပြန်ဝတ်မိတာကိုး။ ကြာတယ်ကြာတယ်ကွာ။ ပေးလျော်ကြေး"

ထိုအခါမှာတော့ သူမက ဘာပြန်ပြောရမှန်းပင်မသိနိုင်တော့။

"ခဏလေးနော်၊ ကျွန်မ စက်ဘီးသွားထောင်လိုက်ဦးမယ်"

"ဒီတစ်ခါပြေးရင်တော့ မင်းမလွယ်ဘူးမှတ်"

"ဘယ်သူက ပြေးမယ်ပြောလို့လဲ"



ဟုပင်ခပ်တည်တည်နှင့် အော်ပစ်ပါသေး၏။ အမှန်တော့ သူမ ... တမင်တကာ စဉ်းစားဖို့အချိန်ဆွဲလိုက်ခြင်းဖြစ်သည်။ သူမက လဲ... ...သောစက်ဘီးကို ကောက်ထောင်ကာ၊ လွင့်ကျသွားသောပန်းတစ်ပွေ့ ...ို လိုက်ကောက်လိုက်သည်။

ထိုအခါမှာတော့ သူမက တစ်ခုခုကိုအကြံရသွားပုံမျိုးနှင့် သူ့ထံ ...လျှောက်လာကာ သူ့ကိုအတတ်နိုင်ဆုံးပြုံးပြလိုက်သည်။ ရုတ်တရက် ...ပြောင်းလဲသွားသောမျက်နှာလေးကြောင့် သူအံ့သြသွားမိပါသည်။

"ရော့"

ဟုဆိုကာ ကိုင်ထားသောပန်းတစ်ပွေ့ကို သူ့ထံလှမ်းပေးလိုက် ...သည်။ ထူးဆန်းတဲ့အပြုအမူကြောင့် သူက မှင်တက်မိနေစဉ်. . .

"ယူလေ"

ဟုဆိုကာ သူ့လက်ထဲ အတင်းတွန်းထည့်လိုက်သည်။

"ကျွန်မက ပန်းရောင်းတယ်။ အခုလောလောဆယ် ကျွန်မမှာ ...ည်ဆိုလျှော်စရာပိုက်ဆံပါမလာသေးဘူး။ အဲ့တော့ ရှင့်ဆီမှာ ဒီပန်းတွေ ...ို လေးထောင့်ငါးရာနဲ့အပေါင်ထားခဲ့မယ်။ နောက် ရှင်နဲ့ပြန်တွေ့တော့ ... ပြန်ရွေးမယ်နော်"

ဟု ပြုံးပြုံးရွှင်ရွှင်လေး ပြောကာ လှစ်ခနဲ ...က်သွားမြန်သည်၊

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှာတော့ သူက ပန်းတစ်ပွေ့ကြီးနှင့် မှင်တက်မိနေ၍ သူမနောက် ပြေးမလိုက်နိုင်တော့ပါ။ ဒီလိုဖြစ်ရပ်မျိုးကို ကြားလည်း မကြားဖူး။ ကြုံလည်း မကြုံခဲ့ဖူးတာမို့ သူတွေဝေကြောင်နသွားခြင်းပါ။

"ဘာလဲ၊ ရူတင်ဆင်းနေတာလား"

ဟုဆိုကာ သိပ်ရင်းနှီးသောအသံတစ်ခုက နောက်နားလေးဆီမှထွက်ပေါ်လာသည်။ မှန်ပါသည်။ သူ့ရဲ့အချစ်တော်ကြီး တိမ်စင်ချိုင်းပါပဲ။

"ကောင်မလေးက ပန်းတစ်ပွေ့ပေးပြီး ထွက်ပြေးသွားလို့ ဟတ်ထိသွားတဲ့ မင်းသားတစ်ယောက်ရဲ့ဇာတ်ဝင်ခန်းပေါ့"

"သေလိုက် တိမ်စင်ချိုင်း။ သွားသေလိုက်"

"အမှန်တကယ်သေသင့်တာ မင်း. . . လက်ဘသိုင်း။ ပန်းကို အရပါင်ခံတာ တစ်လောကလုံးမှာ မင်းတစ်ယောက်တည်းရှိမယ်"

"တော်တော်လည်တယ်။ ဒီတစ်ခါတော့ မိုကေက ကတုံးရိုက်ခံလိုက်ရပြီ"

"ကတုံးပေါ် ထိပ်ကွက်ပဲကြားဖူးပါတယ်"

"ဒီအစားပွဲက ပျော်စရာကောင်းတယ်၊ မဆိုးဘူး။ ဒီကောင်လေး ဘိုတော့ ငါ့အကြောင်းရိုက်လို့မရတာ သေချာတယ်"



"ပန်းလေးက မွှေးမယ့်ပုံပဲ။ ငါ့ကိုတစ်ပွင့်လောက်ပေးပါလား"

တိမ်စင်ချိုင်းက ခနဲ့သလိုဖြင့် ခပ်လျောင်လျောင်ပြောလိုက်သည်တွင်. . .

"နဖူးကို ရေသန့်ဘူးနဲ့ အပေါက်ခံနိုင်ရင်၊ မင်းခြေထောက်ကို ထုတ်သေးသေးနဲ့အရိုက်ခံနိုင်ရင်. . . ရတယ်"

"ဟား. . . ဟား. . . ဟား"

လက်ဘသိုင်း၏ မရိုးတင်ကဲအသံကြောင့် တိမ်စင်ချိုင်းက အားပါးတရရယ်မိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၆ )

ပန်းကြီးတစ်ပွေ့တစ်ပိုက်နှင့် အိမ်ထဲဝင်လာတော့ သိပ်စကားများတဲ့အန်တီလေးက. . .

"ပန်းတွေက ဘယ်ကဝယ်လာတာလဲ။ အတော်ပဲ, ဘုရားအိုးညှိုးနေတာနဲ့"

ဟုဆိုကာ သူ့ဆေးနှင့်ကိုပင်မမေးတော့ဘဲ သူ့လက်ထဲမှပန်းကို လှမ်းယူလိုက်သည်။

"ပန်းဝယ်ရင်လည်း ကြည့်ဝယ်ပေါ့ငါ့တူရယ်။ ပန်းက နည်းနည်းဟောင်း ညှိုးနေပြီ။ ပန်းသည်က မင်းကိုရိုက်စားလုပ်လိုက်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှာတော့ အမှန်တကယ်ပဲ အပတ်ခံခဲ့ရသောသူက စိတ်ပို သွားရပါသည်။ ဒါကြောင့် အနံတီလေးလက်ထဲမှပန်းကို ကပျာကယာကြီး ဆွဲလုလိုက်ပြီး. . .

"ဘယ်သူက ဝယ်လာတယ်ပြောလို့လဲ"

"ဟင်! ဝယ်လာတာမဟုတ်ဘူးလား။ ဒါဆိုလက်ဆောင်ရလာတာ လား"

ထိုအခါမှာတော့ သူက ဘာပြန်ဖြေရမှန်းမသိဖြစ်သွားရသည် သို့သော် မှင်သေသေပင်. . .

"ဟုတ်တယ်"

"လက်ဆောင်ပေးတဲ့လူက နည်းနည်းဂေါက်မယ်ထင်တယ် ဘုရားပန်းလဲတဲ့ဂန္ဓမာပန်းကြီးကို"

ထိုအခါမှာတော့ သူကမဆိုင်းမတွပင်. . .

"ဟုတ်တယ်, သူက နည်းနည်းဂေါက်နေတယ်။ ဦးနှောက်လည်း မကောင်းဘူး"

သူက ကျေကျေနပ်နပ်ကြီးပင် ပြုံးဖြီးဖြီးနှင့် ပြောလိုက်ခြင်းဖြစ် သည်။

"ဒီတူလေး,ဒေါ်နှစ်ယေ က် ဘာတွေပြောပြီး ပြုံးနေကြတာလဲ အသံပေး၍ ရေကာားအတိုင်းဆင်းလာသော ကြီးတော်ကို သူ က မော့ကြည့်လိုက်သည်။

"ဒီမှာ မမရေ။ မမရဲ့တူက ထူးထူးဆန်းဆန်း ပန်းတွေဝယ်လာ လို့"

"ဟုတ်လား, ငါ့တူက ဒါမျိုးကတော့ နူးညံ့တတ်သားပဲ"

"ဟာ. . . မဟုတ်ဘူး"

ထင်ချင်ရာထင် ပြောချင်ရာပြောနေကြသော ဒီအဒေါ်နှစ်ယောက် ကို သူစိတ်ပျက်လာသည်။

သူက ချောလဲရောထိုင်မနေတတ်သူမို့ အတင်းဖွတ်ပင်. . .

"ဒါ သားဝယ်ခဲ့တာမဟုတ်ဘူး။ ဘုရားအိုးထိုးဖို့လည်း မဟုတ် ဘူး"

"ဟင်! ဒါဆို ဘာဖြစ်လို့လဲ"

"အေးပေါ့။ ကောင်မလေးတွေ လက်ဆောင်ပေးတာပါဆိုရအောင် လည်း ဂန္ဓမာပန်းကြီး။ ပြီးတော့ အလှလည်းမဆင်ထားဘူး"

"ဟား. . . ဟား. . . ဒီတစ်ကြိမ်တော့ အနံတီလေးရေ ကြီး တော်ပါ ညံ့သွားပြီ"

"မှန်မှန်ပြောစမ်း ကောင်လေး"

www.burmeseclassic.com

www.burmeseclassic.com

"ဟဲဟဲ. . . ကောင်မလေးတစ်ယောက်ဆီက အကြွေးသိမ်းလာတာ"

"ပုဒ္ဓေါ!"

"အိမ်မှာခိုင်းတဲ့လူ တစ်ယောက်မှမရှိကြဘူးလား"

"ဘာလိုချင်လို့လဲ အစ်ကိုလေး"

အိမ်ရှိလူများအားလုံး သူ့ကိုအရိပ်တကြည့်ကြည့်ရှိနေကြတာမို့ သူတို့တိုးလေးညည်းတွားလိုက်တာနှင့်ပင် လူက အဆင်သင့်ရှေ့မှောက်သို့ရောက်လာခဲ့သည်။

"ရော့. . . ယူသွား။ ဒီပန်းတွေကို ငါ့အခန်းထဲမှာ အလှဆုံးဖြစ်အောင် ဆင်ယင်ထားလိုက်"

"ရှင်!"

သူစေခိုင်းလိုက်သောမိန်းကလေးအပါအဝင် အဒေါ်နှစ်ယောက်ကပါ အံ့ဩသွားရပါသည်။ သို့သော် သူ့ပုံစံကတော့ ပေါ့ပေါ့ပါးပါးပင် အနည်းငယ်ပျော်ရွှင်နေသယောင်။

"သားအခန်းထဲမှာ ပန်းအလှဆင်ချင်ရင် ကြီး လုပ်ပေးမှာပေါ့။ ဒီဂန္ဓမာပန်းတွေက မလှပါဘူး။ ကြီး နှင်းဆီပန်းနဲ့လုပ်ပေးမယ်၊ ဟုတ်လား"



"မလိုချင်ဘူး"

"နှင်းဆီပန်းမှ ပိုလှမှာပေါ့ ငါ့တူရယ်။ အနံ့တီလေး တောဝန်ယူမယ်။ သားအခန်းတစ်ခုလုံး နှင်းဆီလွင်ပြင်ဖြစ်စေရမယ်"

"နှင်းဆီလွင်ပြင်ဖြစ်တော့ ဘာလုပ်ရမှာလဲ"

"လှတယ်လေ။ ဂန္ဓမာထက်တော့ သာတာပေါ့"

"ဒီဂန္ဓမာပန်းရဲ့တန်ဖိုးကို အနံ့တီလေးနဲ့ကြီးတော် မသိပါဘူး"

"သားပြောမှသိမှာပေါ့"

"သားရဲ့နဖူးကို ဘူးခွံတစ်ခွံနဲ့ ဘယ်သူပေါက်ဖူးလဲ"

"အမယ်လေး၊ သားရယ်။ ဘူးခွံနဲ့ပေါက်ဖို့မပြောနဲ့ မတော်တဆ ပိရင်တောင် အဲ့လိုလုပ်တဲ့လူကို ကြီးက ခွင့်မလွှတ်ဘူး"

"သားရဲ့ခြေထောက်ကို အရမ်းနာသွားအောင်ရော လုပ်ဖူးကြသလား"

"အမယ်လေး. . . သားရယ်၊ အထူးအဆန်းပါလား။ အပြင်မှာ ဘာတွေဖြစ်လာပြီလဲ။ ပြောစမ်း! ကြီးကိုမြန်မြန်ပြောစမ်း"

"ဒေါသကိုလျှော့ပါဗျာ။ ဒေါသဆိုတာ ဖြစ်တိုင်းမကောင်းဘူး။ ဒေါသဖြစ်ရင် ပန်းအပေါင်ခံရတတ်တယ်"

ဟု အစအဆုံးမရှိ တိုးလိုးတန်းလန်းကြီးပြောကာ လှေကား

www.burmeseclassic.com

www.burmeseclassic.com



တက်သွားသောတူတော်မောင်ကို အဒေါ်နှစ်ယောက်က နားမလည်နိုင်ကြတော့။

ထူးဆန်းနေတာတော့ သေချာလှပါသည်။ သို့သော် သူမတို့နှစ်ယောက် သိပ်စိတ်မပူမိကြ။ ဘာဖြစ်လို့လဲဆိုတော့ လက်ဘသိုင်းရဲ့မျက်နှာက ခါတိုင်းထက် ကြည်ရွှင်နေ၍ပါ။

သူမတို့ရဲ့တစ်ဦးတည်းသောမောင်ရဲ့မျိုးဆက်၊ တစ်ဦးတည်းသောတူလေးမို့ သူမတို့က အချစ်တို့ ဖုံးဖြိုအုံ့ခဲလောက်အောင် ချစ်ရပါသည်။ မောင်နှမသုံးယောက်ရှိသည့်အနက် မောင်လေးတစ်ယောက်သာ အိမ်ထောင်ကျပြီး သူမတို့နှစ်ယောက်ကတော့ ချစ်ချစ်ခင်ခင် အပျိုကြီးဘဝနှင့် အရိုးထုတ်ဖြစ်ခဲ့ကြသည်။

ဒါကြောင့် သူမတို့ဘဝမှာ ချစ်စရာ ထိုတူတစ်ယောက်ကလွဲရင် အခြားမရှိ။ သူမတို့မှာ ပိုင်ဆိုင်သော စည်းစိမ်ဥစ္စာမှန်သမျှကို ထိုတူရဲ့ နာမည်နှင့်ပင်ရှိနေခြင်းက သူမတို့ရဲ့အချစ်ကိုသက်သေပြနေသလိုပင်။ ဒါကြောင့် တစ်ဦးတည်းသောတူလေး လက်ဘသိုင်းက နည်းနည်းဆိုးချင်သည်။ သူထင်ရာကိုသာ တစ်ဖွတ်ထိုးလုပ်တတ်သည်။ သို့သော် သူမတို့စိတ်ထဲ တူလေးအပေါ် ဘယ်လိုမှမမြင်မိ။ ဆိုးတယ်ဟုမထင်။ ပေါ့ဆော့သလို ပို့ရှုပင် ကလေးဆန်စွာ ချစ်စရာကောင်းသည်ဟုပင် မြင်တတ်ပါသည်။

အခုလည်း ထူးထူးဆန်းဆန်း ပန်းတွေတစ်ပွေ့တစ်ပိုက်က ဘယ်က ရလာမှန်းမသိ။ အမှန်တကယ် သူမတို့ညီအစ်မနှစ်ယောက်အတွက် ပဟေဠိဖြစ်နေရပါသည်။

“ဟဲ့! အခုက ဘယ်သွားပြန်ဦးမလို့လဲ။ မိုးပဲချုပ်နေပြီ။ အပြင်မှာအေးတယ်။ နှင်းမှုန်လေးတွေတောင် ကျနေတာကို”

အပေါ်ထပ်မှ အင်္ကျီလဲကာ ပြန်ပြေးဆင်းခဲ့သောလက်ဘသိုင်းကို ညီအစ်မနှစ်ယောက်က ပြိုင်တူဟန့်တားလိုက်ကြသည်။

“ကြီးတော်နဲ့အန်တီလေးက ဘယ်တုန်းက စပ်စုတတ်သွားတာလဲ”

“အရမ်းအေးတယ် သားရဲ့။ သားကျန်းမာရေးထိခိုက်မှာစိုးလို့”

“မပူပါနဲ့။ အင်္ကျီအနွေးကြီး ဝတ်ထားပါတယ်”

“သား. . . ဒီနေ့ တိမ်စင်ချိုင်းနဲ့သွားအိပ်မလို့လား”

“ဒီမှာတွေ့လား”

ဟုဆိုကာ လက်ကိုင်ဖုန်းကို အဒေါ်နှစ်ယောက် မြင်သာအောင် ထောင်ပြလိုက်သည်။

“ထူးခြားရင် ဖုန်းဆက်မယ်”

www.burmeseclassic.com

www.burmeseclassic.com

"သား"

သူလှည့်ထွက်မှာန်ပြုပြီးမှ ရုတ်တရက်နောက်ပြန်လှည့်ကာပြန်ကာ. . .

"ဖုန်းခဏခဏမဆက်နဲ့နော်။ အာရုံထွေတယ်။ မြစ်ကြီးနားလာတုန်း စိတ်အနှောင့်အယှက်ဖြစ်ရရင် ချက်ချင်း ရန်ကုန်ပြန်သွားမယ်"

ဟု သူ့ကိုသိပ်ချစ်သော အဒေါ်နှစ်ယောက်ကို ခြိမ်းခြောက်လိုက်သေးသည်။ သူဒီလောက်ခြောက်လှန့်လိုက်ရင် သူ့ကိုအကြာကြီးနေစေလိုကြတဲ့အဒေါ်နှစ်ယောက်က ငြိမ်နေမှာသေချာ၍ပြစ်သည်။

သူပြောလိုက်၍ ငြိမ်သက်သွားသော အဒေါ်နှစ်ယောက်ကို သူရယ်ချင်မိသွားပေမယ့် ခပ်တည်တည်လေးပင် ထွက်လာခဲ့လိုက်သည်။ သူ ကားပေါ်ရောက်သည်နှင့် အိမ်ဝင်းတံခါးမကြီးက ပွင့်နှင့်ပြီးပြီမို့ သူက ခပ်တည်တည်ပင် မောင်းထွက်လာခဲ့ပါသည်။

ရာသီဥတုအေးနေ၍ထင်သည်။ လမ်းသေးခေါက်ချွဲပြတ်ဆိုင်တွေမှာ လူတွေစည်ကားနေပါ၏။ သူ ဘေးဘီဝဲယာသို့ငေးကြည့်ရင်း လူအုပ်ကြီးထဲမှ ကားကိုဖြတ်မောင်းလာမိသည်။ ထိုစဉ် စက်ဘီးခဲပုပ်ရောင်လေးနှင့်သူမကို အမှတ်မထင်တွေ့လိုက်ရပြန်သည်။

လက်ထဲမှာလည်း အထုပ်တစ်ထုပ်နှင့် ဘာလာဝယ်သည်မသိ။



သူမတော့ သူ့ကိုမမြင်ပါ။ ဘာကိုအာရုံစိုက်နေသည်မသိ။ သူ ...ချက်ချင်းပင် သူမဘာလုပ်မလဲဆိုတာ သိချင်သွားမိလေသည်။ မည်သူ့ ...ကြောင်းအရာကိုမှ မစပ်စုဖူးတဲ့သူက သူမရဲ့အနောက်ကိုတိတ်တိတ် ...လေး လိုက်ကြည့်ချင်မိတာကြောင့် သူမရဲ့အနောက် ခပ်လှမ်းလှမ်းမှ ...လိုက်နေမိသည်။

ကားမီးဖွင့်ထားလျှင် သူမ သံသယရှိနိုင်တာကြောင့် ကားမီးကို ...တ်ချပစ်သည်။ သူဟာ စက်ဘီးကို စိတ်မပါလက်မပါပင် ဖြည်းဖြည်း ...နင်းကာ လမ်းကျဉ်းကျဉ်းလေးထဲ ကွေ့ဝင်သွားသည်။

ထိုလမ်းကျဉ်းလေးက ကားဝင်ရန်၊ ကားကွေ့ရန် အခက်အခဲရှိ ...သောကြောင့် ကားကိုလမ်းဘေးချရပ်ကာ ခြေလှမ်းခပ်သွက်သွက် ...သွားမိလိုက်သည်။

ဖြစ်ချင်တော့ ထိုအကွေ့လေး၌ပင် သူမကို မျက်ခြည်ပြတ်သွား ...သည်။ သူက အင်မတန်အားသောလူတစ်ယောက်မို့ ထိုအနီးအနား ...စိုက်ပတ်ဝန်းကျင်မှာ ဝေ့ချာဝေ့ချာနှင့် တစ်အိမ်ပြီးတစ်အိမ်ပတ်ကြည့် ...ာ ချောင်းမြောင်းလိုက်သည်။

ထိုစဉ် အိမ်ခပ်အိုအိုနိမ့်နိမ့်လေးရဲ့မျက်နှာစာမှာ ထိုးရပ်ထား ...သော စက်ဘီးခဲပုပ်ရောင်က သူ့မြင်ကွင်းထဲ တိုးဝင်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

သူက အာရုံစိုက်ပြီး အိမ်ပေါ်သို့လှမ်းကြည့်လိုက်တော့ ဖယောင်းတိုင်မီးရောင်မှိန်မှိန်အောက်မှာ မိန်းမကြီးတစ်ယောက်၊ ကောင်လေးနှစ်ယောက်နှင့်စကားပြောကာ ရယ်မောနေသောသူမကိုတွေ့လိုက်ရ၏။

သူမက ဘာတွေသဘောကျပြီး ရယ်နေသည်မသိ။ သူမရဲ့ရယ်သံသေးသေးလေးက ပတ်ဝန်းကျင်သို့ သဲ့သဲ့လေးပျံ့လွင့်လာပါ၏။ သူက သူမနှင့်အတော်လေးရုပ်ဆင်သည့် သူမထက် အတော်အတန်ငယ်မည်ဟုထင်ရသော ကောင်လေးတစ်ယောက်ရဲ့ခေါင်းကိုပုတ်ပုတ်ပြီး ရယ်နေခြင်းဖြစ်သည်။

ပြီးတော့ ပါးစပ်ထဲကိုလည်း ဘာတွေကိုမဆန့်မပြဲသွပ်ထည့်နေသည်မသိ။ တစ်ခုခုကိုဝိုင်းဖွဲ့ပြီးစားနေတာတော့ သေချာလှသည်။ သူက ဘာရယ်မဟုတ်ဘဲ ထိုမြင်ကွင်းကို မေ့မေ့လျော့လျော့ငေးကြည့်နေလိုက်သည်။

ထိုခဏလေးအတွင်းမှာပဲ သူ့ရင်ထဲသို့ ဘယ်လိုကြီးမှန်းမသိတဲ့ ခံစားချက်ကြီးက တိုးဝင်လာသည်။ ထိုခံစားချက်က ဘာလဲဆိုတာ သူကိုယ်တိုင်လည်း နားမလည်ခဲ့ပါ။

## အခန်း ( ၇ )

မနက်ဖြန်မနက်ခြံထဲမှာ နူးစရာပန်းမရှိ၍ ဒီနေ့တော့ ပန်းဖောက်သည် သွားစပ်နေဖို့မလိုတာကြောင့် သူမက ခြံထဲမှာပင် ခြံရှင်ကိုအလုပ်တွေ ဝိုင်းကူလုပ်ပေးနေမိပါသည်။

ခြံရှင်ဦးလေးက သူမကို တူမရင်းတစ်ယောက်လို ချစ်ခင်သလို ပန်းများများရောင်းရလျှင်လည်း မုန့်ဖိုးများများပိုပေးတတ်ပါသည်။ ဒါကြောင့် သူမက အလုပ်ကိုပို၍ကြိုးစားမိပါ၏။

သူမ အားလျှင်အားသလို ခြံထဲမှာ ဝိုင်းကူနေတတ်သောကလည်း အစဉ်အလာလိုပင် ဖြစ်နေပါ၏ အခုလည်း သူမက ပန်းဘောင်ပေါ်

www.burmeseclassic.com



ပေါင်းမြက်တွေကိုရှင်းရန် မြေဆွနေခိုက်. . .

"ပုရစ်ဖူး"

"ရှင်. . . ဦးလေး၊ သမီး၊ဒီမှာ"

ဟု ပန်းရုံထဲမှ ခေါင်းလေးပြူးထွက်ကာ အသံပေးလိုက်သည်။

"ဦးလေး အပြင်သွားစရာရှိလို့ အဲဒါ ဝယ်သူတွေလာရင် သမီး[illegible] ကြည့်ထားလိုက်ပါဦး"

"ဟုတ်ကဲ့ ဦးလေး"

"ဦးလေး အပြင်မှာ နည်းနည်းကြာမယ်။ မိုးချုပ်ရင်လည်း [illegible] နိုင်တယ်၊ အားလုံးက အိမ်ပြန်ကုန်ကြတော့ သမီးပဲစောင့်နေပေးပေါ့ ဦးလေးပြန်တဲ့အထိ"

"ဟုတ်ဟဲ့ဦးလေး။ ရပါတယ်၊ စိတ်ချလက်ချသာသွား"

"ကြော်၊ ဗိုက်ဆာရင် မီးဖိုခန်းထဲမှာ ရှာစားလိုက်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ ဦးလေး"

တစ်ဦးမေတ္တာတစ်ဦးမှာဆိုသလို ခြံရှင်ဦးလေးကြီးကလည်း သူ[illegible] ကိုချစ်ခင်သလို သူမကလည်း ခြံရှင်ဦးလေးကြီးကို ဦးလေးရင်း[illegible] ယောက်လိုပင်သဘောထားသည်။ ငယ်ငယ်တည်းက အဖေအလုပ်[illegible] ရင်း လိုက်နေကျမို့ သံယောဇဉ်က သေးလှတာမဟုတ်။



ဦးလေးကြီးရဲ့ကျေးဇူးက သူမတို့မိသားစုအပေါ်လည်း ကြီးလှ[illegible]ပါသည်။ အဖေက ရုတ်တရက်ဆိုသလို ငှက်ဖျားဝင်ပြီး ဆုံးသွားတော့ သူမတို့မိသားစု အခုလိုအဆင်တပြေရှိလာအောင် ဦးလေးကြီးရဲ့ကူညီ[illegible]စောင်မှုတွေ အများကြီးပါသည်။ ဒါကြောင့် ဦးလေးကြီးက သူမရဲ့ဦးလေး[illegible]အရင်းတစ်ယောက်ဆိုရင်လည်းမမှားပေ။

"လူတွေမရှိကြဘူးလား"

သူမအတွေး ဘယ်လောက်ထိပျံ့သွားမိသည်မသိ။ ခြံထဲ လူဝင်[illegible]လာသည် မသိလိုက်။ အခုတော့ သူစိမ်းသည့်သည်က သူမနောက်နားလေး[illegible]င် ရောက်၍နေပေပြီ။ သူမကိုယ်သေးသေးလေးကို ပန်းရုံတွေ ကွယ်[illegible]ထားတာကြောင့် မမြင်လိုက်ဟုထင်ပါရဲ့။

"ဘာအလိုရှိလို့ပါလဲ"

"အမယ်လေး. . ."

သူ့ရှေ့မှောက် ရုတ်တရက်ဆိုသလို ဘွားခနဲထွက်ပေါ်လာသော[illegible] မိန်းမတစ်ယောက်ကြောင့် သူလန့်ဖျပ်သွားကာ နောက်သို့ပင်တွန့်သွားရ၏။ [illegible]အလည်းသူမပင်၊ ရုတ်တရက်ကြီး ထရပ်ပစ်တာကို။

"လန့်လိုက်တာဗျာ"

သူက အရောတဝင်ပေ မပြောလိုက်ပေမယ့် သူမကတော့ ခွက်[illegible]

www.burmeseclassic.com

www.burmeseclassic.com

မမြင်ဖူးသူတစ်ယောက်လို သရဲတစ်ကောင်တွေ့သလို ပြူးကျယ်ဝိုင်းစက်
သောမျက်လုံးများနှင့် မမိတ်မသုန်စိုက်ကြည့်နေလေရဲ့။ မှန်ပါသည်။
သူမလုံးဝမထင်မှတ်ထားတဲ့သူမို့ပါ။

ခါတိုင်းဆို အမြဲတမ်း တစ်နှစ်မှတစ်ခါသာ ရှားရှားပါးပါးရောက်
ခဲ့တတ်သော တိမ်စင်ချိုင်းက အခုတော့ တစ်နှစ်ပင်မပြည့်သေးဘဲ ရောက်
လာ၍ပါ။

"ကျွန်တော် နှင်းဆီပန်းတစ်စည်းလိုချင်လို့ဗျ"

"ရှင်!"

"နှင်းဆီပန်းတစ်စည်း"

သူမရဲ့အိမ်မက်မှုန်းထလာသူကို မျက်လုံးဝိုင်းဝိုင်းတွေကြောင့်
သူပင် ကြောင်နနနှင့် နှင်းဆီပန်းပင်တွေဆီသို့ လက်ညှိုးထိုး၍ပြော
သွားသည်။ ထိုအပြုအမူလေးကို သူမရင်ထဲ စွဲသွားရပါ၏။ ချစ်စရာ
ကောင်းလိုက်တာဟု။

"ဪ. . . အိုး ဟို. . . ဘာအရောင်ယူမလဲ"

"ရပါတယ်။ အဆင်ပြေသလိုပေါ့"

"ကြိုက်တဲ့အပွင့်ကို ပြလိုက်လေ။ ဖြတ်ပေးမယ်"

"ရပါတယ်။ ကျွန်တော် ဟိုးခုံလေးမှာ စောင့်နေမယ်။ နာရီ



အတွင်း အဆင်ပြေရဲ့လား"

"ပြေပါတယ်၊ ရပါတယ်"

သူမက ပန်းဖြတ်တဲ့ကတ်ကြေးကို သွက်သွက်လက်လက်ကြီး
ပြီးယူကာ နှင်းဆီပန်းတွေကို တစ်ပွင့်ပြီးတစ်ပွင့်ကိုက်ဖြတ်လိုက်သည်။
အခုတော့ သူမက တော်တော်လေးအလုပ်ရှုပ်သွားရပါသည်။

ဒန်းပေါ်မှာထိုင်နေသောတိမ်စင်ချိုင်းကို မသိမသာလေးငေးရ
တာမှန်းမသိ၊ နှင်းဆီပန်းကို အလှဆုံးကြီးပဲရွေးရတာမှန်းမသိနှင့်၊ သို့
သော် သူမပျော်ရွှင်ကြည်နူးနေမိတာတော့ အမှန်ပါပဲ။

တိမ်စင်ချိုင်းက သူများတွေပြောသလိုပင် သိပ်ချောတဲ့လူချော
တစ်ယောက်ပါပဲ။ အနေအေးပြီး မျက်နှာလေးမှာ ရိုးရှင်းဖွာရှင်းသန့်သူ
တစ်ယောက်ပါ။ ဆံပင်ရှည်မျှောမျှောလေးနှင့် စူးရှတဲ့မျက်ဝန်းနက်တစ်
[illegible] လိုက်ဖက်လှသည်။

နှုတ်ခမ်းပါးလေးတွေမှာ တည်တင်းနေပြီး ပိပိရိရိနှင့် ချွန်မြမြ
[illegible]တင်းတင်းနှင့် လိုက်ဖက်တင့်တယ်လျက်။ ရှင်းသန့်သောတိမ်စင်
ချိုင်းရဲ့ပုံကို သူမနှစ်သက်လှပါသည်။

သူမက သွက်သွက်လက်လက်လှုပ်ရှားလိုက်သည်မို့ ခဏတွင်း
ဆီနှင်းဆီပန်းသုံးဆယ်ပါးပွင့်နှင့် ပန်းစည်းလှလှ ဖြစ်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဆင်သင့်ပါပဲရှင့်"

သူမက ပန်းစည်းလေးလှမ်းပေးလိုက်သည်တွင် မော့ကြည့်[illegible] သော သူမျက်ဝန်းနုနုလေးတွေကို သူမက အမှန်တကယ်ဖွဲ့လမ်း[illegible] ရပါ၏။

ထိုစိတ်ကြောင့် သူမကိုယ်သူမလည်းအပြစ်တင်မိပါ၏။ နှုတ်[illegible] တာပဲ။ သူက နှင်းဆီပန်းစည်းကိုလှမ်းယူကာ တစ်ချက်မျှ ငုံ့[illegible] ပြီး. . .

"သုံးဆယ့်ငါးမွှင့်ပဲ။ မင်း ကိုယ့်ကိုသိနေပြီထင်တယ်"

"ဟုတ်ကဲ့, သိပါတယ်။ အဆင်ပြေရဲ့လား"

သူက ဘာမှပြန်မပြောဘဲ အင်္ကျီအိတ်ထဲမှ ပိုက်ဆံလေးတော[illegible] နှိုက်ပြီး လှမ်းပေးလာသည်။ သူမက အလိုက်သင့်လှမ်းယူလိုက်[illegible] သူက အားလုံးပြီးစီးသွားပြီမို့ အပြုံးတစ်ပွင့်ပင် လက်ဆောင်ပေး[illegible] တော့ပါဘဲ ကျောခိုင်းသွားခဲ့ပါသည်။

ပန်းစည်းလေးကိုင်၍ တက်သွားသောသူကို သူမက[illegible] တစ်ပါး အခြားမရှိ မှန်ပါသည်။ သူဦးတည်သွားနေမိသည်က အုတ်[illegible] ဖြူခပ်နွမ်းနွမ်းဆီသို့ပါပဲ။

အဲ့ဒီမှာ သူသိပ်ချစ်သော မမေက အိပ်ပျော်နေခဲ့သည်လေ။

မမေကတော့ အပူအပင်ကင်းမဲ့စွာ အုတ်ဂူဖြူထဲမှာ ငြိမ်သက်စွာ [illegible]ဲလျောင်းနေခဲ့ပေမယ့် သူကတော့ အထီးကျန်စွာဘဝတစ်ခုကို ဖြတ် [illegible]န်းလာခဲ့ရသည်မှာ နှစ်တွေပင် ကြာသွားခဲ့ပါပြီ။ မမေက ဘာမှန်းမသိ [illegible]နိုင်ခဲ့ပေမယ့် သူကတော့ မမေသိပ်နှစ်သက်သော နှင်းဆီပန်းတွေကို လက်ဆောင်ပေးမြဲပင်။

အေးစက်သောနှလုံးသားနှင့်ဖေဖေကို သူစိတ်နာမိသည်မှာအမှန် ပါပဲ။ မမေရဲ့အသုဘကိုပင် ဖေဖေမလာနိုင်တော့လောက်အောင် ဖေဖေ [illegible]တ ဘယ်လောက်ထိ အလုပ်များသွားတာလဲ။ သူ့နှလုံးသားထဲက ဝမ်း [illegible]နည်းခဲ့မှုသလို နာကျင်ခဲ့ရမှုပါသည်။ လမ်းပျောက်သွားသူတစ်ယောက် လို့ တိတ်တဆိတ်လေး ချောင်ထဲမှာပဲ ငိုကြွေးခဲ့မှုပါသည်။

ငယ်ငယ်တည်းက သူ့အပေါ် အေးစက်စက်ဆက်ဆံတတ်သော ဖေဖေ။ မေမေ့ကို လုံးဝကြီးစိုးပေကျွာပြုနိုင်သောဖေဖေကို သူစိတ်နာမိ သည်ကတော့ အမှန်ပဲ။ စီးပွားရေးတစ်ခုတည်းကိုသိတဲ့ဖေဖေကြောင့် သူက ပိုက်ဆံသုံ့ပေါ်များသူဖြစ်ရပေမယ့် မေတ္တာတရားကိုငတ်မွတ်သူ တစ်ယောက်ပါပဲ။

ဖေဖေက ပိုက်ဆံပေါ်သူတစ်ယောက်မို့ မိန်းမလှတွေက အမြဲဝိုင်း အုံနေတတ်သည်။ ထိုအခါမျိုးမှာဆိုရင် မျက်နှာလွှဲပြီး မသိသလိုနေတတ်

www.burmeseclassic.com

www.burmeseclassic.com



သည်က မေမေနဲ့ပတ်သက်ပြီး အေးစက်ထုံခဲနေသည့်သူ့နှလုံးသား

အေးကြောင့်ပါပဲ။

သို့သော် မေမေ့ကိုကိစ္စတစ်ခုအတွက်တော့ ကျေးဇူးတင်မိပါ

အဲ့ဒါကတော့ နောက်အိမ်ထောင်ပြု၍ တရားဝင်အမျိုးသမီးများကို

ပေါ်ခေါ်မတင်လာခြင်းပါပဲ။

အထီးကျန်သောသူ့ဘဝမှာ လက်ဘသိုင်းသာမရှိခဲ့လျှင် ဝေ

နေခဲ့တာကြာခဲ့ပါပြီ။ လက်ဘသိုင်းက သူ့ဘဝရဲ့အကောင်းဆုံးလူ

ယောက်ဖြစ်သလို သူ့အခင်မင်ရဆုံးသော ညီအစ်ကိုလိုသူငယ်ချင်း

လူတစ်ယောက်ဖြစ်သည်။

လက်ဘသိုင်းနဲ့သူငယ်ချင်းဖြစ်ရတာက သူ့ဘဝအတွက်အကော

ဆုံးသောလက်ဆောင်တစ်ခုပင်။ သူ့ကိုသိပ်ချစ်ခင်သော လက်ဘသို

ကြောင့် လက်ဘသိုင်းကိုသိပ်ချစ်ကြသောဆွေမျိုးများကလည်း သူ့အ

နွေးထွေးကြသည်။

ဒါကြောင့် လက်ဘသိုင်းက သူ့ကိုနွေးထွေးမှုတွေအများကြီးပေ

သော အဖိုးမဖြတ်နိုင်သည့်သူငယ်ချင်းကောင်းတစ်ယောက်ပါပဲ။

"ဟင်!"

သူ့ အုတ်ဂူဖြူကိုရောက်သွားချိန်မှာတော့ သိပ်အံ့သြသွားရသည်

ဘာဖြစ်လို့လဲဆိုတော့ နှမ်းခြောက်စပြုနေသော နှင်းဆီပန်းတစ်

ည်းက သူ့ကိုလှောင်ပြောင်သလို ကြိုဆိုနေ၍ပါ။

သူမှာမှာသလဲပင် နှင်းဆီပန်းစည်းကိုကိုင်ကြည့်လိုက်တော့ ပိုမို

အံ့သြသွားရသည်။ ဘာဖြစ်လို့လဲဆိုတော့ နှင်းဆီပန်းက သုံးဆယ့်ငါးပွင့်

ဖြစ်နေလို့ပါပဲ။ ဒါ သူလာထားတာမဟုတ်ဘူးဆိုတာတော့ လုံးဝသေချာ

သည်။ နှင်းဆီပန်းပုံကိုကြည့်ရတာလည်း ဒီအုတ်ဂူပေါ်ရောက်လာတာ

သိပ်မကြာသေးပုံမရ။

ဒါဆို မေမေလား။ ဒါလည်းမဖြစ်နိုင်။ မိန်းမလှလေးတွေနှင့်

ပျော်ပါးလဲတွဲနေသောမေမေက ရန်ကုန်မှာနေပြီး တကူးတကကြီး။ ဒါက

တော့ လုံးဝကိုမဖြစ်နိုင်။ မေမေ့ရဲ့စိတ်ထဲမှာ မေမေ့ကံ အဲ့ဒီလောက်

နေရာကြီးကြီးကြီးမရှိဘူးဆိုတာ သူအတတ်သိနေပါသည်။

ဒါဆိုဘယ်သူလဲ။ သေချာတာကတော့ ဒီမြို့ကြီးနားမှာ မေမေ့ကို

ခင်တွယ်နေသူတစ်ယောက်တော့ ရှိကိုရှိနေပြီဆိုတာပါပဲ။ ထိုအတွေးက

သူ့ရင်ကိုကြည်နူးသွားစေပါသည်။

ထိုခြောက်သွေ့စပြုနေသော နှင်းဆီပန်းစည်းလေးကို သူပန်းရွေး

လေးနှင့်အတူယှဉ်လျက် စနစ်တကျတင်ထားမိပါတော့သည်။

❧ ❧ ❧

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၈ )

"သားရေ. . . ဒီနေ့ သားအနိတီလေးကို ဆိုင်မှာသွားကြိုပေးပါလား"

"ဟာ! လုပ်ပြီ"

"သားမသွားချင်ဘူးလား။ ဒါဆို သားရဲ့ကားခထောင့်ပါဦး"

"အိမ်က ကားတွေက ဘယ်ရောက်ကုန်တာလဲ"

"သားရဲ့အနိတီလေးကားက ဘီးပေါက်သွားလို့တဲ့။ နောက်တစ်[illegible]က ဝပ်ရှော့ပို့ထားတာ နှစ်ရက်လောက်ရှိနေပြီ"

ကြီးတော်ရဲ့စကားက အကြောင်းပြချက်ခိုင်လုံသွား၍ ...

www.burmeseclassic.com

www.burmeseclassic.com



သွားပါသည်။ သို့သော် အမြဲတမ်းသွက်လက်စွာသွားလာနေသော ဇက်ဘီးခဲပုပ်ရောင်နှင့်သူမကို မျက်စိထဲတန်းမြင်မိသွားသည်။ ထိုအချိန်မှာတော့ သူက ကျေနပ်စွာပြုံးမိသွားကာ. . .

"ဒါဆိုလည်း သွားကြိုရတာပေါ့"

ဟုဆိုကာ ကောက်ကာငင်ကာထရပ်လိုက်သည်။ လုံးဝမထင်မှတ်ပါဘဲ ရုတ်တရက်ပြောင်းလဲသွားသောတူတော်မောင်၏ပုံစံကြောင့် ကြီးတော်ဖြစ်သူမှာ အံ့ဩနေမိတာတော့အမှန်ပါပဲ။

"သားစိတ်ဆိုးသွားတာလား"

စိုးရိမ်ကြောင့်ကြမှုများနေသည့် ကြီးတော်ရဲ့အသံကြောင့် သူက နောက်ကျောဘက်သို့ ကြည်ကြည်ရွှင်ရွှင်လေးလှည့်ကာ. . .

"အဲ့လိုပုံပေါက်နေလို့လား"

"မဆိုးဘူးလား"

"ကိုယ့်အနိတ်လေးကိုသွားကြိုတာပဲ စိတ်ဆိုးစရာဘာမှမရှိဘူး ကြီးတော်ကြောင့်ကြမှုတွေသိပ်များနေပြီ။ လိုတာထက်ပိုအိုသွားတော့မယ်။ မဖြစ်ပါဘူး။ ကြီးကိုလည်း ဇက်ဘီးစီးလေးဘာလေးသင်ပေးဦးမှပဲ။ ဒါမှ သွက်သွက်လက်လက်ကလေးဖြစ်လာမှာ"

"ဘုရားရေ! ငါက"

"မသင်ချင်ဘူးလား"

တူတော်မောင်က ရူးဆန်းနေတာတော့အမှန်ပါပဲ။ တစ်ခုခုကြောင့် စိတ်ကျေနပ်နေပုံမှာ မျက်ဝန်းရိပ်မှာ လျှံထွက်နေပါသည်။ အခုလည်း ကြည့်လေ။ ပြုံးစိစိနဲ့ အပြီးအပျောက်မတည့်ပြောချင်ရာတွေပြောပြီး ထွက်သွားပြန်သည်။

မော်ဒယ်လ်စိမ်းရောင်ကားလေးကို ရွတ်ခနဲနေအောင် မောင်းထွက်သွားသောတူမောင်ကို ငေးနေမိခဲ့သည်။ ဒီကလေးရွှင်ပြုံးနေတယ်ဆိုတာတော့ လုံးဝသေချာနေပါသည်။ မှုန်ကုပ်ကုပ်နေတတ်တဲ့မျက်နုံးနှစ်ခုက ပြုံးစိသေသပ်နေလို့ပါ။

မှန်ပါသည်။ သူအမှန်တကယ်ပင် စိတ်ထဲကြည်လင်နေမိသည်။ ထိုကြောင့်ထင်သည်။ ကားမောင်းရင်း လေလေးပင် ချွန်လိုက်ပါသေး၏။ ကြာကြာမမောင်းလိုက်ရပါ။ အနိတ်လေးရဲ့ဆိုင်ရှေ့မှာ ကားကိုလျှော့ပြီးရပ်လိုက်သည်။ ပြီးနောက် ကားသော့ကိုဖြုတ်ကာ ဆိုင်ထဲသို့ဝင်လာခဲ့သည်။

"ဘာအလိုရှိ. . .ဟင်"

တစ်ပိုင်းတစ်စကြီးနှင့်ရပ်သွားသော ရင်းနှီးနေသောအသံတစ်ခုကြောင့် သူကြည့်မိလိုက်စဉ်. . .

www.burmeseclassic.com

www.burmeseclassic.com

"အကြေး. . . အကြေးလာတောင်းတာလား"

အရောင်းဝန်ထမ်းဝတ်စုံနှင့်ကောင်မလေးက ထိုတိုက်ဆိုင်မှုကို

သူပင်အံ့ဩသွားရသည်။ သို့သော် သူက အံ့ဩမှုကိုအမြန်ဆုံးဖုံးကွယ်လိုက်

ကာ. . .

"အဆင်သင့်ဖြစ်ပြီလား"

သူဘယ်တုန်းကမှ ဒီလိုချော်လဲရောထိုင်မလုပ်ခဲ့ဖူး၍ သူ့ပုံစံက

ပိရိပုံမလာ။

"ဒုက္ခပဲ"

"ဘာလဲ မင်းက ငါ့ကိုပြေးလို့ရမယ်ထင်နေသလား။ ငါက အကျ

စုံစမ်းထားပြီးသားနော်"

ထိုအခါမှာတော့ သူမက အနည်းငယ်တုန်လှုပ်သွားပြီး ချက်ချင်း

ပင် ပုံစံပြန်ပြောင်းသွားကာ. . .

"ရှင့်ကို ကျွန်မက ဘာလို့ကြောက်ရမှာလဲ"

"မင်း ငါ့ကိုအကြွေးပေးစရာရှိတယ်လေ"

"အဲဒါ ရှင့်ဟာရှင် ထင်နေတဲ့အကြွေးပဲ။ ကျွန်မက ဘာလုပ်ရမှာ

လဲ"

"အဲဒါ မင်းကြောင့်လေ"



"ရှင့်ကို ဘယ်သူက ခေါ်ခန်းသွားခိုင်းလို့လဲ"

"မသွားရင် ငါသေမှာပေါ့"

"အသက်နဲ့အဝေးကြီး"

"ဟမ်း! မင်းဘာပြောလိုက်တယ်"

"ရှင့်ဆီမှာ ကျွန်မအပေါင်ပစ္စည်းထားခဲ့တာပဲ။ ကျေပြီပေါ့"

"မင်း အတိုးပေးရဦးမှာ။ နှစ်ရက်ရှိပြီဆိုတော့ ငါးရာတိုးတယ်"

"များလှချည်လား"

"မင်းမပေးရင် ဆိုင်ရှင်ဆီမှာ ငါထုတ်သွားရလိမ့်မယ်"

"ဘုရားသခင်ကယ်ပါ။ အဲလိုကြီးတော့ မလုပ်ပါနဲ့။ ဆိုင်ရှင်သိရင်

အခုရလိမ့်မယ်"

"အဲဒါဆိုရင် မင်းဟာမင်းဆုံးဖြတ်လေ"

ထိုအခါကျတော့ သူမက အကျဉ်းအကြပ်ထဲရောက်သွားပုံမျိုးနှင့်

ခုကို အသည်းအသန်စဉ်းစားနေလိုက်သည်။

"ရှင်သွားမပြောရဘူးနော်။ အဲဒီငါးရာကို ရှင့်ကိုပေးလိုက်မယ်။

အဲဒါဆိုရင် ရှင်နဲ့ကျွန်မကြားမှာ ပြတ်ပြီနော်"

"အွန်း"

"သေချာတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း"

ထိုအခါမှာတော့ သူမက ကုတ်ချောင်းချောင်းလေးနှင့်ထွက်ခွာ ပြန်သည်။ သိပ်မကြာပါ။ ငါးရာတန်တစ်ရွက်နှင့် သူမက ပျာယာခတ် ပေါ်လာပြန်သည်။

"ရော့ယူ့, ရှင်ပြန်တော့။ ကျွန်မတို့ ဆိုင်သိမ်းတော့မှာ"

ထိုအခါမှာတော့ သူက သူမပေးသောပိုက်ဆံငါးရာတန်တစ်ရွက် ကိုယူပြီး ကျကျနနပင် အင်္ကျီအိတ်ကပ်ထဲထည့်ကာ ကောင်တာဘက် တည့်တည့်ကြီးလျှောက်လာခဲ့သည်။

"ဟိတ်လူ. . . ဟဲ့, ဒါကဘယ်လဲ ဟေ့လူ။ ဟိတ်. . . ကယ် တည်ရတယ်လေ။ ရှင်ပဲသွားမပြောဘူးဆို။ ဟိတ်လူ"

သူမက မကြားတကြားလေးနှင့်မရဲတရဲအော်ကာ သူ့အနောက် လိုက်သွားပါသော်လည်း သူက သူမကိုပင် ထပ်လှည့်မကြည့်ခဲ့။ ဆိုင်ရှင် ဒေါ်လေးရှိရာ ကောင်တာသို့တည့်တည့်ကြီးပင်။

"ဟိတ်လူ"

"အန်တီလေး, သားရောက်ပြီ"

ထိုအခါမှာတော့ မှန်ပြောလက်စ အန်တီလေးက သူ့ကိုလှမ်းကြည့် လာကာ. . .

"အို. . . ငါ့တူကိုယ်တိုင်လာခဲ့တာလား"

"စောင့်ရဦးမှာလား"

"ချက်ချင်းပဲ လိုက်ခဲ့ပါ့မယ်"

"ရပါတယ်၊ လုပ်ပါ။ အေးအေးဆေးဆေး ထိုင်စောင့်နေမယ်။ ရတယ်"

အန်တီလေးက သူ့ကိုမယုံသင်္ကာနှင့်လှမ်းကြည့်လာသည်။ အမှန် ထကယ်ပဲ သူ့မျက်နှာက ကြည်လင်နေ၍ စိတ်သက်သာရာရသွားပုံမျိုး နှင့် တမွဲ့ပေါ်မှတအုပ်တွေနှင့် ကဏန်းတွက်စက်တွေကို သိမ်းဆည်းမည် ပြုတွင် တူတော်မောင်ကိုလည်းကောင်း၊ သူမကိုလည်းကောင်း ကြောင် တောင်ကြီးငေးကြည့်နေသောပုရစ်ဖူးကြောင့်. . .

"ဆိုင်သိမ်းလေ၊ ဘာရပ်လုပ်နေတာလဲ"

"ဟုတ်, ဟုတ်ကဲ့. . . ဒေါ်လေး"

ယောင်နနလေးပြောကာ ကြောင်အအလေးထွက်သွားသောသူမ ကို သူက မနိုတရှိလေးပြုံးကြည့်ရင်း. . .

"ကားဘီးပေါက်တာက မနက်ဖြန်မှရမယ်ဆိုရင်လည်း သားပဲ အန်တီလေးကိုလိုက်ပို့မယ်"

"ဟမ်!"

နည်းနည်းလေးမကာ တော်တော်ကြီးမှုဆန်းနေတာကြောင့်

www.burmeseclassic.com

www.burmeseclassic.com

အဒေါ်အရင်းဖြစ်တဲ့သူမပင်လျှင် နားမလည်နိုင်တော့။

"အန်တီလေးတို့ဆိုင်မှာ အရောင်းဝန်ထမ်းတွေ ဘယ်နှယောက်ရှိ

သလဲ"

"ဆယ်ယောက်လေ"

"လမ်းမှာ ဆိုင်ကယ်တွေအရမ်းရှုပ်နေတယ်။ စက်ဘီးစီးသွားရင်

ဂရုစိုက်ဖို့မှာထားဦး။ တစ်ယောက်ယောက်ကိုတိုက်မိရင် အလျော်ပေး

ရတယ်။ အကြွေးတွေဘာတွေဆိုလည်း အတိုးပေးရတယ်ဆိုတာ သင်ထား

ပေးဦး။ သိပ်နားမလည်ဘူးထင်တယ်"

သူစကားဆန်းဆန်းကို ခပ်လှမ်းလှမ်းမှာရှိနေတဲ့သူမက ချက်ချင်း

နားလည်သွား၍ ဒေါ်သဖြစ်ရပေမယ့် ဒေါ်စန္ဒာကြင်ကတော့ လုံးဝကိုနား

မလည်လိုက်ပါ။

သူကတော့ ပြုံးဖြီးဖြီးလုပ်ကာ မျက်နှာကြက်ကိုမော့ကြည့်လျှက်။

❧ ❧ ❧

## အခန်း ( ၉ )

ပိုက်ဆံငါးရာတန်တစ်ရွက်ကို နေရောင်မှာထောင်ကြည့်၊ အမှောင်

မှာထားကြည့်။ တည့်တည့်ကြည့်။ ဘေးတစ်စောင်းကြည့်နှင့် အမျိုးမျိုး

ရှုထောင့်က အကြည့်မျိုးစုံနှင့်ကြည့်နေသောလက်ာသိုင်းကို တိမ်စင်ချိုး

က သိပ်ကြည့်မရလာတော့ပါ။

ဒါကြောင့်ပင် လက်ာသိုင်းလက်ထဲမှငါးရာတန်ကို ဆွဲလုပစ်သည်။

"ဘာလုပ်တာလဲ"

"တစ်ထောင်ပြန်ပေးမယ်။ ငါ့မှာ ငါးရာတန်မရှိတာနဲ့အတော်ပဲ"

"အဲ့ဒီငါးရာတန်က တ ထောင်မကာဘူး တန်တယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



"တစ်သောင်းနဲ့ဆိုရင်ရော"

"မလဲဘူးကွာ။ တစ်သိန်းလည်းမလဲဘူး"

"စွမ်းလှချည်လား။ သိဒ္ဓိပြည့်နေတဲ့ မှော်ဝင်ပိုက်ဆံမို့လား"

"သိဒ္ဓိပြည့်မပြည့်တော့မသိဘူး။ မှော်ဝင်တာကတော့ ကျိန်း

"တန်ဖိုးလေးဘာလေးပြပါဦး"

ဟုဆိုကာ ငါးရာတန်ကို နေရောင်မှာထောင်ကြည့်လိုက်စဉ် လက်

သိုင်းက ဆတ်ခနဲပြန်ဆွဲယူလိုက်သည်။

"တစ်ခါတစ်ရံမှာ စိတ်ဆိုတာ တော်တော်ထူးဆန်းတယ်နော်

"အဆန်းပါလား"

"မထင်မှတ်ထားတဲ့အချိန်မှာ မတွေးထားတာတွေ လုပ်မိသွ

တတ်တယ်"

"စိတ်ဝင်စားစရာတော့ ကောင်းလာပြီ"

"ငါ သူမနဲ့တိုက်တိုက်ဆိုင်ဆိုင်ပြန်တွေ့တယ်"

"သူမ ဘယ်က သူလဲ။ ရန်ကုန်က မင်းစက်ဟောင်းလေးတွေ

ထဲက တစ်ယောက်လား"

"မင်းအဲ့ဒီလိုပြောလိုက်တော့ ငါ့အတွက် တစ်ခုခုအမြတ်ထွက်လာ

သနိုပဲ"

"မင်းထူးဆန်းနေတာတော့ အမှန်ပဲ"

"အဲ့ဒီမိန်းမလှလေးတွေက ငါ့ကိုအပျင်းပြေစေတာတော့အမှန်ပဲ။ ဒါပေမဲ့ ဝိတိဆိုတဲ့ကြည်နူးမှုလည်းမပေးဘူး။ ငါ့စိတ်ကိုမကျေမနပ်ဖြစ်သွားအောင် မထိုးဖောက်နိုင်ဘူး။ ငါ့ကိုလည်းဇေါ်သမဖြစ်စေသလို မပျော်ရွှင်စေဘူး"

"ငါနားမလည်ချင်လာတော့ဘူး"

"ငါ့စိတ်ထဲမှာလည်း ရှုပ်ထွေးနေတယ်။ ဒါပေမဲ့ ငါပျော်နေသလိုပဲ"

"မင်းစိတ်ငြိမ်အေးသောက်သင့်ပြီ လက်ဘသိုင်း။ ဒါမှမဟုတ်ရင်မင်း မကြာခင်အရူးထောင်ရောက်သွားနိုင်တယ်"

"မိန်းကလေးတစ်ယောက်ရဲ့အမူအကျင့် လုပ်ဆောင်ချက်တွေနဲ့ မျက်ဝန်းတွေကြောင့် မင်းစိတ်လှုပ်ရှားရမှုသလားတော်မိစင်ချိုင်း"

လက်ဘသိုင်းရဲ့ထူးဆန်းသောစေနွန်းကြောင့် သူကလည်း ထူးဆန်းမှုသင် မိန်းကလေးတစ်ယောက်ကို အတွေးထဲမြေးမြင်လိုက်မိသည်။ သူ့တို့မျက်လုံးဝိုင်းလေးများနှင့်ကြည့်နေသော အဖြူရောင်မိန်းကလေးဖြစ်သည်။

ပန်းချီရင်း သူ့ကိုစိုစိုစိုက်ကြည့်နေတတ်တာကို သူ့ကျိတ်ရယ်ခဲ့ရဖူးပါသည်။ ပြီးတော့ ပန်းသုံးသယ်ငါးမွှင့်ကို လှလှပပထုပ်ပိုးပေးခဲ့သော

www.burmeseclassic.com

သူမရဲ့အပြုအမူလေးက သူ့ရင်ထဲကို တစ်မျိုးလေးဖြစ်သွားစေတော့ အမှန်ပင်။

"မင်းငြိမ်သွားပြီ တိမ်စင်ချိုင်။ ဘာလဲ၊ ငါ့မေးခွန်းက ဟတ်

သွားလို့လား"

"ဆိုပါတော့။ တစ်ယောက်ယောက်ကိုမြင်မိလိုက်လို့ပါ"

"မင်းလည်းထူးဆန်းသွားပြီ တိမ်စင်ချိုင်း"

"မဖြစ်နိုင်ဘူး။ ငါ သူမကိုမကြိုက်ဘူး"

"ဘာဖြစ်လို့လဲ။ ရုပ်ဆိုးလို့လား"

"မဟုတ်ဘူး။ နည်းနည်းတော့လှပါတယ်။ ငါကြိုက်တဲ့ပုံမဟုတ်

လို့"

"မင်းက ဘယ်စတိုင်လ်မျိုးကိုကြိုက်တာလဲ"

"မသိဘူး။ မတွေးကြည့်ဖူးဘူး"

"မင်းအကြိုက်ကိုသိသွားရင်ပြော။ ငါ့မှာ မိန်းကလေးမိတ်ဆွေ

ပေါတယ်လေ"

"မင်းအတွက်ကိုသာ ရှာပါကွာ"

"ရှာစရာမလိုတော့ဘူး။ တွေ့နေပြီ"

"တယ်ဟုတ်ပါလား။ ဘယ်သူလဲ"



"သူမ"

"နာမည်ကိုပြောနေတာ"

"မသိဘူး။ ဒါပေမဲ့ သိချင်ရင် ချက်ချင်းရတယ်။ မသိချင်သေး

လို့"

"မင်းဟာကြီးကလည်း"

"ငါ့အသားကိုနာအောင်လုပ်တဲ့လူကို ငါဘာပြန်လုပ်တတ်သလဲ"

"မကျေပွဲ ခဏခဏခွဲတယ်။ ဒူးထောက်ပြီး မတောင်းပန်မချင်း

နှက်ပေးတယ်။ အဲ့ဒါမင်းအကျင့်လေ"

"ပြီးတော့ ငါ့ကို ဘယ်မိန်းကလေးက ရန်တွေ့လွှတ်ဖူးသလဲ"

"ငါသိသလောက်တော့ မရှိသလောက်ပါပဲ"

"ရှိတယ်ကွ။ သူမက ငါ့ကိုအသားနာအောင်လည်းလုပ်တယ်။

ရှေ့မတိုက်သေးတဲ့အပြင် ပိုက်ဆံပေးပြီးမှနှင်လွှတ်သေးတာ"

"ဟား. . . ဟား. . . ဟား၊ မင်းခံလိုက်ရတာပေါ့။ မင်းက သူ့ကို

ဘာသွားလုပ်လို့လဲ"

"ဘာမှမလုပ်ဘူး"

"ဘာမှမလုပ်ဘူးဟုတ်လား။ ဒါဆိုရင်တော့"

"ငါ့ သူမကိုစိတ်မတိုဘူး"

www.burmeseclassic.com

"ဟမ်း! ဘယ်လိုကြီးလဲ။ စိတ်ဝင်စားစရာပါလား။ ဘာလဲ

သူ့ကိုချစ်နေလို့လား"

"ငါသိသသယဝင်နေတာ အဲ့ဒါပဲ"

"ဘယ်တုန်းကသိတဲ့ကောင်မလေးလဲ"

"မင်းသိပါတယ်ကွာ။ ငါ့ခြေထောက်ကိုစက်ဘီးနဲ့တက်ကြိတ်

တဲ့တစ်ယောက်လေ"

"ဩော်. . . သိပြီသိပြီ။ မင်းဆီမှာ ပန်းတောင်း အပေါ်ထ

တယ်လေ"

"အခု ငါ သူ့ဆီက အတိုးတောင်းလာတာ၊ ငါရခုရတယ်"

"[illegible]. . . ဒီလိုကိုး"

"မင်းမှတ်မိလား"

"ငါက နောက်ကျော်လေးပဲ အဝေးကလှမ်းမြင်ရတော့ သိမ

ဘူး။ ချောသလား"

"အဲ့ဒါတော့ ငါမသိဘူး။ သူမနဲ့တွေ့တော့ အလှတရားကို ငါ

မဝင်စားတော့ဘူး"

"သေချာတယ်။ မင်း အဲ့ကောင်မလေးကိုကြိုက်နေပြီ။ ငါ

အတိုင်း ဖက်သာနမ်းပစ်လိုက်၊ ဘူ"



"ငါ သူမကိုအဲ့လိုကြီးမလုပ်နိုင်ဘူး"

ထိုအခါမှာတော့ တိမ်စင်ချိုင်းက ရယ်ပစ်လိုက်တော့သည်။

"ဟား. . . ဟား. . . ဟား"

"ဘာရယ်တာလဲ"

"ရယ်မှတော့ သဘောကျလို့ပေါ့"

"ငါဘာလုပ်ရမလဲ"

"မင်းက အချစ်ဝေရာကြီးပဲ"

"ငါ အခုချိန်မှာတော့ အနောက်နိုင်ငံသားဖြစ်ချင်တာအမှန်ပဲ။

နောက်နိုင်ငံတွေမှာဆိုရင် ပန်းစည်းလေးလက်ဆောင်ပေးပြီး I love

ဆို ဖြစ်ပြီ"

"အဲ့တိုင်းလုပ်လိုက်ပေါ့။ ဘာခက်လို့လဲ"

"ခက်တယ်။ တကယ်မလွယ်ဘူး"

"ဘယ်နေရာမှာ ခက်လို့လဲ"

"ဒီထဲမှာ ခက်နေတာကွာ"

ဟုဆိုကာ ဘယ်ဘက်ရင်အုံကိုပုတ်ပြလာတော့ နှစ်ယောက်

သားရယ်ချင်းဆိုင်ရယ်မိလိုက်ကြတော့သည်။

"အဲ့ဒီမိန်းကလေးကို ငါသိချင်လာပြီ။ မင်းလိုကောင်တောင် ဘာ

www.burmeseclassic.com

www.burmeseclassic.com

လုပ်ရမှန်းမသိဖြစ်အောင် ဆွဲဆောင်နိုင်လို့"

"မင်းသိရမှာပါ။ မကြာခင် ငါ သူ့မနောက်လိုက်တော့မယ်"

ထိုသို့နိုင်နိုင်မာမာပြောလိုက်သည့်တွင်တော့ တိမ်စင်ချိုက ဘေး

နားမှာအသင့်ရှိနေသောအချိုရည်ဘူးကို လက်ဘသိုင်းထံသို့ တစ်ဘူးလှမ်း

ပစ်ပေးကာ သူကိုယ်တိုင် တစ်ဘူးဖွင့်လိုက်ပြီး. . .

"ချီးယား"

ဘူးနှစ်ဘူးကိုထောင်ကာတိုက်ပြီး မော့ချလိုက်ကြတော့သည်။

## အခန်း ( ၁၀ )

"တီ!. . . တီ!"

ဟွန်းသံရှည်ကြီးနှင့်အသံပေးလိုက်တော့ လူတစ်ယောက်က တံခါး

များ ခေါင်းပြူထွက်လာသည်။ သူ့ကားကိုမြင်လိုက်တော့ ပျာပျာသလဲပင်

တံခါးတစ်ချက်ဖွင့်ပြီးထွက်လာကာ. . .

"အစ်ကိုလေးအပြင်သွားပါတယ် အစ်ကိုလေး"

"ဘယ်သွားသလဲ။ ကျွန်တော့်ဆီလည်း ရောက်မလာပါဘူး"

"စက္ကူမြို့အလိတ်ကြီးတွေယူသွားတာတော့ တွေ့လိုက်တယ်"

ထိုအခါမှာတော့ သူသဘောပေါက်လိုက်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း ချောင်တစ်ချောင်မှာ ပန်းချီသွားဆွဲနေပြန်ပြီထင်ရဲ့။ ဘယ်နေရာမှာလဲဆိုတာသိရအောင် ဖုန်းဆက်မည်ဟုတွေးကာ ဖုန်းကို ထုတ်လိုက်ပြီးမှ မဆက်ဖြစ်တော့။ စုတ်တံတွေအပေါ်မှာသာ အာရုံနှစ်ထားမည့်တိမ်စင်ချိုင်းကို မနှောင့်ယှက်ချင်၍ဘဲဖြစ်သည်။

သူ အန်တီလေးရဲ့ဆိုင်သို့သွားရန် တိမ်စင်ချိုင်းကိုအဖော်ဝင်ခေါ်ခြင်းဖြစ်သည်။ အကြောင်းပြချက်ကတော့ တိမ်စင်ချိုင်းအကျႌဝယ်မလို့ပေါ့။ အခုတော့ သူဘာကိုအကြောင်းပြရမှန်းမသိတော့။ အကြောင်းပြချက်မရှိ။ ထူးထူးခြားခြားအလည်လာတာပါဆိုလည်း သူ့ဆိုက်ရုပ်က ပေါ်တင်ကြီးဖြစ်သွားပေတော့မည်။

ထိုဆိုင်သို့မသွားလျှင်လည်း သူက ဘယ်သွားရမှန်းမသိတော့။ ဒီလောက်လမ်းများသည့်သူက ဒီနေ့မှ သွားစရာဘာမှမရှိဖြစ်နေရတာလဲ။ ဒီနေ့ သူ့ရဲ့ဦးတည်ရာက အန်တီလေးဆိုင်သို့ပဲဖြစ်၍ ထိုဆိုင်သို့မသွားရလျှင် သူမှာအခြားသွားစရာမရှိ။ အကြောင်းမဲ့သက်သက်လည်း မသွားချင်ပြန်။

ဒါကြောင့် သူအကျပ်ရိုက်သွားရသည်။ ဘယ်လိုအကြောင်းပြချက်ရှာရမလဲဆိုတာတွေးရင်း ဘီးလိမ့်ရာမောင်းလာခဲ့သည်မှာ အိမ်သို့ပြန်ရောက်လာခဲ့ပြန်ပြီ။

"ဟင်! သား ဘာဖြစ်လို့ပြန်လာတာလဲ။ လမ်းမှာတစ်ခုခုဖြစ်ခဲ့လို့လား။ သွားတာဖြင့် နာရီဝက်လောက်ပဲရှိသေး"

"ဘာမှမဖြစ်ခဲ့ဘူး။ စိတ်မပူနဲ့။ နားအေးအေးနေချင်လို့ ပြန်လာတာ"

"တိမ်စင်ချိုင်းနဲ့စကားများလာတာလား"

"စကားများစရာတိမ်စင်ချိုင်းတောင် သူ့အိမ်မှာမရှိဘူး"

"ဘယ်သွားတာလဲ။ သားမျင်းနေလို့လား"

"ဟာ. . . နားအေးအေးနေချင်ပါတယ်ဆို"

သူကပြောကာ ဆက်တီခုံပေါ်ဖြစ်သလို ဘုန်းခနဲထိုင်ချလိုက်တော့ ချောင်ထဲမှအသံတိတ်သွားရကာ. . .

"ကြီး. . . နေ့လယ်စာစားချိန်ရောက်ပါပြီ"

အိမ်အကူကောင်မလေးက ရှိရှိကျိုးကျိုးလေး လာခေါ်လာတော့. . .

"သားရော၊ ကြီးနဲ့တစ်ခါတည်းဝင်စားပါလား"

"နေ့လယ်စာ"

ထိုအခါမှာတော့ သူက တစ်ခုခုကိုအကြံရသွားပုံမျိုးနှင့် ငေါက်ခနဲ ထိုင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်လို့လဲသား"

"အန်တီလေးရော နေ့လယ်စာမစားဘူးလား"

"သူက သိပ်ပုံမှန်မရှိပါဘူးသားရယ်။ သူက အလုပ်ကတယ်လေ။ နေ့လယ်စာကို ဖွပ်ဖြုတ်တစ်ခုခုသောက်တာများတယ်"

"ဟာ! ဘယ်ဖြစ်မလဲ။ အသက်လည်းကြီးနေပြီ။ ထမင်းမစားလို့ မရဘူး။ မဖြစ်ပါဘူး။ လူကြီးတွေကိုဂရုစိုက်ဦးမှပဲ"

"သားဘာလုပ်မလို့လဲ"

"ဟိတ်! ဘယ်သူမှမရှိကြဘူးလား"

"ဟုတ်ကဲ့အစ်ကိုလေး။ ဘာအလိုရှိလို့ပါလဲ"

"အန်တီလေးဖို့ထမင်းချိုင့်ပြင်ထားလိုက်၊ အမြန်ဆုံးလုပ်နော်"

"ရှင်! အန်တီလေးက နေ့လယ်စာ. . ."

"ဟဲ့. . . မိပု ဘာလျှာရှည်နေတာလဲ။ မင်းအစ်ကိုလေးက ပြင်ဆို ပြင်လိုက်လေ"

"ဟုတ်ကဲ့ကြီး"

မိန်းကလေးမှာ အိုးတိုးအမ်းတမ်းလေးနှင့် အနောက်ခန်းထဲပြန် ဝင်သွားပြန်သည်။

"ကြီးလည်း ထမင်းများများစားနော်။ အန်တီလေးကိုလည်း အား



ရှိအောင် ထမင်းများများစားခိုင်းရမယ်"

"သားရဲ့အန်တီလေးက ဝမှာသိပ်စိုးရိမ်တာတွယ်"

"ဟာ, အဲ့ဒါတွေခေတ်တာပဲ။ မဖြစ်ပါဘူး။ ရောက်တုန်းရောက်ခိုက် အဒေါ်တွေကိုဂရုစိုက်ဦးမှပဲ။ နောက်နေ့တွေဆိုလည်း အန်တီလေးကို နေ့လယ်စာထမင်းချိုင့်. သားပဲသွားပို့မယ်"

သူက သူ့အတွေးနဲ့သူ ပြုံးပြုံးကြီးပြောလိုက်တော့ ကြီးတော်မှာ သူ့ကိုထူးဆန်းသလိုကြည့်လာသည်။

"အစ်ကိုလေး ထမင်းချိုင့်ရပါပြီ"

"ကားပေါ်တင်ထားလိုက်"

ဟုဆိုကာ အပေါ်ထပ်သို့ပြေးတက်သွားပြန်သည်။ သိပ်မကြာခင် မှာပဲ အင်္ကျီနောက်တစ်မျိုးလဲဝတ်ကာ ဆင်းလာသောသားကြောင့် ဒေါ် အလာကြင် ဘာကိုမှနားမလည်နိုင်တော့။ ဘာမှမတွေးတော့တဲ့အခုံး မှာတော့ ညီမဖြစ်သူထံ ဖုန်းခေါ်လိုက်မိသည်။

"ဟယ်လို"

"ဧရွှာ. . . မင်းဆီ သားလာနေပြီ"

"ထူးထူးဆန်းဆန်း။ ခါတိုင်းတော့ လူတွေနဲ့ရှုပ်နေလို့ကျွန်မဆိုင် ကိုမလာချင်ဘူးဆို"

www.burmeseclassic.com

www.burmeseclassic.com

"ဒီထက်ထူးဆန်းတာရှိသေးတယ်"

"ဘာလဲမမ"

"ထမင်းချိုင့်ယူသွားတယ်။ မင်းအတွက်တဲ့"

"ဘုရားရေ"

"အဲ့ဒါ မင်းစားဖြစ်အောင်စားလိုက်။ အဲ့ဒါ တကယ့်နတ်သုဒ္ဓါ အစစ်"

"စားဖြစ်အောင်ကို စားဦးမှာ။ ဝချင်သလောက်ဝပါစေ"

"အရုတလော ငါတို့ရဲ့သားက ထူးဆန်းနေတယ်လို့ မင်းမထင်ဘူးလား"

"ဈေးလည်း ထင်နေတယ်။ တော်တော်ကြီးထူးဆန်းနေတယ်။ ပြီးတော့ ဘာမှန်းမသိတဲ့စကားတွေလည်း တစ်ပိုင်းတစ်စပြောလာတာ သဘောမပေါက်အောင်ဘဲ"

"သွားမမေးနဲ့ အသာလေးသာငြိမ်ငြိမ်စောင့်ကြည့်နေ။ တော်ကြာ စိတ်မဟုတ်လို့ ရန်ကုန်ပြန်သွားမှဖြင့် မင်းနဲ့ငါလွမ်းနေရဦးမယ်"

"ဟော့. . . မမ၊ ပြောရင်းဆိုရင်းနဲ့ မမရဲ့တူက ချိုင့်ကြီးကိုင်ပြီး ပေါ်လာပါပြီ။ ဖုန်းချလိုက်တော့မယ်နော်"

ဟုစကားစကိုရပ်ကာ ဖုန်းခွက်ကိုချလိုက်၏။



သူမက တူတော်မောင်ကို ရပ်စောင့်နေခဲ့ပေမယ့် တူတော်မောင်က သူမထံ တန်းတန်းမရောက်လာခဲ့သေးပါ။ ဟိုကြည့်ဒီကြည့်နှင့်. . .

"သားဘာရှာနေတာလဲ"

အန်တီလေးရဲ့ မေးစမ်းသလိုအမေးစကားမှာတော့ သူက ခေါင်းကို ခေါက်ခေါက်ခါနေတော့ကာ. . .

"ဘာမှမဟုတ်ပါဘူး။ ဆိုင်အပြင်အဆင်သားနားရဲ့လားလို့ ကြည့်တာ"

"ဘယ်လိုလဲ၊ အဆင်ပြေရဲ့လား"

"ပြေတော့ပြေပါတယ်။ ဒါပေမဲ့"

ထိုအခါမှာတော့ သူမြင်ကွင်းထဲ လှစ်ခနဲဝင်လာတဲ့သူမကြောင့် စကားစကိုဖြတ်ပစ်လိုက်သည်။

"အား. . . ညောင်းလိုက်တာ"

"ဟင်. . . ဘာဖြစ်လို့လဲသား"

"ဒီလောက်ထမင်းချိုင့်အကြီးကြီးဆွဲလာရမှာတော့ မညောင်းပဲ နေမလား။ အန်တီလေးရဲ့ဆိုင်က ဝန်ထမ်းတွေက နားလည်မှုမရှိဘူး"

ထိုအခါမှာတော့ အန်တီလေးက သူ့ကိုအကြည့်တစ်မျိုးနှင့်စိုက် ကြည့်ကာ. . .

www.burmeseclassic.com

www.burmeseclassic.com



"ပုရစ်ဖူး"

"ရှင်. . . ဒေါ်လေး"

"ဒီမှာထမင်းချိုင့် လာယူသွားဦး"

"ဟုတ်ကဲ့ဒေါ်လေး။ ဟင်. . ."

သူ့ကိုမြင်သွားသောအချိန်မှာတော့ သူမက မျက်လုံးဝိုင်းလေး
တစ်ခုခုကိုထိတ်လန့်သွားပုံရသည်။ သို့သော် သူ့လက်ထဲမှထမင်းချိုင့်
တော့ လက်လှမ်းယူလိုက်ပါသည်။

သူက မသိမသာလေးပင် သူမကို စချင်မိသွားရကာ သူ့ထံ
ထမင်းချိုင့်ကိုဆွဲယူလာသော သူမရဲ့လက်ကို မသိမသာလေးတွန်းလှ
ကာ အန်တီလေးကိုကျော်လွှန်သွားပြီး စားပွဲပေါ်သို့ သူကိုယ်တိုင်သွားတ
လိုက်သည်။

သူမမှာတော့ အိုးတိုးအမ်းတမ်းကြီးပင် နေရာမှာရပ်ကျန်ရစ်လျှ
အခေါ်ဖြစ်သူကတော့ ထူးခြားနေသောသူ့ကိုသာ ပြုံးတုံ့တုံ့လေးကြ
နေလေရဲ့ပင်။

သူက ထမင်းချိုင့်ကို လက်ကလေးနှင့်ပြန်ပုတ်ပြီး ညှော်သည်မျ
ကိုညှော်ခံသည့်ဆက်တီခုံပေါ် ဖြစ်သလိုထိုင်ချပစ်လိုက်သည်။

"အန်တီလေး နေ့လယ်စာ မစားသေးဘူးလား။ အချိန်တန်ပြ



"သားရော. . . စားလာခဲ့ပြီလား"

"ဆိုင်ကကောင်မလေးတွေရော နေ့လယ်စာကိုစိတ်မဝင်စားကြ
သေးဘူးလား"

"အလှည့်ကျလေး ငါးယောက်တစ်ဖွဲ့စီ။ တစ်ဖွဲ့က စားပြီးပြီ။
တစ်ဖွဲ့လည်း စားဖို့ပြင်နေရောပေါ့"

"ဪ. . . ဒီလိုလား"

သူက မဆီမဆိုင်ပင် အန်တီလေးရဲ့ကိစ္စတွေကို စပ်စုနေပြီးကာ
မှ မျက်လုံးကိုအလွတ်မပေးတမ်း ချေကြည့်လိုက်သည်။ သူမက ဘာဖြစ်လို့
ထမင်းစားဖို့ မပြင်ဆင်ရသေးတာလဲ။

"အန်တီလေး"

"ပြောလေ"

တအုပ်တစ်အုပ်ကိုလှန်လှောနေသောအန်တီလေးက မျက်လွှာ
နှင့်ကာ ပြောလာသည်။

"သူကရော ထမင်းမစားဘူးလား"

"အင်း. . . အိမ်က ချိုင့်လာမပို့သေးလို့ဖြစ်မယ်"

"ကျန်တဲ့လူတွေကရော အိမ်က လာပို့ကြတာပဲလား"

"တစ်ပါတည်းယူလာကြ ဘာ။ သူက အလုပ်များတယ်လေ။ ဒါ

www.burmeseclassic.com



ကြောင့် အိမ်ကလာပို့တာ"

"အလုပ်များတယ်"

"အင်း, တော်လည်းတော်တယ်"

"ဘယ်လိုဖြစ်လို့ တော်ရတာလဲ"

"အလုပ်ကို များတာမလုပ်လို့လေ။ မနက်တည်းက ညအ

သူစိတ်ဝင်စားမိပေမယ့်လည်း ဘာကိုမှထပ်မမေးဖြစ်တော့

လောက်ဆိုတော်လောက်ပြီဟု ယူဆမိသောကြောင့်ဖြစ်သည်။

သူရောက်တတ်ရာရာပင် ဟိုကြည့်ဒီကြည့်နှင့်ကြည့်နေလိုက်သ

သူက တစ်နေရာထဲမှာ ငြိမ်ငြိမ်ထိုင်နေတတ်တဲ့လူမဟုတ်ပေမယ့် သူ

အခုလိုလေး မသိမသာနဲ့ကြည့်ရတာကိုတော့ ကျေနပ်နေမိသည်။

သူမကလွဲရင် ကျန်တဲ့အရောင်းဝန်ထမ်းတွေအားလုံးက

သောက်ပြီးကုန်ကြ၍ထင်သည်။ နောက်ခန်းထဲမှ အလျှိုလျှိုထွက်လာ

ပါ၏။ သူမမှာတော့ အထည်အလိပ်တွေကိုသာ သေချာစွာကြည့်

ဆေးနေပါသည်။

အချိန်ကိုကြည့်လိုက်တော့ (၁၂း၃၀) တိတိဖြစ်နေပြီမို့ သူ့အ

သူစိတ်ပူသွားမိသည်။ အိမ်က ထမင်းချိုင့်လာမပို့ရင် သူမဘယ်လို

သောက်မလဲဆိုတာမျိုးကိုပေါ့။



"အန်တီလေး"

"အင်း"

"အန်တီလေး, သားယူခဲ့တာကို မစားတော့ဘူးလား"

"စားမယ်လေ"

"ဒါဆိုစားတော့၊ သားလည်းစားမယ်။ ဗိုက်က ဆာလာသလိုပဲ"

"ဟင်! ဟုတ်လား"

ထိုအခါကျမှ အန်တီလေးက ချိုင့်ကိုကိုင်ကာ ပျာပျာသလဲဖွင့်လိုက်သည်။

"သားရင်လည်း စောစောကပြောရောပေါ့သားရယ်။ ဗိုက်အောင့်နေမှဖြင့်"

ပြောပြောဆိုဆိုနှင့် ဒေါ်စန္ဒာကြင်မှာ ခူးခပ်ပြင်ဆင်နေပြန်သည်။

"အန်တီလေး"

"ပြော"

"သူ့ကိုလည်း စားဖို့ခေါ်လိုက်ပါလား။ သူ မစားရသေးဘူးနဲ့တူတယ်"

"သားပဲ ဆာနေပြီဆို"

"သူလည်း ဆာနေပြီထင်တယ်"

www.burmeseclassic.com

"သဘောတွေကောင်းနေပါလား"

ဟုပြုံးပြုံးလေးပြောလာတော့ သူက မလုံ့တလုံလေးနှင့်ရှက်သွား ရသည်။

"ပုရစ်ဖူး"

"ရှင်. . . ဒေါ်လေး"

"အိမ်က ထမင်းချိုင့်လာမပို့သေးဘူးလား"

"ဟုတ်ကဲ့။ ဒီနေ့နောက်ကျတယ်"

"လာလေ။ ဒီမှာ တို့တွေနဲ့တစ်ခါတည်းလာစားလိုက်ပါလား"

"ရပါတယ်။ လာပို့တော့မှာပါ"

သူမက ပုံမှန်လေးသာပြောလိုက်ပေမယ့် သူက ရှုံ့မဲ့ကာ. . .

"သူ ပဲများနေတာအန်တီလေး။ သူသာနေပြီ။ ဆာလွန်းလို့ ဗိုက် တွေအားလွေးအောင့်လာရင် အန်တီလေးပဲ အမှုပတ်မယ်နော်။ ရအော ခေါ်လိုက်"

"စိုးရိမ်စရာမလိုတော့ဘူး"

"ဗျာ!"

"ဟိုမှာလေ မတွေ့ဘူးလား။ သူ့အိမ်က လာပို့ပြီ"

အန်တီလေးမေးငေါ့ပြရာဘက် သူလှမ်းကြည့်လိုက်ချိန်မှာ ဓော



လေးတစ်ယောက်ထံမှ ချိုင့်ကိုလွဲယူနေသောသူမကိုတွေ့လိုက်ရသည်။ ထိုကောင်လေးကို သူကောင်းကောင်းသိနေပါသည်။ သို့သော်လည်း. . .

"သူက ဘယ်သူလဲ"

"ပုရစ်ဖူးရဲ့မောင်လေ"

"သူတို့ ဘယ်လိုဟင်းတွေစားသလဲမသိဘူးနော်"

ထိုအခါမှာတော့ အဒေါ်ဖြစ်သူက စိတ်ကိုဖတ်တတ်သူတစ်ဦး နှယ်. . .

"ပုရစ်ဖူး"

"ရှင်. . . ဒေါ်လေး"

ချိုင့်ဆွဲပြီးဝင်လာသောသူမမှာ အော်သံရှုးရှူးကြောင့်. . .

"အတူတူစားရအောင်လား"

လက်ဘသိုင်းရဲ့မျက်နှာက ပြုံးရွှင်သွားရပေမယ့် ပုရစ်ဖူးကတော့ ထိုအခမ်းတမ်းနှင့် တွေဝေစွာရပ်နေမိခဲ့။ သူမက ငြင်းဆန်ရမှာလား။ လိုက်လျောညီထွေဆက်ဆံရမှာလား။

ဒေါ်လေးခေါ်နေတာကို 'ရပါတယ်၊ တော်ပါပြီ' ဟုငြင်းရမှာ ဆိုသည်း သူမမှာ ဘာပါဝါမှမရှိ။ မငြင်းဆန်တဲ့ လက်ခံလိုက်ရင်လည်း တော်ရဲလား။

"လာပါ၊ တို့တွေအတူတူစားကြတာပေါ့။ ထမင်းဆိုတာ လက်

စားမှပြည့်စုံတာကွယ့်"

စကားလုံးချိုချိုကြောင့် မငြင်းဖြစ်တော့ပါဘဲ အတူတူစားဖြစ်

ကြသည်။ သုံးဆင့်ချိုင့်ကိုဖွင့်လိုက်သည်တွင် ထွက်ပေါ်လာသောအမွှေး

ကြော်နှင့် အသားဟင်းရာစ်မျိုးကြောင့် သူက ဟန်ပင်မလုပ်နေတော့

ဖွတ်ခနဲနှိုက်ကာစားပစ်မိသည်။

"အား. . . ရှူး. . . ရှဲ. . . စပ်. . . စပ်တယ်"

"ဟဲတော့ ဘယ်လိုလုပ်ရမလဲ။ ရော့. . . ရော့ ရေသောက်လိုက်

အန်တီလေးမှာ ပျာပျာသလဲပင် ရေတစ်ခွက်လှမ်းပေးလာသည်

သူက ရေကိုတစ်ကျိုက်တည်းမော့သောက်ပစ်ကာမှ အစပ်က ပြယ်သွား

သလို လို။

"ပုရစ်ဖူးရဲ့ဟင်းတွေက အရမ်းစပ်လို့လား"

"ဟုတ်ကဲ့ဒေါ်လေး၊ အိမ်က စပ်စပ်ပဲစားတာက ပုံမှန်ဖြစ်နေ

ရာသီဥတုအေးအေးက စပ်ခါးခါးအရသာလေးနဲ့မှ လိုက်ဖက်ညီတာ

မှတ်သားစရာကောင်းတဲ့ သူမရဲ့စကားခပ်ဆန်းဆန်းကို သူ

ဉာဏ်ထဲ မှတ်သားထားမိလိုက်ပါ၏။ ရေတ်သီးတန်ခိုးကြောင့် သူ

မဆက်မစားနိုင်တော့ပါဘဲ အချဉ်ဘူးကိုသာ ဖွင့်သောက်ကာ ငြိမ်

သုက်ရည်စားသောက်နေသောပုရစ်ဖူးဆိုသောသူမကိုလည်းကောင်း၊ တို့

အနုန်းဆိတ်ကနန်းလေးနှင့် မစားချင်စားချင်စားသောက်နေသော အန်

တီလေးကိုလည်းကောင်း တစ်လှည့်စီကြည့်နေမိလိုက်၏။

သူမကတော့ သူ့ကိုဘယ်တုန်းကမှမတွေ့ဖူးခဲ့သူလို မသိခဲ့ဖူးသော

သူလို ဖာသိဖာသာပင်နေခဲ့ပါသည်။ သူ့ရင်ထဲ ထိုအရာကို အနည်းငယ်

တော့ မကျေမနပ်ဖြစ်မိပါသည်။

အခြားသောမိန်းကလေးတွေလိုပဲ သူမကလည်း သူ့အပေါ်အရေး

ထားပြောဆိုဆက်ဆံစေချင်ပါ၏. နည်းနည်းလေးရင်းနှီးခဲ့ကြတာကို

လည်း တော်တော်လေးရင်းနှီးခဲ့ကြသလို လိုက်လိုက်လဲ့လဲ့ရှိစေချင်သည်။

သို့သော် ဘယ်တုန်းကမှမသိခဲ့သူလို မသိချင်ယောင်ဆောင်နေ

သောသူမပုံရိပ်ရိပ်ကို သူအသည်းယားမိတာတော့အမှန်ပါပဲ။ ဒါကြောင့်

ပင် သူမရပ်နေရာ အဝတ်တန်းကြီးဘက် မယောင်မလည်နှင့် တိုးကပ်

သွားမိခဲ့၏။

"ဒိတ်! မင်းက အတိတ်မေ့ရောဂါရှိတယ်ထင်တယ်နော်"

"ရှင်ဘာပြောသနားရှာပြန်ပြီးမလို့လဲ။ ရှင်နဲ့ကျွန်မကြား အကြောင်း

ရှင်းသွားပြီနော်။ ထပ်လျော်စရာလည်း ကျွန်မမှာ ပိုက်ဆံမရှိတော့ဘူး။

ရှင်ခြေထောက်ကလည်း အကောင်းကြီးရှိနေတာပဲ"

www.burmeseclassic.com



"အင်း. . . ဒီလောက်ဆိုရင် မင်းက ရောဂါကင်းစင်သွားပဲ"

"ရှင်ပြောချင်တာ ဒါပဲမဟုတ်လား။ ရှင်ပြန်တော့"

"အခုချိန်ထိ ငါ့ကိုအမိန့်ပေးနိုင်တဲ့လူ လောကမှာမရှိသေးဘူး။ ငါနေချင်ရင် မပြန်ဘဲတောင် ညအိပ်လို့ရတယ်"

"ရှင်တို့လိုလူမျိုးတွေက အဲ့ဒါစိတ်ပျက်ဖို့ကောင်းတာပဲ။ ကျွန်မ ရှင်နဲ့စကားမပြောချင်ဘူး"

"ငါက ပြောချင်တယ်"

"အဲ့ဒါဆို တခြားလူနဲ့သွားပြော"

"ငါက မင်းနဲ့ပဲပြောချင်တာ"

"ဒီဆိုင်မှာက လစာများတယ်။ ကျွန်မအတွက်တော်တော်ကောင်း ပြေတယ်။ အဲ့တော့ ကျွန်မ အလုပ်မထွက်ချင်ဘူး။ ရှင်သဘောပေါက် ပါတယ်နော်"

"မင်းကိုစတွေ့ချင်းတည်းက ထူးခြားတယ်လို့တော့ ခံစားမိ သား။ ပထမဦးဆုံးအကြိမ်အနေနဲ့ သူများပြောစကားကို ငါ [illegible] တောင် လိုက်မယ်။ ကောင်းပြီ ငါ မင်းကိုစကားမပြောတော့ဘူး။ ဒါပေမဲ့. . .ငါ မနက်ဖြန်လည်း လာမယ်နော်"

"ဒါ ရှင့်အဒေါ်ဆိုင်ပဲ၊ ရှင့်သဘောပါ"

"မဟုတ်ဘူး။ ငါက မင်းဆီကိုလာမှာ"

"ကျွန်မဆီ"

"အင်း၊ ငါ မင်းကိုလိုက်တော့မလို့"

"အပေါ်ဆန်လိုက်တာ"

သူမက ပျစ်ပျစ်နှစ်နှစ်ကြီးပြောပစ်လိုက်ပေမယ့်လည်း သူကတော့ အပြောင်မြောက်ဆုံးဟာသတစ်ပုဒ်ကိုကြားလိုက်ရသူနှယ် တဟားဟား နှင့်။ သူမ ထိုပုဂ္ဂိုလ်လေးကိုမြင်မြင်းကပ်မိပါသည်။ နေရာတကာမှာ ဆောင့်ကြွားကြွားနှင့်မို့ပါ။

ထိုပုဂ္ဂိုလ်လေးနှင့်မထင်မှတ်ပါဘဲ တိုက်တိုက်ဆိုင်ဆိုင်ကြီးအမြဲ ဆုံတွေ့ခဲ့ရသော်လည်း သူ့ပုံစံက သူမမျက်စိထဲ လုံးဝကိုအချိုးမပြေ။ တွေ့တွေ့ချင်းတုန်းကတော့ သူမစိတ်ထဲ သူ့ကိုဘယ်လိုမှမခံစားမိပေမယ့် စကားပြောများလာသည်နှင့်အမျှ ဆောင့်ကြွားကြွားသူ့ပုံကို အမြင်ကပ် လာသည်။

သူမှတ်ထဲ အကြွေးတကောက်ကောက်လိုက်တောင်းနေစဉ်ကတော့ သူမတို့လိုင်မွဲလေးတစ်ယောက်ဟုထင်မှတ်ကာ ရှောင်ပြေးခဲ့ဖူးသည်။ သူမလုံးဝမထင်မှတ်ထားတာက ထိုလူဟာ သိပ်ချမ်းသာပြီး ပည်းကမ်း ကြီးတဲ့ဆိုင်ရှင်ဒေါ်လေးရဲ့နှတ်ဖျားမှမချတဲ့ တူဖြစ်နေလိမ့်မည် ဟုတာပါ

www.burmeseclassic.com

www.burmeseclassic.com



ပိုင်စိုးပိုင်နင်းနှင့် ဆောင့်ကြွားကြွားနိုင်လှတဲ့သူ့ပုံကို သူမတဖြည်းဖြည်းနှင့် ပိုပြီးကြည့်မရဖြစ်လာတော့သည်။ သူကတော့ သူမကိုပြုံးပြုံးနှင့်တစ်မျိုး၊ ခိုးကြောင်ခိုးဝှက်နှင့်တစ်ဖုံ၊ မသိမသာနှင့်တစ်မျိုး၊ သိသိသာသာတစ်ဖုံနှင့် တစ်ခါတစ်ရံမှာ စိုက်ကြည့်နေတတ်ပါသည်။ သူမက ထိုသို့သော စွဲညို့တဲ့မျက်ဝန်းမျက်ကြီးတွေကို မုန်းလိုက်ပါဘိ။

အသက်ကဖြင့်ကြီးနေပြီ သူကိုယ်သူနာမ်စားက သားတဲ့။ ထိုအသံကြီးကိုလည်း သူမက ကြားပြင်းကပ်လှပါ၏။ ဒီနေ့တော့ သူမ ဆိုင်မှာနေရတာ ဘယ်လိုမှအဆင်မပြေလှ၍ သူမမျက်နှာက စူတော်ထော်မှုန်ကုပ်ကုပ်နှင့်။

သူမစက်ဘီးလေးကို သူ့ကားအစိမ်းရောင်လေးက [illegible] ဖြတ်သွားချိန်မှာတော့ သူမက ထိုကားလေးထဲ ဒိုင်းခနဲနေအောင် မျက်စောင်းထိုးလိုက်ပါသေးသည်။

သူမ အိမ်ပြန်ရောက်သွားချိန်မှာတော့ အမေက ချုပ်ပြီးသားအင်္ကျီများကို လက်ချုပ်လိုက်နေပါသည်။

"သမီး၊ ဒီနေ့စောလှချည်လား"

"ဆိုင်ရှင်ဒေါ်လေးရဲ့တူ လာရှုပ်သွားလို့ စောစောပဲ ဆိုင်သိမ်းဖြစ်တယ်"

"အရမ်းဆော့လို့လား"

"အွန်း. . . အရမ်းဆော့တာ။ စကားပြောရင်လည်း သား၊ သားနဲ့ နားကြားပြင်းကပ်တယ်"

"ဟဲ့. . . သူများကို အလကားနေရင်း ကလေးနဲ့တောင် မင်းက ရန်ဖြစ်ချင်နေတာလား"

"ကလေး. . . ဟုတ်လား"

"အဒေါ်အပျိုကြီးတွေက တူလေးကိုတော့ တုန်နေအောင်ချစ်ကြမှာပေါ့"

"ချစ်စရာတစ်ကွက်မှကိုမရှိတာ"

"ဟဲ့! ပြောလေကဲလေပါလား။ သူများရဲ့တစ်ဦးတည်းသောတူလေးကို သူ့အဒေါ်တွေရှေ့မှာ မင်းဒီလိုကျုပ်ကျုပ်ပြော။ အလုပ်ထုတ်ခံနေရဦးမယ်။ အဲ့ဒီမှာက လခလည်းကောင်းတယ်။ သွားရေးလာရေးလည်း အဆင်ပြေတယ်"

"ကဲ၊ အမေရေ၊ ပြီးဦးမှာလား။ သမီး ခြံထဲသွားတော့မယ်"

"ပြော် အေးအေး၊ သွားလေ"

"ဗိုက်ဆာတယ်"

"မင်းလောက်အစားကြီးတဲ့လူ ကမ္ဘာမှာရှိနိုင်ဦးမလား။ များများ

www.burmeseclassic.com

www.burmeseclassic.com



သာစား။ ကြာရင် ဝက်ဖြစ်လာမယ်။ အဲ့ဒါမှ မင်းကို ဘယ်ကောင်လေးကမှ ကြိုက်လာမှာမဟုတ်ဘူး။ ယောကျ်ားကောင်းကောင်းမရဘဲနေမယ်။ ဝိတ် လျှော့ဖို့လည်း ဂရုစိုက်ဦး။ ဗိုက်ခေါက်က တစ်တောင်လောက်ထွက်နေပြီ"

"ဟာ အမေကလည်း အကျီအနွေးထည်တွေ ဖွဲ့ဒီလောက်ကြီး ဝတ်ထားတာပဲ၊ မသိသာပါဘူး"

"ဟိုဘက်အိမ်က ဒေါ်ကျာဘောက်ရဲ့သမီးလေးဆိုကြည့်စမ်း။ ပိန် ပိန်သွယ်သွယ်လေးနဲ့ ချစ်ချစ်ရပ်ရပ်လေး ဘယ်လောက်ထိလှနေသလဲ။ မင်းမှာတော့. . . ဟွန်း"

"တော်ပြီတော်ပြီ. . . ဘာမှတောင်မစားတော့ပါဘူး။ သွားတော့ မယ်"

"ဟဲ့, စောစောပြန်လာမှာလား"

"အင်း. . . ဒီနေ့ ပန်းလိုက်စပ်စရာမရှိဘူး။ စောပြန်လာဖြစ်မယ်"

"ဒါဆို ထမင်းစားစောင့်နေမယ်"

"ဟုတ်. . . သွားပြီ"

ဟုဆိုကာ ကမန်းကတမ်းထကာ လှေကားကိုပြေးဆင်းသွားပြီး စက်ဘီးကိုပျာပျာယာယာထုတ်ကာ. . .

"အမေ့"

"ဘာလဲ"

"ဟဲဟဲ. . . စက်အံဆွဲထဲက (၅၀၀) တန် သမီးယူသွားပြီ"

ဟုဆိုကာ လှစ်ခနဲပြေးထွက်ခဲ့တော့၏။ ဆွေ့ဆွေ့ခုန်အော်ဟစ် နေမယ့် ကပ်စေးနဲအမေ့ရဲ့ပုံကို မြင်ယောင်မိပါသေးသည်။ လမ်းထိပ်က ထိုးဆိုင်မှာ စက်ဘီးကိုရပ်ကာ ခေါက်ဆွဲကြော်ထုပ်နှင့် ပိုတဲ့ပိုက်ဆံကို ထိုသို့သွားလီအလှူးကြော်နှင့်ငါးမုန့်ကြော်ကြော်ကိုဝယ်ယူကာ ကျောပိုး အိတ်လေးထဲ ထည့်လာခဲ့လိုက်သည်။

သူ့အဖေတွေကတော့ ဦးလေးရဲ့မီးဖိုခန်းထဲမှာမှ ခေါက်ဆွဲကြော်ကို မြှုပ်ပြီးစားမယ်ပေါ့။ ဗိုက်ထဲကလည်း တဂွဂွနှင့်မြည်နေတာကြောင့် စက်ဘီးကိုအားသွန်နှင်းလိုက်မိသည်။

ဒါကြောင့် နာရီဝက်အတွင်းမှာပင် မြို့ထဲသို့ရောက်သွားခဲ့ပါသည်။ မြို့ထဲရောက်တော့ နှင်းဆီပင်တွေအောက်မှာ ပေါင်းမြက်ရှင်းနေသည့် ဦးလေးကိုလည်းကောင်း၊ ဂန္ဓမာပန်းပင်တွေနားမှာ အရွက်ခြွေနေသည့် အလုပ်သမားအနည်းငယ်ကိုလည်းကောင်း တွေ့လိုက်ရသည်။

"ဦးလေး, သမီးရောက်ပြီ"

"သမီးက ဒီနေ့စောလှချည်လား"

"ဟုတ်, ဒီနေ့ ဆိုင်စောစောသိမ်းဖြစ်လို့"

www.burmeseclassic.com

www.burmeseclassic.com

"သမီး ဒီနေ့နားရင်နားလိုက်လေ။ အလုပ်ပါးတယ်"

"မနားတော့ပါဘူး။ သမီးခေါက်ဆွဲပြုတ်စားပြီးရင် အနောက်ဘက် က သခြေညီခြံထဲမှာ သန့်ရှင်းရေးဝင်လုပ်လိုက်မယ်။ အဲ့ဒီမှာ ဘာမှ မလုပ်ဖြစ်ကြတာကြာပြီ"

"ဒီနေ့ သမီးလုံးဝနားလိုက်ပါတော့။ မီးလာနေတယ်။ တီဗွီဖွင့် ကြည့်ရင်လည်းကြည့်"

"ဦးလေးကြီးက အရမ်းသဘောကောင်းနေတာပဲ။ ဘာကြောင့်လဲ မေးနေမိလား"

"သခြေညီခြံထဲမှာ ကောင်လေးတစ်ယောက် ပန်းချီရေးနေတယ် မနက်တည်းကပဲ"

"ဪ. . . အဲ့ဒီလိုလား။ ဒါဆို သမီးခေါက်ဆွဲပြုတ်စားပြီး တီဗွီ ငြိမ့်နေတော့မယ်"

ဦးလေးကြီးရဲ့အပြုံးတစ်ပွင့်ကတော့ ကလေးငယ်ကိုလိုက်လျော ချော့သိပ်နေသည့်လူကြီးတစ်ယောက်ရဲ့အပြုံးနှယ်။ သူမကတော့ မီးဖို ချောင်ထဲ အိုးတစ်အုံးကိုရှာဖွေကာ မီးဖိုပေါ်တင်ကာ ရေတစ်ခွက်ထည့် ထားလိုက်သည်။

ဗိုက်ဆာနေပါတယ်ဆိုကာမှ အရေထဲ ရေနွေးက မဆူတတ်ပြန်ပါ

ဒါကြောင့် သူမက ရောက်တတ်ရာရာတွေးမိရင်း ဦးလေးပြောတဲ့စကားကို သတိသွားရသည်။

သခြေညီခြံထဲမှာမှ ပန်းချီလာရေးသောကောင်လေးကိုမြင်ဖူးချင် လာတာကြောင့် သူမက သခြေညီခြံဘက် မယောင်မလည်လေး ချဉ်းကပ် ဖြစ်ခဲ့သည်။

လေပြည်လေညှင်းခပ်အေးအေးလေးနှင့်အတူ ခပ်လှမ်းလှမ်းမှ မြင်လိုက်ရသောထိုပုဂ္ဂိုလ်လေးကြောင့် သူမရင်အစုံက တဒုန်းဒုန်းနှင့် မြန်ဆန်လာရသည်။

သူမ မမှားနိုင်ပါ။ ဒါ သူမရဲ့ပုံရိပ်လေး တိမ်စင်ချိုင်းပါပဲ။ သူမက တော့ သူ့ပုံရှင်းသန့်သန့်ကို ရီဝေစွာငေးမောနေခဲ့ပေမယ့် သူကတော့ မတ်ဝန်းကျင်ကိုမေ့လျော့နေသည့်အလား မျက်ဝန်းအစုံကို ပန်းချီကားထဲ မှလုံးဝမခွာ။

တိမ်စင်ချိုင်းဆိုသောသူက သိပ်စမတ်ကျပြီး ဝတိုင်ကျကျနှင့် သန့်ပြန့်တည်ကြည်သောယောကျ်ားတစ်ယောက်ပါပဲ။ အဲ့ဒီလောက် မြေ ဖြစ်တည်ငြိမ်သောယောကျ်ားတစ်ယောက်ကို သူမသဘောကျမိတာ သူမ အပြစ်မဟုတ်ဟု သူမ ယူဆထားမိသည်။

လေအဝှေ့မှာ ပါးပြင်ငှ ခိုက် ကျီစယ်သွားသော သူ့ဆံပင်ရှည

www.burmeseclassic.com

www.burmeseclassic.com



မျှော့မျှော့ ဖြောင့်စင်းစင်းလေးများက ခပ်သန့်သန့်သူ့မျက်နှာနှင့် လိုက်

ဖက်လွန်းလှပါသည်။

တင်းမာစိုပြေသောနှုတ်ခမ်းအစုံကလည်း အရယ်အပြုံးနည်း

မယောင် တည်ငြိမ်လွန်းလှသည်။ သူမ တိမ်စင်ချိုင်းကို ဒေါ်ကြည်လ

ခဲ့သည်မှာ (၁၀)နှစ်ကျော်ကာလကြာခဲ့ပါပြီ။ သို့သော် တိမ်စင်ချိုင်း

အပြုံးရေးရေးကိုမူ တစ်ကြိမ်တစ်ခါမှမတွေ့ခဲ့ဖူးပါ။ သူမရင်ထဲ သံသ

ဝင်မိပါသည်။ တိမ်စင်ချိုင်းက ပြုံးမှပြုံးတတ်ရဲ့လားဟု။

ညနေခင်းဘက်မို့ လေအေးအေးက လှောင်ပြောင်နေသယောင်

ခပ်ကြမ်းကြမ်းတိုက်ခတ်သွားသဖြင့် အင်္ကျီအနွေးများဝတ်ထားသော

သူမပင်လျှင် တုန်ခနဲအေးသွားရသည်။ သူမ စိတ်ပူမိပါသည်။ တိမ်စင်

ချိုင်းက ကုတ်အင်္ကျီမီးပြာရောင်ပါးပါးတစ်ထည်သာ ဝတ်ထားခဲ့၍ပါ။

သူမ တစ်ခုခုကိုသတိရသွားပုံမျိုးနှင့် လှစ်ခနဲပြေးထွက်သွားပြ

သည်။ သို့သော် သိပ်မကြာပါ။ အငွေ့တစ်ထောင်းထောင်းထနေသော

ခေါက်ဆွဲပြုတ်ပန်းကန်လေးယူကာ ပေါ်လာခဲ့ပြန်သည်။ သူက တစ်နေ့လုံး

ပန်းချီထိုင်ဆွဲနေတော့ ဆာနေရောပေါ့။

"အဟမ်း. . . အဟမ်း"

သူမက အသံပေးလိုက်ပေမယ့်လည်း ထိုလူက နောက်သို့ပင်



ကြည့်မလာပါ။

"ဒီမှာ"

"ကိုယ်. . . တစ်ခုခုကိုအာရုံဝင်စားနေရင် ကိုယ့်ကိုလာရှုပ်တာ

ကြိုက်ဘူး"

သူက ပန်းချီဆွဲနေရင်းပင် သူမကိုလှည့်မကြည့်ဘဲ ပြောလိုက်

သည်။

"ဟို ရှင့်အတွက် ခေါက်ဆွဲပြုတ်လာပို့တာပါ။ ရှင်ဆာရင်လည်း

လေ"

ဟုဆိုပြီးသော စားပွဲခုံပေါ်တင်ကာ သူမလှည့်ထွက်ခဲ့တော့သည်။

သူမက စကားတစ်ခွန်းတလေလေးများ ကြားရနိုးနှင့် နားစွင့်မိပါသော်

လည်း သူ့ထံမှ ဘာတစ်ခုမှထွက်ပေါ်မလာတာကြောင့် စိတ်ဖုန်းဖုန်းချပြီး

သာ လှည့်ထွက်ခဲ့ပါတော့၏။

သူက ရှာနဲ့ဝင်နေသည်မို့ လာရှုပ်တယ်ဟု ထင်မည်စိုးသော

ကြောင့်ပါ။ လှည့်ထွက်သွားသော ညှိုးငယ်ငယ်ကျောပြင်တစ်ခုကြောင့်

သူပန်းချီထပ်ဆွဲလို့မရတော့ပါ။

သူ့အာရုံတွေက ထိုကျောပြင်နောက်မှာ ကစဥ့်ကလျားကပ်ပါသွား

သည်။ ဒါကြောင့် သူ စုတ်တံ ကို စားပွဲပေါ် ဖြစ်သလိုပစ်တင်ပစ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ အငွေ့တစ်ထောင်းထောင်းထနေသောခေါက်ဆွဲပြုတ်က သူ့
စိန်ခေါ်သယောင် စားပွဲပေါ်မှာ မင်းမူနေပါ၏။

သူက အစာမစားဘဲ နှစ်ရက်သုံးရက်လောက်ပင် နေနိုင်သူ
ထိုခေါက်ဆွဲပြုတ်ကို ရင်မခုန်လှသော်လည်း ရှူကြောင်ကြောင်နိုင်လှ
သည့်သူမအပြုအမူကိုတော့ ရင်ခုန်သွားမိသယောင်။ ဘယ်တုန်းက
မသိခဲ့ဖူးတဲ့သူစိမ်းလူတစ်ယောက်ကို စေတနာတွေလျှံကာ ရက်ရော
သော စေတနာရှင်မလေးမို့ပါ။

သူအာရုံနောက်သွားမိပေမယ့်လည်း ကြင်နာတတ်သောစော
အရောင်လေး၏ကြောင့် ကြည်နူးသွားမိသလိုတော့ရှိသား။ သူ့ကို အရ
နွေးနွေးထွေးထွေး ကြင်ကြင်နာနာဆက်ဆံမည့်သူဏ မရှိခဲ့တာကြာ
လေ။

ဘဝမှာ လိုလေသေးမရှိပြည့်စုံခဲ့ပေမယ့်သူက မေတ္တာငတ်မွတ်
ခဲ့သူလေ။ ဒါကြောင့်ပင် စေတနာတွေပြည့်လျှံနေသော ခေါက်ဆွဲပြုတ်
သူစားလိုက်မိသည်။ ခံတွင်းနှင့်အရသာတွေ့သွားတာကြောင့် တစ်ဖ
ကန်လုံးကုန်အောင် စားပစ်မိသည်။ မှတ်မှတ်ရရတွေးကြည့်ရလျှင် သ
ဘဝမှာ ဒါဟာ ပထမဆုံးအစာကို ငံ့လင့်တကြီးစားမိခြင်းပါ။ သူ
သေ ာက်နေရင်းပင် သပြေပင်နောက်ကွယ်မှ သူ့ကိုချောင်းကြည့်နေ

သူမရဲ့ပုံကို မြင်ယောင်နေမိပါသည်။

သူနှုတ်ခမ်းနှစ်လွှာက ပြုံးမယောင်လေး ကွေးညွတ်သွားမိတာ
တော့အမှန်ပါပဲ။ ခေါက်ဆွဲပြုတ်တစ်ပန်းကန်ကုန်သွားတော့ သူက ဆွဲ
ယက်စပန်းချီပုံကို သိမ်းဆည်းလိုက်သည်။

သူကားအဖြူလေးရှိရာသို့လျှောက်လာခဲ့စဉ် ကုန်းကွကုန်းကွနှင့်
ရောက်တတ်ရာရာအလုပ်ရှုပ်နေသော သူမကို မထင်မှတ်ဘဲတွေ့လိုက်ရ
သည်။

သူက ချိုသာသောနှုတ်ခွန်းဆက်စကားကို ဘယ်လိုပြောရသည်
ဆိုတာမျိုးကို မသိပါသော်လည်း. . .

"ကျေးဇူးတင်ပါတယ်"

ဒါ သူ့ဘဝမှာ ပထမဆုံးပြောမိသောနှုတ်ခွန်းဆက်စကားပါပဲ။

"ဟင်. . . အော"

ဘာပြန်ပြောရမှန်းမသိဖြစ်သွားပုံလေးက ပီတိကလေးငယ်တစ်
ယောက်နှယ်။ အိုးတိုးအမ်းတမ်းဖြစ်နေသောသူမကို တစ်ခုခုပြန်ပြောချင်
မိပါသော်လည်း ဘာမှမပြောဖြစ်တော့ဘဲ ဖြတ်ကျော်လာခဲ့ပါသည်။

"ဟို. . ."

တစ်ပိုင်းတစ်စကြီးနှင့်ရပ်တန့်သွားသော သူမအသံစာစာလေး

www.burmeseclassic.com

www.burmeseclassic.com

ကြောင့် သူရင်ကာ နာရွှင့်မိလိုက်၏။ သို့သော် ထပ်ပြီးဘာသံမှထွက်မ

တာကြောင့် သူပြန်လှည့်ကြည့်မိလိုက်စဉ် မျက်လုံးလေးကလယ်ကလ

နှင့်သူမက. . .

"ကောင်းရဲ့လား"

ထိုအခါမှာတော့ သူဘာမှမပြောနိုင်ပါတော့ဘဲ ကြည့်ကြည့်လေ

ပြုံးပြမိလိုက်တာမှာအမှန်ပင်။ ထိုအပြုံးလေးတစ်ပွင့်ကို သူမရင်ထဲ

စွာမှတ်တမ်းတင်ထားပါ၏။

သူ့အပြုံးဟာ ကြည်ရွှင်ပြီးလှပနေ၍ပါ။ သူက ပြုံးလိုက်ပြန်တော့

လည်း လန်းဆန်းမှုတစ်မျိုးနှင့် ပိုရွှဲစွဲဆောင်မှုရှိသွားသယောင်။ ထိုအပြုံး

မျိုးကို သူမထပ်၍မြင်ချင်သွားသည်။

သူပြုံးလိုက်တိုင်း အပြုံးပွင့်လေးတွေက သူမအတွက်ချည်းဖြစ်စေ

ချင်ပါသည်။ ဒါဆို သူသိပ်လောဘများကြီးသွားလေမလား။ သို့သော်

ထိုအပြုံးလေးရေရေကြောင့် သူက သူမရင်ထဲမှာ အရှင်သခင်ဖြစ်သွား

ရပါသည်ဆိုရင်ရော။

## အခန်း ( ၁၁ )

"မင်း၊ မနေ့က ဘယ်ချောင်မှာ သွားကွေးနေတာလဲ"

"ဇက်အော်သံလည်းကြားရတယ်။ လေကောင်းလေသန့်လည်း ရတယ်။ ပြီးတော့ အေးဆေးတဲ့နေရာတစ်ခုလည်းဖြစ်မယ်ဆိုရင် ငါ့ကို ရှာဖို့မခက်ပါဘူး"

"ငါ မင်းကိုမရှာပါဘူး။ မင်းကိုအနှောင့်အယှက်မပေးချင်လို့"

"စိတ်ကောင်းဝင်စတော့ပြုလာပြီ"

"ငါ မင်းကိုပြောချင်နေတဲ့ အဓိကအကြောင်းအရာက အဲ့ဒါ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com

"သူမအကြောင်းလား"

"အမှန်ပဲ"

"မင်း၊ သူမကိုနိုက်နေပြီထင်တယ်"

"ဘယ်လိုလုပ်သိနိုင်သလဲ"

"မင်းမျက်လုံးတွေက သူမအကြောင်းဆိုရင် တောက်ပလာလို့"

"ဟား. . . ဟား. . . ဝမ်းသာစရာကောင်းလိုက်တာ။ တကယ်ပဲ။ ငါ သူမကိုကြိုက်နေပြီ။ သူမက အရမ်းချစ်စရာကောင်းတယ်ကွ။ ငါ့ကိုကြည့်ရင်လည်း ဘုတောတောနဲ့။ ငါ သူမကို ဘာကြောင့် အဲ့လောက်ကြီးကြိုက်သွားလည်းမသိဘူး"

"လူတွေပြောပြောနေတတ်တဲ့အချစ်ပေါ့"

"အချစ်. . . အရမ်းသဘောကျတယ်။ အဲ့ဒီအချစ်က ရာသီဥတုကိုသာယာစေတယ်။ ငါ တကယ်ပဲ အခုချိန်မှာကြည်လင်နေတယ်။ သူမနာမည်က ပုရစ်ဖူးတဲ့"

"မင်း သူမကိုလိုက်တော့မှာလား"

"အမှန်ပဲ။ လိုက်ခဲ့တော့မှာထက် အသည်းအသန်ကြိုးစားတော့မယ်လို့ပြောရင် ပိုထိရောက်လိမ့်မယ်"

"အသည်းအသန်"



"ဟုတ်တယ်။ ငါအလိုလိုနေရင်း သိနေတယ်။ သူမက ငါ့အတွက် . . .ဘ်ခဲလိမ့်မယ်။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ ဒီအထဲက နိုင်မာနေတာပဲ"

ဟုဆိုကာ ရင်ဘတ်ကြီးကိုပုတ်ပြလာသည်။ အမှန်အကန်ကြီး . . .နေသောလက်ာသိုင်းရဲ့ပုံစံကြောင့် သူရယ်ချင်သွားမိပါသည်။

သူတစ်သက်တာမှာ လက်ာသိုင်းက အခုလောက်ထိကြီး ဆန္ဒ . . .ငှင်းပြနေတာ ဒါပထမဆုံးတွေ့ဖူးခြင်းဖြစ်သည်။

"မင်းပြောင်းလဲလာပြီ လက်ာသိုင်း"

"ဟား. . . ဟ, ဒါအချစ်ရဲ့တန်ခိုးတွေလေ။ မင်းလည်းအချစ်ကို . . .တွေ့လာတဲ့အခါ ပြောင်းလဲလာလိမ့်မယ်။ အချစ်က တန်ခိုးကြီးတယ်ကွ။ . . .ငြဲနေတဲ့မျက်နှာကိုလည်း ကြည်လင်စေနိုင်သလို မငြိုးချင်တဲ့နှုတ်ခမ်း . . .ကိုလည်း ပြုံးလာအောင် အမိန့်ပေးနိုင်တယ်။ ဒီရင်ဘတ်ကလေးထဲ . . .ဝင်လာပြီဆိုကတည်းက လူကိုပြောင်းလဲစေလာတာ အချစ်ရဲ့တန်ခိုး . . . တဲ! ဘယ်လိုလဲ။ ဒဿနတွေကြွယ်ရဲ့လား"

"အဲ့လောက်ကြီးလည်း မဟုတ်သေးပါဘူး။ ဘာမှမသိတဲ့ဒဿန . . .တွက် နားထောင်ရခက်တာတော့အမှန်ပဲ"

"ရတယ်။ အခုချိန်မှာ ကြိုက်သလောက်ပြော, ခွင့်လွှတ်နိုင်တယ်။ . . .အလေးတွေက သိပ်မစွမ်းဘူးနဲ့တူတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်လဲ"

"ငါ့သူငယ်ချင်းကျောက်ရုပ်ရဲ့နှလုံးသားကိုမှ မဝင်နိုင်သေးတာဘဲ"

ထိုအခါမှာတော့ သူ့အာရုံထဲ အဖြူရောင်မိန်းကလေးက တိုးဝင်လာရသည်။ ရှေ့ကို မျက်လုံးဝိုင်းလေးများနှင့် အိုးတိုးအမ်းတမ်းကြည့်တတ်သောသူမပါ။

"ငိုင်လှချည်လား၊ ကေနွ"

"တစ်ယောက်တော့ ငါ့အာရုံထဲရှိတယ်။ ဒါပေမဲ့ မသေချာသေးပါဘူး"

"တိုးတက်လာတဲ့သဘောပဲ"

"သူမအပြုအမူလေးတွေက သာယာစေတာတော့အမှန်ပဲ။ ငါ သူမကိုပြုံးပြဖြစ်ခဲ့တယ်။ သူမရဲ့အပြုအမူလေးတွေက ငါ့နားမှာ မေမေရှိနေသလိုပဲ။ ခင်ခင်မင်မင်ကြီး လိုက်လိုက်လဲ့လဲ့မဟုတ်ပေမယ့် မမြင်ချင်အောင်အနှောင့်အယှက်ဖြစ်တာမျိုးတော့မရှိဘူး။ ကောင်းစေတယ်"

"မဆိုးပါဘူး။ မင်းပြောင်းလဲစပြုလာပြီပဲ။ သူမကို ငါတွေ့ကြည့်မယ်"

"အချိန်မကျသေးပါဘူး"

"ဒါဆို မင်း ငါ့ရဲ့သူမကိုလိုက်တွေ့"

"ငါ ဒီနေ့ မင်းနဲ့အတူရှိဖြစ်မယ်မထင်ဘူး"

"ဘာလဲ၊ သူမကျောင်းဖွင့်လို့လား"

"အလိုလိုစိတ်နေရင်း အဲ့ဒီကိုသွားချင်နေတာ"

"အိုကေ. . . ငါတို့နှစ်ယောက်က အခုမှပဲ လူဖြစ်လာတော့တယ်။ ရှာတွဲနေတော့ ငါ့ကို သူမနဲ့တွေ့ပေးဖို့သတိရ"

"မင်းကိုမှ သူမနဲ့မတွေ့ပေးရင် သူမကို ငါအပျော်တွဲရာကျနေမှာပေါ့"

"ဟာ. . . ပေါ့ကောင် မင်းက တကယ်ပဲအတည်လား"

"အာ. . . အော့, ဟား. . . ဟား. . . ငါဘာပြောနေမှန်းတောင်မသိတော့ဘူး"

"ဟား. . . ဟ, ဒီတစ်ယောက်လည်း အချစ်ကိုရလုတ်တိုက်မိပြန်ပြီထင်တယ်"

လက်ဘသိုင်းရဲ့စကားအဆုံးမှာတော့ သူငယ်ချင်းနှစ်ယောက် ရယ်မောကြတာအမှန်ပါပဲ။ တကယ်ပဲ လက်ဘသိုင်းပြောသလို သူ အချစ်ကိုလုတ်တိုက်မိသွားပြီလား။

ခက်ခဲသောမေးခွန်းတစ်ခုမို့ သူမသိပါ။ သို့သော် ဘယ်တုန်းကမှ တွေ့ခဲ့ဘူးတဲ့အချစ်ဆိုတာမျိုးကို အဓိပ္ပာယ်ဖော်ကြည့်နေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမျိုးကိုခေါ်တာလဲဆိုတာ ကိုယ့်ကိုယ်ကိုအထပ်ထပ်မေး နေခဲ့ပေမယ့် အဖြေမပေါ်ပါ။

ဒါကြောင့် သူက ကိုယ့်ကိုယ်ကိုဘာမှန်းမသိဖြစ်ရင်းပင်။ ထိုမှ ခြံထဲသို့ရောက်လာခဲ့ပြန်သည်။ အကြောင်းပြချက်ကတော့ ခွဲလက်စ ပန်းချီကားကို လက်စသတ်ရန်ပေါ့။

စုတ်တံကိုကိုင်ထားသောသူ့ရဲ့လက်တွေဟာ ပေါ့ပါးသွက်လက် နေခဲ့ပါ၏။ ပတ်ဝန်းကျင်တစ်ခုလုံးကရော ခါတိုင်းထက် နှစ်ဆပို၍ကြည် လင်ပြတ်သားနေသလိုပင်။ ဒီနေ့မှ ခြယ်သထားသောကာလာက ပို၍ သက်ဝင်နေတာကြောင့် သူကိုယ်သူတောင် အံ့သြနေရသည်။ သူတကယ် ပဲ လက်ဘသိုင်းပြောသလိုဖြစ်နေပြီလား။ သူကိုယ်သူအထပ်ထပ်မေး ကြည့် ပေမယ့်လည်း အဖြေမပေါ်ပါ။ သေချာတာကတော့ သူတိတ်တဆိတ်လေး သူမရဲ့အရိပ်သဏ္ဍာန်ကိုမျှော်နေခဲ့တယ်ဆိုတာပါပဲ။

တဖြည်းဖြည်းနှင့် နေလုံးကြီးကလည်း တောက်ပမှုတွေလျော့ လာခဲ့ပါပြီ။ နှင်းမှုန်ပွဲ့ပွဲ့လည်း သပြေညိုရွက်တို့မှာ ဖိန့်ဖြိုးလာခဲ့သည်။ သူအလိုလိုနေရင်းသိနေသည်က သူမ မကြာခင်ပေါ်လာတော့မည်ဆိုတာ ပဲဖြစ်သည်။ သူမက မနေ့ကလိုတဲ့ သူ့ကို တိတ်တဆိတ်လေး သပြေပင် တွေကြားမှာ လာချောင်းကြည့်နေမှာလား။ ဒါမှမဟုတ် နှုတ်ဆက်စကား ပြောမှာလား။ သူ မမုန်းဆတတ်ပေမယ့် သူမ ပြုတ်ပေးလာမယ့် ခေါက်ဆွဲပြုတ်ကိုမျှော်နေမိတာတော့ သေချာလှသည်။

ဘယ်တုန်းကမှဆာလောင်လှပါချည်ရဲ့လို့ ပြင်းပြမှုမရှိခဲ့တဲ့ဗိုက် ကလည်း တဂွီဂွီနဲ့ အစာကိုတမ်းတလာသည်။ ထိုအချိန်မှာပင် ယဉ်ပါး သောမွှေးရနံ့တစ်ခုကို သူသတိပြုလိုက်မိသည်။ မနေ့က စားလိုက်ရတဲ့ ခေါက်ဆွဲပြုတ်ရနံ့ပဲဖြစ်၏။

မှန်ပါသည်။ ခေါက်ဆွဲပြုတ်ပန်းကန်က စားပွဲပေါ်မှာ အငွေ့တစ် လောင်းလောင်းနှင့် သူ့ကိုကြိုဆိုနေခဲ့ပါ၏။ သူ့ကို ဘာတစ်ခွန်းမှမပြောဘဲ ရှည်ထွက်သွားဟန်ပြုနေသည့်သူမကို. . .

"ဟိတ်"

"ဟို့ ဗိုက်ဆာနေမယ်ထင်လို့ပါ"

သူဘာမှမပြောရသေးခင် အကြောင်းပြချက်က တန်းခနဲ။ သူ့ရယ် ချင်သွားရပါ၏။

"ကျေးဇူးပဲ"

"ရှင်. . . ခြော်, ဟုတ်ကဲ့"

"မင်းအလုပ်များနေလို့လား"

"အော့ အဲ့လိုလည်းမဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်ပျင်းနေတယ်။ မင်း ကိုယ်နဲ့စကားပြောမလား"

ထိုအခါမှာတော့ သူမက မျက်လုံးပြူးလေးနှင့် သူ့ကိုကြည့်လာသည်။ သို့သော်လည်း သူနှင့်မျက်နှာချင်းဆိုင်နံတန်းလေးပေါ်မှာ သူမက ထိုင်ချလိုက်သည်။ သဘောက သူနှင့်စကားလက်ဆုံပြောမည်ပေါ့။

တကယ်တမ်းတော့ သူမနဲ့သူ့အကြားမှာ ဘာမှပြောစရာမယ်မယ်ရရမရှိပါ။ လူနှစ်ယောက်ကြား တစ်ယောက်ကိုတစ်ယောက် မရိုတရိုကြည့်ရှုမှုတစ်ပါး တိတ်ဆိတ်နေတာတော့အမှန်ပါပဲ။

"စား, စားလိုက်ဦးလေ။ အေးကုန်တော့မယ်"

ထိုအခါမှာ သူက သူ့ကိုယ်တိုင်တမ်းတခဲ့သော ခေါက်ဆွဲပြုတ်ကို စားရန်သတိရသွားသည်။ ခေါက်ဆွဲပြုတ်ကို သေသေသပ်သပ်နှင့် နာသီးဖျားလေးတွေ နီအောင်စားနေသောသူ့ပုံက သူမနှလုံးသားကိုဆွဲဆောင်နိုင်လွန်းပါ၏။ သူ့ပုံရှင်းသန့်သန့်ကို တဒင်္ဂမျှငေးမောမိသွားပါ၏။

"ရှင် ခေါက်ဆွဲပြုတ်အရမ်းကြိုက်သလား"

"အင်း. . . ကြိုက်မယ်ထင်တယ်။ ဒါရော့မှ နှစ်ခွက်တည်းစားဖူးသေးတယ်"

"ကျွန်မက စိုးရိမ်နေတာ။ ရှင် စားမှစားပါ့မလားလို့"

"ဒါတစ်ခွက်ဆို ဘယ်လောက်လောက်ကုန်ကျသလဲ"

"အော့. . . အရမ်းမကုန်ပါဘူး။ နှစ်ရာတည်းပါ"

"အင်း, မဆိုးဘူးဘဲ"

"ရှင်တကယ်ပဲ ခေါက်ဆွဲခြောက်ပြုတ်ကို တစ်ကြိမ်တစ်ခါမှမစားဘူးလား"

"ကိုယ်မညာတတ်ဘူး"

"ဆောရီး. . . ကျွန်မ မယုံဖြစ်သွားလို့ ဒါဆို ရှင် ခါတိုင်းဘာစားသလဲ"

"အင်း. . . ခါတိုင်း ဘာစားသလဲ။ အော့ သိပြီ။ ထမင်းစားတယ်။ . . .တ်ဝီသောက်တယ်။ တစ်ခါတစ်ရံပျင်းရင် သူငယ်ချင်းနဲ့ အပြင်စား. . .ဝတ်တယ်။ coat ဘူးတွေသောက်တယ်။ ကိတ်စားတယ်။ ဒီလောက်. . ."

"ရှင်က သူငယ်ချင်းရှိတယ်ပေါ့"

"အင်း, ဘာဖြစ်လို့လဲ"

"ရှင့်ကို တစ်ယောက်တည်းပဲတွေ့နေတတ်လို့"

"တွေ့နေတတ်လို့ဟုတ်လား။ ဒါဆို ဒီမတိုင်ခင်တည်းက မင်းက. . .ကိုသိနေတာပေါ့"

"အွန်. . . ငယ်ငယ်တည်းကပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဟင်! ငယ်ငယ်တည်းက"

"ဟုတ်တယ်၊ ရှင်မှတ်မိဦးမလားပဲ။ ကျွန်မ ရှင့်ကိုပန်းပေးဖူးတယ်လေ။ ဒီခြံထဲမှာ"

ထိုအခါမှာတော့ သူက တစ်ခုခုကို အသည်းအသန်စဉ်းစားတော်ပြီးမှ. . .

"ဒါဆို မင်း. . .?"

"ရှင်မှတ်မိသေးတယ်ပေါ့"

"ကြာခဲ့ပြီပဲ"

"ကျွန်မ ရှင့်ကို အဲ့ဒီတည်းက မှတ်မိနေတာ"

"အဲ့ဒါကြောင့်ထင်တယ်။ မင်းကို ကိုယ့်စိတ်ထဲ အလိုလိုမှတ်မိနေသလိုပဲ။ ရင်းနှီးနေတဲ့သဘောပါ"

"အဲ့ဒီတုန်းက ကျွန်မ ရှင့်ဆီရောက်ခဲ့သေးတယ်။ ဒါပေမဲ့ ရှင့်ကိုနှုတ်သိမ့်မပေးနိုင်ခဲ့ဘူး"

ထိုအခါမှာတော့ သူတို့နှစ်ယောက်ကြား တိတ်ဆိတ်သွားရပြန်သည်။ တစ်ယောက်ကိုတစ်ယောက် ဘာပြောရမှန်းမသိဖြစ်သွား၍ပါ။ ထိုအချိန်မှာပဲ နှင်းတွေက အုံ့ခဲကာ ကျလာခဲ့သည်။ ညနေပိုင်းမို့ ထူးဆန်းနေတာတော့အမှန်ပါပဲ။ သူမက ထိုင်ရာမှဆတ်ခနဲထရပ်ကာ. . .



"ရှင် ခဏနေဦးနော်"

ဟုဆိုပြီး လှစ်ခနဲပျောက်ကွယ်သွားပြန်သည်။ သိပ်မကြာပါ။ သူမ တစ်ခုခုကိုယူပြီးထွက်လာသည်။ ပြီးနောက် သူ့ကိုလှမ်းပေးလာသည်။ ာ ဘာရယ်မသိဘဲ သူမပေးတာကိုလှမ်းယူမိလိုက်ပါ၏။

"ဆောင်းလိုက်လေ"

ဖြန့်လိုက်တော့ ဦးထုပ်အနွေးတစ်လုံးဖြစ်နေတာကြောင့် သူက လုပ်ရမှန်းမသိဖြစ်နေပါသည်။ သူတစ်သက်တွင် ဘယ်တုန်းကမှ ွှပ်မဆောင်းခဲ့ဖူး၍ပါ။

"အသစ်ပါ၊ အဟောင်းမဟုတ်ဘူး။ အခုမှဝယ်လာခဲ့တာ။ အရမ်း တယ်"

ထိုအပြာနုရောင်ဖျော့ဖျော့ဦးထုပ်ကို သူဆောင်းမိလိုက်သည်။ သိပ် ကျွန်ထင်သည်။ သူမက မဲ့မရဲလေးနှင့် ပြင်ဆောင်းပေးလာပါ၏။ ရှိသည့်သူမရဲ့အပြုအမူကြောင့် သူရင်ကိုလှုပ်ခါသွားစေခဲ့ပါသည်။ င်တစ်ယောက်က သားသမီးကိုဂရုစိုက်နေသလို ခံစားရပါ၏။

"နှင်းတွေအရမ်းကျနေရင် နာရည်ယိုတယ်။ အဲ့လိုဆောင်းထား

"ချွေးသွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ဦးထုပ်က နားရွက်အုပ်ထားမှ ပိုနွေးတာ"

"အင်းဟင့်, ရင်ထဲမှာ နွေးသွားတာ။ ဒါ ကိုယ် ပထမဆုံး ဆောင်းဖူးတာပဲ။ မင်းကိုကျေးဇူးတင်တယ်"

"ရပါတယ်"

"အဲ့ဒီကျေးဇူးရှောင်တယ်ဆိုတဲ့စကားကို နားသိပ်မလည်ဘူး မင်းကိုတော့ ခဏခဏပြောချင်တယ်။ ပန်းစည်းလေးကိုလည်း ကိုယ် သက်တယ်။ အဲ့ဒီအတွက်ရော ကျေးဇူးတင်ရှယ်။ ခေါက်ဆွဲပြုတ် ဦးထုပ်အတွက်ပါ"

"ရပါတယ်။ ရှင်ခေါက်ဆွဲပြုတ်ကြိုက်ရင် ကျွန်မပြုတ်ကျွေး ပါတယ်။ နှစ်ရာပဲကုန်တာကို"

"တကယ်လား"

"ရှင်လာနိုင်ရင်ပေါ့"

"ကိုယ်သဘောကျတယ်"

"ရှင်က ကော်ဖီရော ကြိုက်တယ်မို့လား"

"အင်း"

"အဲ့ဒါဆို ရှင့်ကိုကော်ဖီပါတိုက်မယ်"

"ကိုယ်က မင်းကိုဘာလပ်ပေးရမလဲ"



"ရှင်က ပန်းချီဆွဲတတ်တာပဲ။ ပန်းချီဆွဲပေးလေ"

"ဪ . . . ဟုတ်သားပဲ"

သူတို့နှစ်ယောက် အပေးအယူတည့်ကာ ရယ်မွဲမွဲ့ပြောနေလိုက် သည်။ ထိုအချိန်မျိုးရှိလာလိမ့်မယ်လို့ သူမ ဘယ်တုန်းကမှမမျှော်လင့်ထား ခဲ့ဖူးတာပါ။

ကံတရားက သူမကိုမျက်နှာသာပေးနေပြီထင်ပါရဲ့။ ဆိုက်ဆိုက်မြိုက် မြိုက်ပင်။ သူမကျေးဇူးတင်မိပါသည်။ သူနှင့်အခုလိုရင်းနှီးခွင့်ရခဲ့လို့လေ။ ပြီးတော့ သူ့အပြုံးတွေကို အခုလို နီးစပ်စွာမြင်ခွင့်ရခဲ့လို့။

သူက ပြုံးလိုက်ရင် သိပ်လှပါသည်။ သူက သူမရဲ့နှလုံးသားကို ညှို့နိုင်လွန်းသည့်ယောက်ျားတစ်ယောက်ပါ။ သူမနှလုံးသားသာ စောင်း တစ်ခုဆိုရင် သူက ကျွမ်းကျင်ပညာရှင်ပါပဲ။ ညှို့ကြိုးတွေကို စည်းချက် ညီညီတီးခတ်နိုင်လွန်းသည်။

ထိုနေ့က သူမရဲ့အိမ်အပြန်လမ်းက ပီတိတွေအပြည့်နှင့်ပါ။ ဒါ ကြောင့်ပင် လမ်းမှာတွေ့သောအကြော်ပူပူနွေးနွေးကို အိမ်သားတွေ စား အောင် ဝင်ဝယ်လိုက်သေး။ သူမ အိမ်ပြန်ရောက်သွားတော့ အမေက ထဲမှပြေးထွက်အလာနှင့် ဆုံမိပါသည်။

ပျာပျာယာယာဖြစ်နေသေး အမေ့ရဲ့အထိတ်တလန့်မျက်နှာကြောင့် သူမ

www.burmeseclassic.com

www.burmeseclassic.com

ရင်ထိတ်သွားရသည်။ အမေက သူမကိုမြင်တော့ အားကိုးတကြီးမင်. . .

"သမီးပုရစ်ဖူးလုပ်ပါဦး။ သမီးမောင် ဝေဇရူး ဆိုင်ကယ်တိုး

မိလို့တဲ့"

"ဘာ, ဘာ. . . ဘာလို့ဖြစ်"

"မသိဘူး။ အဲ့ဒါဆေးခန်းမှာတဲ့။ သူ့ကိုတိုက်သွားတဲ့ဆိုင်ကယ

သမားက ပြေးသွားတယ်တဲ့။ ဘယ်လိုလုပ်ကြမလဲသမီးရယ်"

"လိုက်သွားမယ်လေ၊ တက်"

"မင်းစက်ဘီးကို ငါမစီးတတ်ပါဘူး။ ပြေးလို့ပဲ လိုက်သွားမယ်"

"ဒါဆိုတာလေ။ သမီးရော စက်ဘီးထားပြီး ပြေးလိုက်ခဲ့မယ်"

သူမရင်ထဲ ပူထူသွားရပါ၏။ ဘာမှမဖြစ်ပါစေနဲ့ဟုပဲ အကြိမ်ကြိမ်

ဆုတောင်းနေမိပါသည်။ သွေးဆုတ်ဖြူရော်နေသော အမေ့ရဲ့မျက်နှာ

သူမကိုပူပန်စေခဲ့တာအမှန်ပါပဲ။ သူမနဲ့အမေ ဆေးခန်းရောက်သွားတော့

ခုတင်ပေါ်မှာလှဲနေသောဝေဇရူးကို တွေ့လိုက်ရသည်။

"သား"

"အမေ. . . အမေ"

"ဘယ်လိုဖြစ်တာလဲသားရယ်။ မသေကောင်းမပျောက်ကောင်း

"အရမ်းမစိုးရိမ်ပါနဲ့၊ ဘာမှမဖြစ်တော့ပါဘူး။ ခြေထောက်မှာ



နည်းနည်းနာသွားတယ်"

"ထောက်နိုင်ရဲ့လား"

"ဆရာဝန်ပြောတာတော့ အဆစ်လွဲသွားတယ်တဲ့။ အရက်ပိုင်း

သိပ်မလှုပ်ရှားပါနဲ့တဲ့။ အမေတို့ကိုစောင့်နေတာ။ သား အိမ်ပြန်ချင်ပြီ"

"အေးအေး. . . အမေ ဆေးဖိုးသွားပေးလိုက်ဦးမယ်။ တော်သေး

တာပေါ့။ ဒီလောက်လေးနဲ့။ သမီး ဆိုက်ကားသွားငှားမှနဲ့တူတယ်"

"မိုးမှောင်နေတော့ ဆိုက်ကားခက ဈေးကြီးတော့မှာ"

သူမက ကပ်စေးနဲသူမို့ ညည်းတွားလိုက်သည်။

"ဒါမှန်သိရင် စက်ဘီးယူလာပါတယ်။ နင့်ကို တင်နင်းလို့ရတယ်။

ဝိုက်ဆံတောင် အပိုမကုန်ဘူး"

"မရဘူးဗျ။ ဆရာဝန်က ခြေထောက်မထောက်ရဘူးလို့ပြောထား

တာ။ ဆိုက်ကားပေါ်ရောက်အောင် အစ်မတို့ပဲ ပွေ့တင်ပေးရမှာ"

"ဘာ. . . မင်းကိုယ်ခန္ဓာကြီးကို"

"အင်းလေ. . . ကျွန်တော်မတော်လို့ ခုကွဲတဖြစ်သွားရင်တော့

အစ်မပဲ"

"ထုလိုက်ရ"

"ကျောင်းစာတွေက များတယ်ဗျ။ အဲ့ခြေထောက်မကောင်းခဲ့ ...

www.burmeseclassic.com

www.burmeseclassic.com

နိုင်ရင် သုံးဘီးဆိုင်ကယ်ငှားရင် ပိုအဆင်ပြေတာ"

"ကောင်စုတ်လေး။ ငါက မချမ်းသာဘူး"

"ဒီအချိန်မှာ ကားလေးဘာလေးရှိရင် အပြီးပဲ"

ဟုမပြောစဖူး တေဇက တောင့်တလာပါ၏။ ထိုစဉ်မှာပဲ သူ့ဆ

သို့ ဘွားခနဲ လူတစ်ယောက်က ရောက်လာခဲ့ပါသည်။

"ပုရစ်မှုး"

"ဟင်! ရှင်"

"ကိုယ်ဘာကူညီရမလဲ"

"ရပါတယ်။ ဘာမှမလိုဘူး"

"ဟာ. . . အစ်မကလည်း ဘယ်လိုပြောလိုက်တာလဲ။ အစ်

ကျွန်တော့်ကိုယ်ခန္ဓာကို မနိုင်ဘူးဆို။ ဒီအစ်ကိုက ဗလကောင်းကောင်

ကျွန်တော့်ကို ဆိုက်ကားပေါ်မွေ့တင်နိုင်မှာပါ"

"ဆိုက်ကားပေါ်ဟုတ်လား"

"အစ်ကိုက အစ်မသူငယ်ချင်းလား"

"ဒီလိုလုပ်ပါလား ကိုယ့်ညီ။ ကိုယ့်မှာ ကားပါတယ်၊ ရလား"

"ဟာ! မိုက်တာပဲ။ အစ်မ ဆိုက်ကားငှားမနေနဲ့တော့။ အစ်

ကပ်စေးနဲ့တယ်မဟုတ်လား။ အစ်ကိုကားနဲ့ဆိုအဆင်ပြေတယ်။ ဟု



ယ်မို့လား"

"ဟာ. . . တေဇ၊ ဘာတွေပြောနေတာလဲ။ ရပါတယ်။ ရှင့်လမ်း

င်သာသွားပါ။ ဒါ ကျွန်မကိစ္စ။ ရှင် မကူညီလည်းဖြစ်တယ်"

သူမက ခပ်မာမာပြောလိုက်ပေမယ့်လည်း သူက တေဇထူးကို

ူ့ရှိုဖြစ်နေပါပြီ။ ထိုစဉ်မှာ အခန်းထဲမှထွက်လာသောအမေက. . .

"သေးဖိုးက ရှင်းပေးပြီးသွားပြီတဲ့။ အဲ့. . . ဩော်"

"ကျွန်တော်က လက်ဘသိုင်းပါအမေ။ အမေတို့ကို အိမ်လိုက်ပို့

ယ်။ ကျွန်တော့်မှာ ကားပါပါတယ်"

ဟု သူပြောချင်ရာပြောကာ တေဇထူးကိုပွေ့ချီသွားလိုက်သည်။

ာ်သဘောကောင်းသောသူက အမေဝင်ဖို့ပင် ကားတံခါးဖွင့်ပေးလိုက်

ား။

သူမက အောင့်သက်သက်ကြီးဆိုပေမယ့်လည်း သူ့ကားပေါ်လိုက်

ိုခဲ့ပါသည်။ အမေရော၊ အငယ်ကောင်ပါ သူ့ကားတွေကြားမှာ

ီးနေလိုက်ပုံများတော့ သူမ, သူ့ကိုအမြင်ကပ်လိုက်စမ်းပါဘိ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၂ )

"သမီးပုရစ်ဖူး၊ ထတော့၊ နံနက် (၅း၀၀)နာရီထိုးတော့မယ်"

ရာသီဥတုအေးလွန်းတာကြောင့် အမေ့ရဲ့လှုပ်နှိုးသံကို သူမ မကြား ...ပြီး၊ လူတစ်ကိုယ်လုံးကို စောင်ဖြူထဲကခွာဖို့မပြောနှင့်၊ လက်ညှိုးလေး ...ချောင်းကိုပင် စောင်အပြင်ဘက်မထုတ်ချင်။

"ပုရစ်ဖူး. . . ထတော့"

ဒုတိယအကြိမ် နှိုးလာသောအမေ့ရဲ့အသံကိုလည်း တမင်တကာ... ဥပေက္ခာပြုထားလိုက်သည်။ မောင်လေးဝဏ္ဏထူးရဲ့စာကျက်... ...သူမနားထဲ ပီပီသသကြီးကြားနေရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

“ပုရစ်ဖူး၊ သမီး (၅၀၀)နာရီထိုးတော့မယ်။ ပန်းဖို့နောက်ကျနေ လိမ့်မယ်။ ထ.မြန်မြန်”

အမေက မီးဖိုချောင်ထဲမှ တစာစာအော်နေခဲ့သည်ဖြစ်၍ သူမတ မယ်ထိမ့်မြင်ပင် စောင်ခြုံထဲအကွေးပင်မပျက်။ ဒါကိုလုံးဝစိတ်မရှည်နိုင်တော့ ဘဲ ဝဏ္ဏတုက ကွေးနေသော သူမစောင်အထုကြီးကို ရုတ်တရက်ဆိုသလို ဆွဲဖယ်ချပစ်လိုက်သည်။

ထိုအခါကျတော့ အအေးဓာတ်က အရိုးထဲထိ စီးမျှောသွားရကာ သူမအသားတွေ ကျင်ခနဲဖြစ်သွားရသည်။

“ဝဏ္ဏတုး . . . ပေး၊ ငါ့စောင်၊ မင်းဘယ်လိုဖြစ်နေတာလဲ”

“အလုပ်ရှိနေတာကို မသိဘူးလား”

“မင်းလျှာမရှည်နဲ့၊ သိတယ်”

“ဥတုက အေးလွန်းနေပါတယ်ဆိုကာမှ အမေ့ရဲ့အော်နိုးသံက တကိုကျက်လို့မရတော့ဘူး”

“အဲ့ဒါ ငါနဲ့ဘာဆိုင်သလဲ။ အမေနဲ့ပဲဆိုင်တယ်”

“ဘာ အမေနဲ့ဆိုင်တယ်လဲ။ အစ်မ, မင်း ကိုယ့်အလုပ်ကို ကိုယ် မသိဘူးလား”

“အဲ. . . ရှုပ်နေတာပဲ။ တစ်ရက်တလေလေး အိပ်ရာထဲမှာ စိမ်ကျ ကျွေးချင်သေးတယ်။ ငါလည်းလူပဲ”

ထိုအခါကျတော့ မနေသာတော့ဘဲ မီးဖိုချောင်ထဲကအမေက . . .

“အဲ့ဒါဆိုလည်း ယောကျ်ားကောင်းကောင်းကိုရှာယူတော့ပေါ့။ သူဌေးမဖြစ်မှ စိမ်ကျကျအိပ်။ အခုတော့ ငါတို့က ဆင်းရဲတယ်။ အလုပ် လုပ်ရဦးမယ်”

ပူညံပူညံလုပ်လာသည့်အမေ့ရဲ့အသံကြောင့် သူမမှာ မနေသာ တော့ဘဲ မထချင်ထချင်ပင် အိပ်ရာထဲမှလူးလဲထလာရပါတော့သည်။

“ဟဲ့! မျက်လုံးရော ဖွင့်ရဲ့လား”

“မျက်လုံးမဖွင့်ဘဲ ဒီနေ့ဒီ ဘယ်လိုလာရမှာလဲ”

“ရေဖလားထဲမှာ ရေနွေးစပ်ထားပြီးသား။ မျက်နှာကိုလည်း ကြောင်စင်အောင်လေး သစ်ဦး”

“အဲ့မေက တဖြည်းဖြည်းနဲ့ချစ်ဖို့ကောင်းလာပြီ။ အဲ့ဒီလိုအလိုက် သိလေးလုပ်ထားပေးတော့ ပုရစ်ဖူးအတွက် အချိန်ကုန်သက်သာတာ ပေါ့”

ဟုသွက်သွက်လက်လက်ကလေးဆိုကာ မျက်နှာကိုသစ်လိုက်ပြီး နောက်ကယာပင် တဘက်နှင့်သုတ်ကာ မီးဖိုဘေးနားလာပြီး မီးလှုံလိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်။

'ဘာစားသွားရမှာလဲ"

'ခေါ်ပုတ်ကြော်ထားတယ်။ ခရမ်းချဉ်သီးဖျော်နဲ့ တို့စားသွား။ ကရားအိုးထဲမှာ အကြမ်းရည်ရှိတယ်"

"အဲ့လိုလေးကျတော့ အမေက ချစ်စရာလေးပဲ။ ကျွန်မ ခေါ်ပုတ်ကြော်စားချင်နေတာ ကြာပြီ"

ဟုဆိုကာ သူမက မဆန့်မပြဲစားပစ်လိုက်သည်တွင် အမေ့ရဲ့ ကရုဏာမျက်စောင်းလေးက သူမကိုကျီစယ်သွား၏သေးသည်။

"တေဇရဲ့ခြေထောက်က သက်သာရဲ့လား"

"အွန်း ဆေးခန်းတော့ ထပ်သွားရဦးမှာပဲ။ အေးလွန်းတဲ့ ... ဆိုတော့ ဒဏ်ရာရရင် ပျောက်ခဲတယ်။ စာမေးပွဲလည်း တစ်စနဲ့တစ်စ နီးလာတော့ ဂရုစိုက်ရမယ်လေ"

"အမေတစ်ယောက်တည်းဖြစ်ရဲ့လား။ ကျွန်မပြန်လာခဲ့မယ်လေ"

"ရပါတယ်အေ, မင်းအလုပ်သာ မင်းစိတ်အေးအေးလုပ်ပါ။ ဒီရေ ထမင်းချိုင့်ကိုတော့ ဝတ္ထုလာပို့မယ်"

"ဟာ. . . အမေကလည်း။ ကျွန်မတော်က အချိန်မနည်းလုနေရတဲ့ ဟာကို"



ဟုဆိုကာ စာကျက်နေသောဝတ္ထုထူးက ဝင်ထောက်သည်။

"ဟိတ်. . . နင်လျှာမရှည်နဲ့။ အမေက ဒါလုပ်ဆိုလုပ်ပဲ။ နင် ကျောင်းသွားရင်းနဲ့ ငါ့ကိုဝင်ပို့တော့ရော ကျွှားကိုက်မှာမို့လား"

"တစ်လမ်းစီကြီးကို သိပ်ရှုပ်တာလပဲ"

"ကောင်စုတ်, အေးအေးဆေးဆေး စာကျက်မှာသာကျက်။ သူကျ တော့ တောင်မြို့ထဲမှာ ချွေးချွေးလေးကျက်မှတ်နေရတာ။ ငါက နင်းတောထဲ မှာ အေးအေးခဲခဲနဲ့ ဖက်ဘီးနင်းရဦးမှာ"

"ကဲကဲ. . . ပြောမနေနဲ့တော့။ မြန်မြန်စား။ နောက်ကျနေဦးမယ်။ ကျွန်ုပ်ကိုလည်း ချွေးချွေးတွေးတွေးဝတ်၊ ဦးထုပ်ဆောင်းဖို့လည်း မမေ့နဲ့ ဦး။ နှာစေးနေဦးမယ်"

"ဟုတ်ကဲ့ပါ"

ဟုပြောကာ စားလက်စခေါ်ပုတ်ကြော်ကိုအခုံးသတ်စားကာ လက် ဆေးလိုက်ပြီး ခြေအိတ်ကိုကောက်စွပ်လိုက်သည်။ အားကစားဘွတ် ဖိနပ်ကိုကျကျနနစီးကာ လက်အိတ်ကိုပါ ကောက်စွပ်လိုက်ပြီး အင်္ကျီ အပြင်ကြီး၊ ဦးထုပ်လေးဆောင်းကာ ယုန်သူငယ်လေးလို ခုန်ခွခုန်ခွ ထွက်သွားသောသမီးကိုကြည့်ရင် ဒေါ်ထူးထူးမြတ် သက်ပြင်းချလိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမအတွက် လက်ရုံးသဖွယ်အားကိုးရသောသမီးလေးကို သူမ သိပ်ချစ်ပါသည်။ မနက်ခင်းတွေဘက်မှာ စောစောမထချင်သောသမီး အတွက် သူမတစ်ခုခုလုပ်ပေးချင်မိပါသော်လည်း အိမ်စရိတ်လောက် ငှအောင်တောင် အနိုင်နိုင်ရှာနေရသောသူမတို့အဖို့တော့ စိတ်မကောင်း ဖြစ်မိပေမယ့်လည်း ဘာမှမတတ်နိုင်ပါ။

ဒါပေမဲ့ သူမက ဗုဒ္ဓဘာသာမြန်မာအမျိုးသမီးပီပီ ကံ၊ ကံ၏အကျိုး ကိုကောင်းကောင်းယုံကြည်နေမိပါ၏။ အပြောခိုးပေမယ့် အပျင်းကြီး ပေမယ့်လည်း မိသားစုအပေါ်တတ်နိုင်တဲ့ဘက်မှ ကူညီဖေးမခဲ့သောသမီး ဟာ ဘယ်တုန်းတော့မှ လူဆိုးတွေနဲ့မတွေ့နိုင်ဘူးဆိုတာကိုပေါ့။

မောင်လေးတွေကိုရော အမေ့ကိုပါ ကြင်နာပေးတဲ့သမီးလေးရဲ့ သမီးရဲ့အချစ်ရေးမှာ လူကောင်းသူကောင်းများနှင့်သာ ဆုံစည်းခွင့်ရပါ စေဟု သူမ ဘုရားမှာအမြဲဆုတောင်းလေ့ရှိသည်။

သို့သော် နဂိုရှုပ်ရည်ရှိပါသော်လည်း မပြင်မဆင်ဘဲ ရိုးရိုးရှင်းရှင်း သာ နေလေ့ရှိတဲ့သမီးရဲ့ပုံကြောင့် သူမရင်လေးရပါသည်။

"အမေ, ကျွန်တော်လည်း ဗိုက်ဆာတယ်"

အလတ်ကောင်ဇော်နိုးဆော်မှုကြောင့် ပါပြုတ်ကြော်နေသော ဒေါ် ထူးထူးမြတ်က အတွေးကမ္ဘာထဲမှ ရုန်းထွက်လာရသည်။

"စားလေ. . . ခေါ်ပုတ်ကြော်ရှိတာပဲ"

ဝဏ္ဏထူးက ခေါ်ပုတ်ကြော်တစ်ချပ်ကို ခရမ်းချဉ်ချဉ်ဖျော်နှင့် တို့ ကိုက်ပြီး. . .

"အမေ့ကို ကျွန်တော်ပြောစရာရှိတယ်"

"ဘာလဲဟယ် ကိန်းကြီးခန်းကြီးနဲ့"

"ဟိုလေ. . . အစ်မလေ, ပုရစ်ဖူး"

"ဘာဖြစ်လို့လဲ"

"ဟိုတစ်နေ့က အစ်မ ဦးထုပ်တစ်လုံးဝယ်သွားတာ ကျွန်တော့် ရှုငယ်ချင်းက မြင်တယ်တဲ့"

"အဲ့တော့"

"ဦးထုပ်က ယောကျ်ားလေးဆောင်း အနွေးကြီးတဲ့"

"အဲ့ဒါဘာဖြစ်တုန်း"

"ကျွန်တော်စောင့်ကြည့်နေတာ ဦးထုပ်ကိုဝယ်ပြီး ကျွန်တော့်ကို လည်း မပေး၊ ဖေဖေကိုလည်း မပေး။ ပြီးတော့ အစ်မလည်းမဆောင်းနဲ့။ အဲ့ဒီဦးထုပ်က ဘယ်ရောက်သွားတာလဲ"

"ဘာများလဲလို့ဟယ်။ သိမ်းထားတာရှိမှာပေါ့"

"မရှိဘူးဗျ။ ကျွန်တော် နှံ့နေအောင်ရှာပြီးပြီ၊ အဟောင်းတွေပဲ

www.burmeseclassic.com

www.burmeseclassic.com

ရှိတာ အသစ်မမြင်ဘူး။ ကော့ အစ်မ ရည်းစားများ ရနေတာလား"

ထိုအခါမှာတော့ မျက်လုံးပြူးသွားရသူက သူမပဲဖြစ်နေတော့သည်။

"ဟိုအစ်ကိုထင်တယ်။ ပန့်ခ်ဒီဖိုင်းနဲ့လေ၊ ကားနဲ့"

ဟုဆိုကာ တစ်စွန်းတစ်စကြားသွားသောဝေဝေထူးက အိပ်ရာထဲမှ လှမ်းအော်လာသည်။

"ဖြစ်နိုင်တယ်။ အစ်မရည်းစားမို့သာ ဝေဝေထူးကိုမွေ့ချိုလာတာပေါ့။ ယောက်ဖလောင်းမို့လေ"

"အဲ့ဒီအစ်ကိုကြီးနဲ့ဆို ကျွန်တော်တော့ သဘောတူတယ်ဗျာ။ ချမ်းသာမယ့်ပုံပေါက်တယ်။ သဘောလည်းကောင်းတယ်ဗျ"

"ကဲကဲ. . . သူများအကြောင်း သိပ်ပြောမနေနဲ့ စား။ ကျူရှင်နောက်ကျနေဦးမယ်။ ဟော့. . . အငယ်ကောင် ခြေထောက်က သက်သာရဲ့လား"

"နည်းနည်းနာတာကလွဲလို့ ကောင်းပါတယ်"

"ခေါက်ဆွဲကြော်စားဦးမလား"

"စားမယ်"

"ရော့. . . ဝဏ္ဏ၊ သွားပေးလိုက်"

"ခြေထောက်နာနေလို့နော်။ နို့မဟုတ်ရင် မပို့ပေးဘူး"



"သိပါတယ်။ မင်းက အစ်မလိုမဟုတ်ဘူး။ ပြောတဲ့အတိုင်း ဖုတ်တာ"

"စေတနာမျက်အောင် မလုပ်နဲ့။ မပို့ဘဲနေလိုက်မယ်"

"ဒီကလေးတွေဟာလေ။ အချင်းချင်းကိုက်ကြဖို့လော်က်ပဲသိတယ်။ သွားသွား. . . မင်းလည်း ကျူရှင်သွားတော့"

ဟုသူမက မိခင်ပီပီမာန်လိုက်တော့ ဝဏ္ဏထူးက ခေါက်ဆွဲကြော်ပန်းကန်ကိုယူကာ ထက်သွားပြန်သည်။ ငိုးက မပီဝိုဝေါ်လေး လင်းစပြုလာပြီမို့ ဝဏ္ဏထူးက ကျူရှင်သွားရန် အင်္ကျီအဓေးတို့ကိုထပ်ဝတ်နေနိုက်. . .

"ပွမ်. . . ပွမ်"

အိမ်ခြံရှေ့ဘက်ဆီမှ ထွက်ပေါ်လာသောကားဟွန်းသံကြောင့် ထူးဆန်းနေ၍ ပြတင်းပေါက်မှတစ်ဆင့် လှမ်းကြည့်လိုက်စဉ်. . .

"ဟင်!"

အံ့ဩသွားရသည်။ မနေ့ညက တေဇကိုလိုက်ပို့သွားတဲ့မော်တော်ဆိုင်ကယ် ဒီငြိမ်းရောင်ကားအသေးလေးနဲ့ပါ။ ထိုလူက သူ့ကိုယ်ပင် ရင်းရင်းနှီးနှီးလက် ယမ်းပြ၍ နှုတ်ဆက်နေသေးသည်။

"အမေ. . . အမေ့၊ လာဦးဗျ"

www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်တာလဲ"

"လာဦး"

ချောက်ချောက်ချားချားအော်လိုက်သောအသံကြောင့် အမေလျှော်သူကလည်း မှာမှာသာလဲပင် လက်နှိုးစုတ်ကိုပစ်ချကာ ပြေးထွက်ခဲ့လိုက်သည်။

ဝရန်တာမှကြည့်နေရာဘက် သူမပါ ရောကြည့်မြင်လိုက်သည်တွင်မှ. . .

"ဟင်!"

"အစ်မရဲ့ရည်းစားဖြစ်နိုင်တယ်"

ဝရန်တာက မှန်းဆဆလေးပြောနိုင်ရှိသေး။ အမေလုပ်သူက အိမ်အောက်သို့ပဲ ပြေးဆင်းပြီးဖြစ်နေပါပြီ။

"အမေနေကောင်းလား"

"အင်း, ဒါနဲ့အစောကြီးပဲ"

"အိပ်မရတော့တာနဲ့ အလည်လာတာ"

"ပြော်. . . ဒီလိုလား။ လာလေ, အိမ်ပေါ်တက်။ ဒီမှာက နှင်းတွေ အရမ်းကျတယ်"

ဟုဆိုကာ အလိုက်မသိသောဧည့်သည်ကိုပင် အလိုက်တသိနှင့်



အိမ်ပေါ်ခေါ်တင်လိုက်သေး။ အိမ်ဖော်ရောက်တော့ အိမ်ရှေ့ခန်းမှာ လှဲအိပ်နေသောတေဇေးက သူ့ကိုမြင်မြင်ချင်း အံ့ဩသွားရကာ. . .

"အစ်ကို. . . လက်ာသိုင်း"

"မင်းသက်သာရဲ့လား"

"ဟုတ်. . . သက်သာပါတယ်"

"ကိုယ်တောင် မင်းအတွက် ဆေးတွေယူလာသေးတယ်။ ကိုယ်ကြီးတော်သုံးတာ။ အရိုးအဆစ်အတွက်ကောင်းတယ်တဲ့"

"အစ်ကိုက အစောကြီးပဲရှိနေသေးတယ်"

"ကိုယ်အိပ်မရတော့လို့ ထွက်လာတာ"

"ကျွန်တော်တို့အိမ်ကို အဲ့လောက်အစောကြီး ဧည့်သည်မလာဖူးဘူး"

"ဟား. . . ဟား. . . ကိုယ်တော့ ဧကိသာဖြစ်နေပြီ"

"မဖြစ်ပါဘူးကွယ်။ အန်တီတို့တော့ သားကိုကျေးဇူးတင်ပါတယ်။ ရော့. . . ဒီကခေါ်ပုတ်ကြော်လေး စားလိုက်ဦး"

ဟုဆိုကာ အကြမ်းရေခွက်တစ်ခွက်နှင့် ခေါ်ပုတ်ကြော်၊ တို့စရာကို သူ့ဘေးနားကြမ်းပြင်ပေါ် ချပေးလာသည်။ သူက အလိုက်မသိသောဧည့်သည်မို့ အားမနာပါးမနာ ... ဖြုံမလုပ်ပင်၊ ခေါ်ပုတ်ကြော်တစ်ပြား...

www.burmeseclassic.com

ကောက်ယူကာ စားလိုက်သည်။

"ကပ်တယ်နော်၊ စေးစေးကြီးနဲ့။ ဒါပေမဲ့ အရသာတော့မဆိုး

"ဟင်၊ အစ်ကိုက ခေါပုတ်ကြော်မစားဖူးဘူးလား"

"အင်း၊ ခေါပုတ်ဟုတ်လား"

ထိုအခါမှာတော့ ဝဏ္ဏထူးရော၊ စောဝေထူးရော၊ ဒေါ်ထူးထူးမြ

အံ့ဩသွားရသည်။

"ဒါဆို အစ်ကိုက ဒီမြစ်ကြီးနားက မဟုတ်ဘူးလား"

"ဟုတ်တော့ဟုတ်တယ်။ ဒါပေမဲ့ မဟုတ်ဘူး"

"ဘယ်လိုကြီးလဲ"

"သားက ဧည့်သည်လား"

"မဟုတ်ဘူးဆိုလည်း ဟုတ်နေတယ်။ ကျွန်တော်က မွေး

အမေ အဒေါ်အရင်းတွေဆီ လာလည်တာ။ ဒါပေမဲ့ မကြာခဏ

လည်ဖြစ်ပါတယ်"

"ဪ. . . ဒီလိုလား"

"အမေ့ ကျွန်တော်သွားတော့မယ်"

ဝဏ္ဏထူးအပြောမှာတော့ သူက ဝဏ္ဏထူးကိုစိတ်ဝင်စားသ

ကြည့်နေလိုက်၏။



"သူက သမီးရဲ့အောက်အလတ်ကောင်လေ၊ ဝဏ္ဏထူးတဲ့။ အခု

(၁၀)တန်းတက်နေတာ"

ဆင်းသွားသောဝဏ္ဏထူးကို သူ ဘာရယ်မဟုတ် လှမ်းကြည့်နေ

လိုက်သည်။

"အား. . . ပြဿနာပဲ"

အိမ်အောက်ဘက်ဆီမှ စူးစူးနစ်နစ်အော်လိုက်သောဝဏ္ဏထူးရဲ့

အသံက ညံထွက်လာသည်။

"ဘာဖြစ်လို့လဲ"

"စက်ဘီး၊ ဘီးပေါက်နေပြီ။ ကျူရှင်က နောက်ကျတော့မယ်"

ထိုအခါမှာတော့ သူကထိုင်နေရာမှ ငေါက်ခနဲထရပ်ကာ. . .

"ကိုယ်လိုက်ပို့မယ်လေ။ လမ်းသာပြော"

"ရပါတယ်"

"အားမနာပါနဲ့။ ညီအစ်ကိုတွေလိုပဲသဘောထားပေါ့။ ကိုယ်က

င်းတို့ကိုခင်ပါတယ်"

သူ့ရဲ့ပွင့်ပွင့်လင်းလင်းအပြောမှာတော့ ဝဏ္ဏထူးက ပြုံးလိုက်မိ

သည်။ သူ့ကားပေါ်မှာ မိန့်မိန့်ကြီး လိုက်ပါသွားသောဝဏ္ဏထူးကို ငေး

ကြည့်ရင်း စောဝေထူးက. . .

www.burmeseclassic.com

www.burmeseclassic.com



"အစ်မကိုတော့ ရက်ရက်ရောရောကြီးကိုပေးပစ်ချင်ပြီ"

"ဟဲ့! ဘာတွေပြောနေတာလဲ"

"ဒီဒွဲ့အစ်ကိုက အရမ်းသဘောကောင်းတာ။ အမေရော ခွေမျိုး မတော်ချင်ဘူးလား"

"ဒီကလေးဟာ"

"တော်ချင်နေပါတယ်"

"ငါက အမေပဲ။ သူလိုင့်ကိုဆိုရှိ လူကောင်းသူကောင်းလေးနဲ့ဆို ဘာငြင်းစရာရှိသလဲ။ ဒါပေမဲ့ မင်းအစ်မရဲ့မျက်နှာကိုလည်း မြင်တယ် မဟုတ်လား။ တွန့်ချိုးနေတာပဲ"

"အဲ့ဒါ အစ်မ ပုံများနေတာ။ အစ်ကိုက ချောလည်းချောတယ်။ ပိုက်ဆံလည်း ချမ်းသာတယ်။ သဘောလည်း ကောင်းတယ်။ ဘယ်မှာ မကောင်းတာရှိသလဲ။ အစ်မ သက်သက်ပဲများနေတာပါ။ သေးတီးပေး လိုက်ရင်ဖြစ်ပြီ"

"မင်းကသာ စွတ်ပြောနေ၊ ဟိုက ဘယ်လိုမှန်းမသိ"

"ကျွန်တော် သိပါတယ်။ အစ်ကိုလက်သိုင်းက အစ်မကိုကြိုက် နေတာပါ"

"ဟဲ့ . . ဖြစ်ချင်ရာသာ စွတ်ပြောမနေနဲ့။ ဟိုကလာပြီ။ ကြားသွား



မယ်"

အိမ်ရှေ့မှာကားသံပြန်ကြားလိုက်၍ ပြောလိုက်ခြင်းဖြစ်သည်။ သူ ...အိမ်ပေါ်ပြန်တက်လာတော့ သူ့ကိုပြုံးစိစိနှင့်ကြည့်နေသောတေဇထူး ကြောင့် သူပင်လျှင် ကြောင်တက်တက်ဖြစ်သွားရသည်။

"မနက်ခင်းဘက်ဆို အရမ်းအေးတယ်နော်"

"ဟုတ်တယ်, အရမ်းအေးတယ်။ ဒီဇင်ဘာရောက်ပြီရော၊ အေး ...ပေါ့"

"အမေလုပ်စရာရှိတာသာလုပ်ပါ။ ကျွန်တော့်ကိုဧည့်သည်လို့ ...သောမထားနဲ့။ ကျွန်တော်က တေဇထူးကိုစကားပြောချင်လို့"

ရည်မွန်ပြေပြစ်သောထိုကောင်လေးကို ဒေါ်ထူးထူးမြတ်အမှတ် ...ည့်ပေးလိုက်မိ၏။ ပုံမှန်က သူကသာ တေဇထူးကိုခေသခန်းထိုးပေးခဲ့သည်။ ...ကြောင့်ပင် သူက ထိုမိသားစုနှင့် တစ်သားတည်းကျရင်းနှီးသွားရသည် ...ပါသည်။

ထိုသို့လိုကောင်လေးမျိုးနှင့် သမီးကို ဘာကြောင့်စိတ်မချဖြစ်ရ ...မှာတဲ့လဲ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၃ )

ဒီနေ့တော့ သူမက စိတ်ချမ်းသာရပါသည်။ ဘာကြောင့်လဲဆိုတော့ ...မှာ သူမကိုလာရှုပ်မယ့်ထိုမှတ်ဂြိုလ်က တစ်နေ့လုံးပျောက်ချက်သား ...ာင်းနေ၍ပါ။

သို့သော် ဆိုင်သိမ်းပြီး မြို့ထဲမသွားခင် အိမ်ခဏပြန်လာချိန်မှာ ...တော့ ရှုပ်ထွေးမှုကြီးအလုံးအရင်းက သူမကိုစောင့်ကြိုနေခဲ့သည်။ အိမ် ...မှာရပ်ထားသော မော်ဒယ်လ်စိမ်းရောင်ကားလေးကိုမြင်ကတည်းက ...မ ဗေဒမရာ မသေမချာ တွေးကြည့်မိခဲ့ပါသော်လည်း တွေ့လိုက်ရသော ...ကိုခိုးခစ်ခစ်နှင့်အတူ အမေနှင့်အဖွဲ့ကျနေသော ထိုဂြိုလ်ရဲ့ဖွမ်းခေါင်

www.burmeseclassic.com

www.burmeseclassic.com

ချက်ကြောင့် သူမမှာ ဘာမှပြန်မပြောနိုင်ဘဲ ရင်ဘတ်ကလေးဖိ၍ အံ့ဩနေရပါသည်။

"ဟာ. . . အစ်မပြန်လာပြီလား။ ဒီနေ့လည်းစောသားပဲ"

လှေကားထိပ်မှာ မှင်တက်နေသောသူမကို နောက်နားလေး၌ ဝတ္တုထူးက နှုတ်ဆက်သလိုပြောပြီး ကျော်တက်သွားပြန်သည်။

"အစ်ကို ကြိုက်မှာယ်မို့လား။ ကျွန်တော်အကြော်ဝယ်လာတယ်"

"ဘာကြော်တွေလဲ"

"အစုံပဲ"

"ဟဲ့! ကျွတ်ကျွတ်အိတ်ကြီးနဲ့ ချကျွေးမလို့လား။ သွား. . . ထ ကန်နဲ့ထည့်ချည်"

"ရပါတယ်။ ကိုယ့်ညီမေလာတာ၊ ထိုင်. အစ်ကိုလုပ်လိုက်မယ်"

နှစ်ပေါင်းနှစ်ဆယ်လောက်ရင်းနှီးလာကြသူတွေလို အဆင်ပြေ ချောမွေ့နေကြတာကြောင့် သူမရဲ့မျက်စိတွေနားတွေကိုပင် သူမကိုယ် သူမ မယုံချင်လာတော့။

သိပ်ကပ်စေးနဲလှပါချည်ဆိုသော ဝတ္တုထူးပင်လျှင် သူ့ကိုတော့ စေတနာတွေလျှံကာ ဝယ်ကျွေးနေပြန်သေးသည်။ ဘုရားသခင်၊ သူတို့ လိုပရိယာယ်တွေနှင့် အိမ်သားတွေကိုပြုစားလိုက်တာပါလဲ။



"အစ်မ,လာလေ၊ ဘာလုပ်နေတာလဲ"

ဝတ္တုထူးက နောက်တစ်ကြိမ်ပြန်နှုတ်ဆက်လိုက်တော့မှ အမေက သူမကိုသတိပြုသွားမိပုံရသည်။

"သမီးပြန်လာပြီလား။ လာလေ၊ ဒီမှာအမေတို့ အကြော်စားကြ ရအောင်လို့"

ထိုအခါကျမှ သူမက တစ်ခုခုကိုသတိရသွားပုံမျိုးနှင့် အမေ့အနား ပြေးကပ်ကာ. . .

"သူ့, သူက ဘယ်လိုရောက်လာတာလဲ"

"အမေတို့ကိုခင်လို့ အလည်လာတာပေါ့။ မျက်လုံးပြူးမျက်ဆန် ပြူးနဲ့ ဘယ်လိုဖြစ်နေတာလဲ"

"မဖြစ်နိုင်ဘူး။ ခင်လို့မဖြစ်နိုင်ဘူး"

"ဒါဆို စားပြတိုက်ဖို့လား။ အနုကြမ်းစီးဖို့လား။ မရှုစမ်းပါနဲ့အေ"

"မဟုတ်သေးဘူးနော်အမေ"

"ဟုတ်ပါတယ်အစ်မရဲ့၊ အစ်မကို အစ်ကိုကကြိုက်နေတာလေ"

"ဒီကောင်လေး ရှုကြောင်ကြောင်နဲ့ ငါထုထည့်လိုက်ရ၊ တစ်ချိုးတ နှစ်ကျိုးဖြစ်သွားမယ်"

"တော်ပြောတာမှန်တယ်။ အစ်ကိုက အစ်မအကြောင်းမေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း အစ်မငယ်တုန်းက အိပ်ရာထဲမှာ ရှုးပေါက်တာကအစ ပြောပြလိုက်တယ်။ အစ်ကိုက အစ်မကိုကြိုက်တယ်တဲ့"

"အရှက်ကိုမရှိဘူး"

"ဘာကိုစွရှက်ရမှာလဲဗျ။ သူကကြိုက်ရင်ကြိုက်တယ် ပွင့်ပွင့်လင်းလင်းပြောတာပဲ"

"အဲ့ဒါပြောတာပေါ့။ နင်တို့တွေက ငါ့မောင်တွေ၊ နင်တို့က အဲ့ဒီ ပြောပြရောလား"

"ဘာလဲ အစ်မက ရှက်လို့လား။ မရှက်ပါနဲ့ဗျာ။ ကျွန်တော်တို့က သဘောတူပါတယ်။ အစ်ကိုက သဘောကောင်းတယ်ဗျ။ ပြီးတော့ ချမ်းသာတယ်၊ ချောတယ်။ အစ်မဘာမှတွေမနေနဲ့တော့။ ဖွတ်သာပူးကြိုက် ပစ်လိုက်"

"ဟဲ့. . .ဟိုကကြားသွားလို့ ရှိုးတွေတက်နေဦးတယ်။ အပြော အဆိုဆင်ခြင်"

"မတက်ပါဘူးဗျာ။ ခင်ဗျားလေး ငါ့ကိုမကြိုက်သေးတော ငါသိနေ တာပဲ။ ဒါပေမဲ့ မင်းမကြာခင် ငါ့ကိုကြိုက်လာမှာပါ"

ကြားသွားရင်လည်း မသိလိုက်မသိဟာသာမနေဘဲ အဲ့ဒီလိုကြီးင် ထောက်တာတတ်တဲ့သူ့အကျင့်ကို သူမမုန်းလိုက်ပါဘီ။

သူက အကြော်ပန်းကန်ကိုချကာ သူမသေးမှာထိုင်မည်အပြုတွင် သူမက သတိခနဲထရပ်လိုက်သည်။

"မစားသွားတော့ဘူးလား"

"မစားဘူး။ ရှင့်ကို အခုလိုမြင်ရတာပဲ ကျွန်မ အသက်တိုချင် နေလို့"

"နောက်မှ ငါ့ကိုစွဲလမ်းပေ့ဖြစ်နေချိန်မှ ငါမရှိတော့ရင် တိတ် ဆိတ်လေး ငိုမနေနဲ့နော်"

"ဝေးသေး. . ."

"မင်းမစားတော့လည်း ငါတို့စားပေါ့။ လာ ညီလေး, စားမယ်"

ဟုဆိုကာ သူ့အိမ်အမှတ်နှင့် သူက ဦးဆောင်ကာ စားပြနေသေး သည်။ သူ့ကိုခင်မင်ပုံရနေတဲ့အိမ်သားတွေရဲ့မျက်နှာတွေကြောင့် သူမဘာ မှမပြောဖြစ်တော့ဘဲ ဒေါသဖြစ်ဖြစ်နှင့်သာ ခြေဆောင့်ဆင်းခဲ့မိတော့ သည်။

ဘယ်လိုအကြောင်းကြောင့်မုန်းတော့မသိပေမယ့် သူမကအလိုလို အခြင်း လက်သသိုင်းကိုမုန်းနေမိတာတော့အမှန်ပါ။ အရာရာကိုပိုင်စိုး နိုင်နိုင်လှသည့်သူ့အပြုအမူတွေကို သူမ မုန်းလိုက်ပါဘီ။

တစ်ခါတစ်ရံမှာ မျက်နှာတစ်ခုလုံး လက်သည့်ဖြစ်ရာချည်ပြည့်

www.burmeseclassic.com

www.burmeseclassic.com



သွားသည်ထိ ကုတ်ခြစ်ပစ်ချင်လှသည်။ အစုလိုက်အပြုံလိုက်ဖြစ်နေသော ဆံပင်ထိုးထိုးထောင်ထောင်များကို အမြစ်မှတွဲနုတ်ပစ်ချင်မိသလို လိုက် လက်သက်နှင့် ရှုပ်ပွနေသောအဝတ်အစားများကိုလည်း တစ်စစီဖြစ်သွား အောင် ဆွဲဆုတ်ပစ်ချင်မိသည်။

ပြီးတော့ သူမ အရမ်းမုန်းမိတာက ရှိပါသေးသည်။ ဟိုမကျ မရောက် များစွာပန်ထားသည့် နားတောင်းပြူးတူးပြူတဲကြီးတွေပါ ဘယ်လိုပဲကြည့်ကြည့် သူ့ပုံစံက သူမမျက်စိထဲမှာ ဘယ်လိုမှအချိုးမ ပါ။

မျက်နှာလေးက ကျွတ်ဆတ်ဆတ်နှင့်။ အမေ့လို ဖီဒကြောင်း က သူ့ကိုခင်မင်နေတာကတော့ နည်းနည်းလေးအံ့သြဖို့ကောင်းသာ

ပြီးတော့ အတင်းပြောတတ်သော တေဇထူးကိုရော ကပ်နေ သောဝတ္ထုထူးကိုပါ တစ်လိုင်းတည်းသိမ်းသွင်းနိုင်သော သူ့အရည်အချ က မသေးလှ။

သူမကိုဂရုမစိုက်ဘဲ သူမရဲ့မိသားစုနှင့် အစုလိုအရောတဝင်ဖြ ဖြစ်အောင်ပေါင်းသင်းနေတာတော့ လွန်လွန်းသည်ဟုထင်ပါသည်။ သူမစိတ် တေးမှတ်မိသည်။ အမေနှင့်မောင်လေးတွေ မရှိတဲ့အခါမှာ အပြတ် လုပ်ပစ်ဦးမည်ဟု။

သူမဒေါသဖြစ်ဖြစ်နှင့် စက်ဘီးကို အားသွန်နင်းပစ်ခဲ့ရာ ခဏ အတွင်းမှာပင် ခြံထဲသို့ရောက်လာခဲ့သည်။ မြင်လိုက်ရတဲ့ကားဖြူလေး တစ်စင်းကြောင့် သူမရဲ့ဒေါသတို့က တဖြည်းဖြည်းနိမ့်လျှိုးပျောက်ကွယ် သွားလေလှ။

သူမက ဦးလေးကြီးကိုပင်နှုတ်မဆက်တော့ဘဲ သပြေညိုခြံဘက် ကူးဝင်လာခဲ့ရာ ကောင်းကင်ကြီးကိုမော့ကြည့်နေသော သူ့ပုံရှင်းသန့်သန့် ကို ဘွားခနဲတွေ့လိုက်ရသည်။

ညနေဆည်းဆာချိန်မို့ အဖြူရောင်ကောင်လေးရဲ့သေသပ်ခန့်ညား သောပုံက နာမည်ကျော်ပန်းချီဆရာရဲ့စုတ်ချက်တစ်ခုနှယ် သက်ဝင်နေပါ ၏။ သူမအမုန်းတကယ်ပဲ သတိလက်လွတ်ငေးနေမိခဲ့ပါသည်။

"မင်းရဲ့ရင်ထဲမှာ အေးမြနေတယ်မဟုတ်သော။ မင်းရဲ့အတွေးထဲ မှာ လိပ်ပြာလေးတွေ ဝဲပျံနေမှာပေါ့"

"ကျွန်မကိုမကြည့်ဘဲ ကျွန်မငေးနေတာကို ရှင်ဘယ်လိုလုပ်သိ သလဲ"

"ကိုယ် မင်းရဲ့ခြေသံကိုကြားလိုက်တယ်။ ပြီးတော့ ရပ်သွားသည်။ မင်း ကိုယ့်ကိုကြည့်နေတာပဲဆိုတာ ကိုယ်သိတယ်။ ဒါပေမဲ့ ကိုယ် မင်း ကိုမကြည့်ဘူး။ မင်းအာရုံနောက်သွားမှာစိုးလို့"

www.burmeseclassic.com

www.burmeseclassic.com


"ရှင်က ကျွန်မရဲ့စိတ်နဲ့အနီးကပ်ဆုံးမှာရှိတယ်။ ကျွန်မကို ရှင်နား လည်နေတယ်"

"အွန်. . . နားလည်တယ်။ မင်း တစ်ခုခုကိုတင်းလာတယ်လို့ ကိုယ်ထင်နေသလိုပဲ"

"ဟင်! ရှင်ဘယ်လိုသိလဲ"

"ဟုတ်နေတာပေါ့။ မင်းဟန်ဆောင်ပြီးမှတော့ မပြင်းတော့ဘူး လား။ ကောင်းပါတယ်။ ရိုးရိုးသားသားပေါ့။ အဲ့ဒါကြောင့်ထင်တယ်။ မင်းက ကိုယ့်စိတ်ထဲ ဝင်လာစပြုနေတာ။ ကိုယ် မင်းကိုမျှော်နေတာ ပြီ။ မင်းစကားနင်းတော ပုံမှန်ထက်ပိုမြန်နေတာ ကိုယ်မြင်လိုက်တယ်"

"ရှင် ကျွန်မကိုစောင့်ကြည့်နေတာပေါ့"

"ကိုယ့်စိတ်ထဲမှာရှိတဲ့အမျိုးသမီးက ဆုံးသွားတဲ့အမေ၊ ပြီးရင် မင်းက ပထမဆုံးပဲ"

"ရှင့်မှာ ရည်းစားမရှိဘူးလား"

"ရည်းစားဟုတ်လား။ ဟား. . . ဟား. . . မင်းက နည်းနည်းရယ် ရတယ်နော်။ မင်းပြောမှ ကိုယ်သတိရတယ်။ ကိုယ်က ရည်းစားရှိမယ့် ပုံပေါက်လို့လား. . . ဟား. . . ဟား"

"ရှင်က ရယ်လိုက်ရင် သိပ်ချောတယ်။ ဘာကြောင့် ရှုပ်နေ တာလဲ"

"ငယ်ငယ်တည်းက အဲ့လိုပဲနေလာတာ။ မင်းက တော်တော်ရှူး ဆန်းတယ်။ ကိုယ့်ကိုရင်းရင်းနှီးနှီးဝေဖန်တယ်။ ကိုယ်သိသလောက်တော့ ကိုယ့်ကိုအဲ့ဒီလိုပြောတာ မင်းက ပထမဦးဆုံးပဲ။ သူများတွေက အဲ့ဒီလို ပြောရင် ကိုယ်ကြိုက်ချင်မှကြိုက်မယ်။ ဒါပေမဲ့ မင်းပြောတာတော့ ကိုယ် သိပ်စိတ်မဆိုးဘူး။ မင်းကိုကိုယ်ခင်တယ်"

"ကျွန်မလည်း ရှင့်ကိုခင်တယ်"

"အဲ့ဒါဆို မင်းကို ကိုယ်ပွဲတစ်ခုခုဖိတ်ရင် မင်းလာမှာလား"

"ပွဲ. . . ဘာပွဲလဲ"

"လာမယ့်ဆန်းဒေးမှာ ကိုယ့်မွေးနေ့ရှိတယ်။ အဲ့ဒါ မင်းကို ကိုယ် ဖိတ်တယ်"

"ရှင်လာစေချင်ရင် ကျွန်မလာမှာပါ"

"ကိုယ်က ဟန်မလုပ်တတ်ဘူး"

"ကျွန်မလာမှာပါ"

"မင်းကို ကိုယ့်သူငယ်ချင်းနဲ့မိတ်ဆက်ပေးမယ်"

"သူငယ်ချင်း"

"အင်း. . . သူက ကိုယ်ရဲ့တစ်ဦးတည်းသောသူငယ်ချင်းပဲ။

www.burmeseclassic.com

www.burmeseclassic.com

ညီအစ်ကိုလိုပဲ အရမ်းခင်ကြတာ"

"ရှင်ဘာနှစ်သက်သလဲ"

"ဘာဖြစ်လို့လဲ"

"ရှင့်ကိုလက်ဆောင်ပေးချင်လို့"

"တကယ်လား"

"မယုံဘူးလား"

"မင်း ဒီနေ့ ကိုယ့်ကို ခေါက်ဆွဲပြုတ်မကျွေးတော့ဘူးလား"

"အင်း. . . အဲ, မေ့ခဲ့ပြီ။ ဝယ်မလာခဲ့ဘူး။ ဟိုအရှုပ်ထုပ်ကြောင့်ပေါ့။ ဒေါသဖြစ်ရလွန်းလို့"

"ပန်းကလေးမို့ ပျားပိတုန်းတွေအုံခဲနေပြီလား"

"အဲ့လောက်လေးဆို အရေးမကြီးဘူး။ အခုဟာက တစ်ပင်လုံးကိုတောင် အမြစ်က နုတ်ချင်နေတာလားမသိဘူး။ ပိုင်ပိုင်နိုင်နိုင်နဲ့ မှန်းလိုက်တာ"

"ကိုယ်ဘာကူညီရမလဲ"

"ဆောရီး, ရှင်ခေါင်းခဲသွားပြီလား။ ဟား. . . နှင်းတွေက အရမ်းကျလာပြီ။ ညဆိုလည်း သိပ်အေးတာနော်။ ရှင်နွေးနွေးလေးအိပ်ရဲ့လား"

"ကိုယ်က အေးတာကိုပဲကြိုက်တာ။ ဒီလိုနှင်းမှုန်လေးတွေကို



ကိုယ်သိပ်သဘောကျတာ။ ဒါကြောင့် အခုလိုဒီဇင်ဘာတွေဆို ကိုယ်အမြဲကိုပြန်လာလေ့ရှိတယ်"

"ရှင့်ပန်းချီကားက ပြီးသွားပြီလား"

"အင်း. . . အပြီးသတ်လိုက်ပြီ"

"ဒါဆို ရှင်, နောက်နေ့တွေ မလာတော့ဘူးပေါ့နော်"

"မင်းဆီလာလည်မယ်လေ၊ ရလား"

"ရတယ်၊ အရမ်းရတယ်"

"ဟန်မဆောင်တတ်တဲ့မင်းကို ကိုယ်သဘောကျတယ်။ မင်းနဲ့ စကားပြောရတာ စည်းတွေဘောင်တွေမရှိဘူး။ ကိုယ်ပျော်မိသလိုပဲ။ ရိုးသားတဲ့မင်းကို ကိုယ်သဘောကျတယ်"

"ရှင်. . . အဲ့. . . အို"

ရှင်းရှင်းနဲ့ဘွင်းဘွင်းကျတဲ့သူ့စကားအဆုံးမှာတော့ သူမက ဘာပြန်ပြောရမှန်းမသိအောင် ဆွံ့အသွားရတော့သည်။ သေချာနေတာကတော့ သူမရင်ထဲမှာ တိတ်တဆိတ်လေး ကျိတ်ပြုံးနေခဲ့မယ်ဆိုတာပဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၄ )

ရာသီဥတုကအေးလွန်းတာကြောင့် သူမက နားရွက်လေးများကို ချပ်သည်ထိ ခေါင်းစွပ်ဦးထုပ်ကို ဆွဲချထားလိုက်ပါသည်။ သူမရဲ့လက်အိတ်က ချည်ထိုးလက်အိတ်လေးဖြစ်နေတာကြောင့် လေအေးအေးလေးက အပေါက်လေးကြားထဲမှ မရမက တိုးဝင်လာ၍ အေးလွန်းတာကြောင့် လက်တစ်ဖက်ကို အကျႌအိတ်ထောင်ကြီးထဲ ထိုးထည့်ထားမိလိုက်သည်။

ဒီနေ့တော့ နှင်းတွေက ပတ်ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်အောင် အုံ့ဆဲနေတာကြောင့် မာကျူရီမီးရောင်လေးရှိနေပါသော်လည်း ပတ်ဝန်းကျင်ကို အဝေးကြီးကြီးမမြင်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်ပင် စက်ဘီးကို ဖြည်းညှင်းစွာနင်းလာမိခဲ့သည်။ ဒ... သော်လမ်းထောင့်တစ်ခုအရောက်မှာတော့ ပလက်ဖောင်းပေါ်ငုတ်တုတ်... လေး ကုပ်ကုပ်ကုပ်ကုပ်ထိုင်နေသောလူတစ်ယောက်ကို မီးပိုးတာ... မီးရောင်အောက်တွင် တွေ့လိုက်ရသည်။

အခုတလော ခေါင်းကိုဖြတ်ရိုက်ပြီး ဆိုင်ကယ်တွေစက်ဘီးတွေ... လုတယ်ဆိုသောသတင်းက ကြီးနေတာကြောင့် ကိုယ့်ကိုယ်ကိုသတိပေး... လိုက်မိသည်။ သို့သော် ထိုလူရဲ့ပုံက သူခိုးသူဝှက်တော့ဖြစ်ပုံမရ။ သန့်သန့်... ပြန့်ပြန့်ဝတ်စားထားရုံမက အကောင်းစားရေမွှေးနံ့ပါ ဖြတ်အသွားမှာ ရှူရှိုက်မိလိုက်သည်။

ထိုရန်က သူမယဉ်ပါးနေသလိုတော့ရှိသား။ ဒါပေမဲ့ လူဆိုတာ... ရတာတော့မဟုတ်ဘူးလေ။ အကျီကောင်းကောင်းဝတ်ပြီး လုယက်လိမ်... ညာနေသူတွေက အများသားပင်။

သူမတွေးတောစဉ်းစားချိန်ပင် မဆုံးလိုက်သေး။ သူမရဲ့စက်ဘီး... နောက်ကယ်ရီယာခုံကို အဆွဲခံလိုက်ရပါသည်။ သူမ လန့်ဖျပ်သွား၍ အသားလေးတွေပင် ဆက်ခနဲတုန်ခါသွားရသည်။

“ရှင်ဘာလုပ်တာလဲ”

“လှည့်မကြည့်နဲ့ ဆက်နင်း။ လမ်းကြိုလိုက်မလို့”

“ရှင့်ကို ကျွန်မမှမသိတာဘဲ။ ရှင်ဆင်းပါ။ ကျွန်မအော်လိုက်မှာ”

ထိုအခါမှာတော့ ချွန်မြသောအရာတစ်ခုက သူမကျောကို ထောက် ...ခဲ့ထောက်လိုက်သလို ခံစားလိုက်ရသည်။

“ရှင်ဘာလုပ်တာလဲ”

“မင်းအော်လိုက်တာနဲ့ ဓားက မင်းကျောထဲ စိုက်ဝင်သွားပြီမှတ် ...”

ထိုအခါမှာတော့ သူမလန့်သွားမိတာအမှန်ပါပဲ။ မါကိုပင် မတ်မတ် ...ထောင်နိုင်တော့။ ထိုပုဂ္ဂိုလ်က စိတ်မထင်ရင်မထင်သလို ထိုးထည့်လိုက်မှ ...မှ မရှုမလှနှင့် သေပွဲဝင်သွားမှာကိုလည်းကြောက်မိပါသည်။ တွေး ...င်းမှင့်ကျောချမ်းလာ၍ အသက်ပင်ရဲရဲမရှူရဲတော့။

“ဟိုရှေ့က လမ်းထဲကွေ့ဝင်လိုက်”

“ဟုတ်၊ ဟုတ်ကဲ့။ ဟို ရှင် ဘာမှတော့ မဟုတ်တာမလုပ်ပါဘူး ...နော်”

“လျှာမရှည်နဲ့ ဝင်ဆိုဝင်လိုက်”

အသိန်းကိုမလွန်ဆန်နိုင်လို့သာ ကွေ့ဝင်လိုက်ရသည်။ မလိုက်...ချင် ...တာတော့ အမှန်ပါပဲ။ ပန်းပို့နောက်ကျနေတော့မယ်လေ။

ထိုလူက ဝဲသလား။ ကိုယ်သိခန္ဓာကလည်း...လိုက်တာ။ ရာသီ

www.burmeseclassic.com

www.burmeseclassic.com



ဥတုက အေးခဲနေတာတောင် မောချွေးရော ကြောက်ချွေးပါပေါင်းပြီး ဗေ

ချွေးများက နဖူးတစ်ပိုက် စီးကျနေခဲ့ပါသည်။

"ချပြီး ရှေ့မှာရပ်လိုက်တော့"

ဒီအသံက သူမ ကြားဖူးနေကျလိုလို။ ဘယ်သူ့အသံလဲ။ ယခ

ရင်းနှီးနေတာကတော့အမှန်ပါပဲ။

"မျက်စိမှိတ်ထား"

မလွဲမသွေလိုက်နာရမည့်အခြေအနေမို့ သူမမှာ အလွယ်တကူပင်

ရင်ပြီးရော မျက်စိကိုမှိတ်ချပစ်လိုက်သည်။

"(၅)မိနစ်လောက်ကြာမှဖွင့်နော်။ ဒါမှမဟုတ်ရင် မင်းစော်ကြ

ပြီး ဘဝကူးသွားမယ်"

အနည်းငယ်အကြမ်းဆန်သောထိုအသံကြောင့် သူမ ကြော

လန့်ပြီး တကယ်ပဲ မျက်စိမဖွင့်ရဲတော့ပါ။ ထိုလူပြောသလိုပဲ (၅)မိ

မှုခန့်မှန်းအကြာမှ မျက်လုံးကိုဖွင့်လိုက်တော့ မယုံနိုင်စရာမြင်ကွင်း

တစ်ခုက သူမကိုနှုတ်ခွန်းဆက်နေခဲ့သည်။

မှန်ပါသည်။ သူမရပ်နေရာဘေးပတ်ဝန်းကျင်မှာ ထိန်ထိန်ညီ

သော ဖယောင်းတိုင်လေးများက ခြံရံနေခဲ့၍ပါ။ ပြီးတော့ သူမရပ်

တာက ပန်းပယ်လယ်ကြားထဲမှာပါ။ အို. . . လှလိုက်တဲ့ပန်းတွေ။



"ဟင်!"

မြင်လိုက်ရသောမြင်ကွင်းကြောင့် သူမ တကယ်ပဲမှင်တက်သွားမိ

ပါ။ သစ်ပင်မှာချိတ်ဆွဲထားသောရောင်စုံမီးပုံလေးတွေမှာ ရေးထား

'I love you'တဲ့လေ။

ဒါဆို သူမကို စောစောကသူခိုးက ကြိုက်နေတာပေါ့။ မဟုတ်

ဘူး။ ဒီပုံအတိုင်းဆိုရင် သူခိုးမဟုတ်တာတော့ သေချာနေပါသည်။ ဒါ

သူမကိုချစ်ရေးဆိုနေတာလေ။ ဒီလိုရှုကြောင်ကြောင်ချစ်ရေးဆိုမှုမျိုးကို

ဘယ်သူလုပ်နိုင်မှာလဲ။ သူမအပြင်းအထန်စဉ်းစားလိုက်မိသည်။

"လှကျော်သိုင်း"

နောက်ဆုံးအဖြေထွက်လာခြင်းနှင့်အတူ ကျယ်လောင်စွာအော်

လိုက်သည်။ သူမရဲ့အလုပ်ရှိန်ကို နောက်ပြောင်နေသလို မထိမဲ့မြင်

လုပ်နေတဲ့သူ့ကို သိပ်ဒေါသထွက်သွားမိသည်။ ဒါကြောင့်ပင် ကြည်နူးမိ

သွားသည့်တဒင်္ဂစိတ်က ဘယ်ပျောက်ကုန်မှန်းမသိ။

"လကျော်သိုင်း. . . ရှင့်ကိုတွေ့လို့တော့ အမှုန့်ချေပစ်မယ်"

ဟုပြောလည်းပြောကာ ဒေါသဖြစ်ဖြစ်နှင့် ဖယောင်းတိုင်တွေကို

မှုတ်သတ်ပစ်ပြီး လှပနေသောပန်းပုံကြီးတွေကို တွန်းဖွပစ်သည်။

ထိုအခါမှာ ပန်းပုံကြီးကြားထဲမှ ကြွေရောင်ထနေသောဒေါက်ချွန်

www.burmeseclassic.com

www.burmeseclassic.com

ချွန်လေးတစ်ရုံက ဘွားခနဲထွက်ပေါ်လာရသည်။

လက်စသတ်တော့ သူမကို တသသွယ်အသုံးပြုသွားတာက နီ ဒေါက်ဖိနပ်ချွန်ချွန်တွေပဲကိုးဆိုတာ သဘောပေါက်သွားမိပါသည်။ သူမ ခံလိုက်ရတာကို ဒေါသဖြစ်ဖြစ်နှင့် ကြွေရောင်ထနေသောဒေါက်ဖိနပ်ကို အဝေးသို့လွှင့်ပစ်ဖို့ကြံရိုက်. . .

"ဈေးကြီးမှာပဲ"

ဟုတွေးမိသွား၍ မလွှင့်ပစ်ရက်ပြန်တော့။ သူမဒေါသဖြစ်ဖြစ်ဖင် ဒေါက်ဖိနပ်ကို ကျောပိုးအိတ်လေးထဲ ထည့်မိလိုက်ပြန်သည်။ ထွက်ပြ သွားသောသူမကို သစ်ပင်နောက်ကွယ်မှလူက တဟင်းဟင်းရယ်နေခဲ့ မယ်ဆိုတာ သူမဘယ်လိုမှမသိနိုင်ပါ။

# အခန်း ( ၁၅ )

အကိုဒိုင်းအသစ်တွေရောက်လာတာကြောင့် သူမက သင့်တော် သာနေရာမှာချိတ်ပြီး အသစ်အဟောင်းရှင်းလင်းနေချိန်တွင် ဆိုင်ရှင် ဒေါ်လေးက တရင်းတအုပ်နှင့် သူမနားရောက်လာခဲ့သည်။

"ဒီတစ်ခါရောက်လာတဲ့အထည်တွေက ဆန်းတယ်။ ပွဲတက်ဝတ် တွေချည်းပဲ"

"ပွဲတက်ဝတ်စုံ"

သူမ တစ်ခုခုကိုသတိရလိုက်သည်။ သူ့ရဲ့မွေးနေ့ပွဲအတွက် သူမ ဝတ်စုံမှမရှိတာဘဲလေ။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေး"

"အွန်း. .,. ပြော"

သူမစကားအစဖော်ပြီးကာမှ ဘာမှမပြောဖြစ်တော့။ အိမ်စရိတ် မလောက်တာကို သတိရမိသွားပြန်သည်။ ကျောင်းသားရည်းစားမယောက် ရှိကြသောအိမ်မှာ အမေနဲ့သူမရဲ့လုပ်စာက အနိုင်နိုင်။

"ဘာမှမဟုတ်တော့ပါဘူး"

ဒေါ်လေးက ဘာမှထပ်မဆိုဘဲ သမန်ကာလျှံကာကြည့်ပြီး သွား မည်ပြုပြီးမှ ပြန်လှည့်လာကာ. . .

"တို့ရဲ့ဘူက မင်းကိုတော့ခင်နေပုံရတယ်။ မင်းအကြောင်းကိုပြော တယ်။ အန်တီလေးရဲ့ဆိုင်မှာ ပြူတွေးကြောင်တောင်နဲ့ က…နဲ့မလေး ရှိတယ်တဲ့။ ပေါက်ပေါက်ရှာရှာပြောတတ်တယ်နော်။ ရယ်ရတယ်"

"ကာတွန်းမ"

"ပြီးတော့ ပြောသေးတယ်။ အဲ့ဒီကာတွန်းမက စိတ်တိုနေရင် ဘီလူးမ သံပရာသီးကိုက်ထားတဲ့မျက်နှာနဲ့တဲ့။ ဟင်းဟင်း. . . သူ့ရှိကြ ကြီးဖန်ဖန်။ အဲ့ဒါ မင်းကို သူက ခင်လို့စနေတာ။ သူက အဲ့လိုမျိုးသိပ်ပြော လေ့မရှိဘူး။ သူ ဒီမှာ ပျော်နေတယ်ထင်ပါရဲ့။ အိမ်ကိုကပ်တယ်မရှိဘူး။ မျက်နှာလည်း ရွှင်ရွှင်သာသာနဲ့ မိုးလင်းကမိုးချုပ် အိမ်မှာကို့မနေဘူး။

ခ်ခုခုကို အသည်းအသန်လုပ်နေတယ်ထင်တယ်။ တစ်ခါတစ်ရံမှာ ျပ်နှာကြက်ကိုကြည့်ပြီး ရယ်နေတယ်"

"ဝေါက်သွားတာလားမှမသိတာ"

"စကားပြောကိုဆင်ခြင်ပါ ပုရစ်ဖူး။ တို့ဘူက မင်းထင်သလို ဟုတ်ဘူး။ မင်းထက်အများကြီးသာတယ်။ ဘွဲ့လည်းရပြီးသား။ ဒီပလိုမာ တွေလည်း သူ့ဆီမှာ တစ်သီကြီး။ သူဟာသူ လွတ်လွတ်လပ်လပ်နေတတ် အပဲရှိတယ်။ သူက ငါတို့ရဲ့တစ်ဦးတည်းသောမျိုးဆက်။ ဒီဆိုင်ပိုင်ရှင်။ င်းသတိထားပါ။ သားက မင်းကိုခင်နေလို့သာပေါ့။ ဟွန်း"

တင်းထန်မာကျောသွားတဲ့ဒေါ်လေးမျက်နှာကြောင့် သူမမှာ ဘာမှ ဆ်မပြောဝံ့တော့။ ဘယ်တတ်နိုင်မလဲ။ သူတို့က ဂုဏ်ရှင်တွေကိုး။ သူမ ါန်လှလှလေးများကိုကြည့်ပြီး စိတ်ကူးထဲမှာ အမျိုးမျိုးဝတ်ကြည့်နေမိ သည်။ ဘယ်တုန်းကမှ အလှအပအကြောင်း စိတ်မဝင်စားဖူးတဲ့သူမက ခုတော့ တိမ်စင်ချိုင်းရဲ့အပြုံးနုနုကြောင့် လှပမှုကို နှံမင်လာတတ်ပါပြီ။

တိမ်စင်ချိုင်းရဲ့မွေးနေ့ပွဲမှာ သူမက လှချင်နေမိသည်။ သို့သော် ျပြလည်သည့်တာဝအခြေအနေမို့ တဲတွေးမိုးချုံးမှလွဲ၍ တခြားမရှိတော့။ သူမက ကိုင်ကြည့်နေခဲ့သော ဂါဝန်အဝါနုရောင်လေးကို သဘောကျလွန်း ်ထက်မှမချချင်တော့။ ဒါလေးသာဝတ်လိုက်ရင် လှလှသွားမည်ထင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com

"နိုးမို့ကြိစည်နေတာလား"

မေတ္တာသုဉ်းချင်စရာ နှုတ်ဆက်စကားကြောင့် သူမက ခိုင်းခန့်ရေ အောင် မျက်စောင်းထိုးလိုက်မိသည်။

"ငါက မျက်စောင်းထိုးတိုင်း ရင်မခုန်တတ်ဘူး"

"ရှင် ရင်ခုန်လာအောင်လည်း ဘယ်သူမှမစွဲဆောင်ဘူး။ သိပ် ဘဝင်မြင့်မနေနဲ့"

"အဲ့ဒါဆိုရင် မင်း ဂန့်ဒူးပဲဖြစ်ရမယ်။ မိန်းကလေးမှန်ရင် ကိုယ့် ကိုကြိုက်တယ်လေ"

"သွားသေလိုက်။ မှန်းတယ်ဆိုတာထက်ပြင်းတဲ့စကားလုံးရှိရင် ရှင့်အတွက် သတ်မှတ်လိုက်ချင်သေးတယ်"

"ဘယ်သူကရော ချစ်ပါလို့တောင်းဆိုနေလို့လဲ"

"ရှင်. . . ရှင်. . . အား၊ စိတ်တိုလိုက်တာ။ ရှင်ပြန်တော့"

"ဒါ ကိုယ့်ဆိုင်ပဲ။ နေချင်ရင်နေလို့ရတယ်"

"အဲ့လိုပုံစံမျိုးကို အသည်းနင့်အောင်မုန်းတယ်"

"ငါကြားဖူးတာတော့ မိန်းကလေးတွေက အဲ့ဒီလူကိုမုန်းတယ် ပြောရင် ရင်ထဲက ချစ်နေလို့တဲ့"

"နလုံးနာလိုက်တာ"



"မင်းဒေါသဖြစ်တာက သိပ်ရယ်ရတယ်ပဲ. . . ဟား. . . ဟား"

"ရှင်နောက်ဆို ကျွန်မရဲ့အိမ်ကိုမလာပါနဲ့"

"မင်းဆီလာတာမှမဟုတ်ဘဲ။ ဝတ္ထုထူး၊ တေဇထူးနဲ့ အမေဆီ ...လာတာလေ"

"ဘာအမေလဲ။ ကျွန်မအမေကို ရှင်အဲ့ဒီလိုခေါ်ဖို့မလိုဘူး"

"အမေခွင့်ပြုထားတယ်လေ။ ခေါ်ပါတဲ့။ ငါထင်တာကတော့ ...အိမ်သားလုံးမှာ မင်းတစ်ယောက်ပဲ သဘောဆိုးတာထင်တယ်"

"အဲ့ဒါဆို သဘောဆိုးတဲ့ကျွန်မကို ရှင်ဝေးဝေးကရှောင်ပေါ့။ ဒီ... ဘာလာရှုပ်နေသေးလဲ"

"ဟော့. . . အဲ့လိုပြောတော့လည်း စိတ်ဆိုးပြန်ရော။ မိန်းမတွေက ...ဆတ်ခက်တယ်။ အမှန်ပြောရင် မနှစ်သက်ကြဘူး။ ကိုယ်လိမ်ပြောမှနဲ့ ...တယ်။ ဟဲဟဲ. . . ဆိုပါစို့ကွာ။ မင်းက ချစ်စရာကောင်းတယ်။ ကိုယ့် ...လုံးထဲမှာ ဒုဏ္ဍာရီနတ်သမီးလေးတစ်ပါး ကောင်းကင်က ကြွကျလာ ...လိုပဲ။ ကိုယ် မင်းကိုသိပ်ချစ်တယ်။ မင်းကို မနက်ခင်းတိုင်း မြင်ခွင့်ရ ...တယ်။ မင်းနောက်မှာ အရိပ်လေးဖြစ်ပါရစေလို့ဆိုပြီး လိမ်ညာပြော ...ရှင်ရော"

"ခွေးခေါင်းရာစက် ကြိုက်သလား။ ကျားခေါင်းရာစက် ကြိုက်

www.burmeseclassic.com

သလား။ ကြိုက်ရာသာရွေး"

"ဖြစ်နိုင်မှမထင်ရှားဘဲ တရားစီရင်မယ်ဆိုရင်တော့ ကိုယ်က ရှုံး

လုပ်လိုက်မှာ။ ဇေ့ပြည့်ရော၊ နတ်ပြည်ရော၊ နဂါးပြည်ပါမကျန် သောင်း

ကျန်းပြလိုက်မယ်"

"အဲ့ဒီအချိန်ဆိုလည်း. . . ဗုဒ္ဓက အသာငြိမ်နေမှာမဟုတ်ဘူး

ကျောက်တောင်မှာ နှစ်တစ်ထောင်လောက် အပိတ်ခံလိုက်ရအောင် ဟန်

စည်တီးပြီး တိုင်တည်ပစ်မယ်"

"ဟား. . . ဟား. . . ဟား. . . မင်းက ရယ်စရာတယ်။ ငါတို့နှစ်

ယောက်က တရုတ်သမိုင်းကို ရှင်းတမ်းထုတ်နေတာနဲ့တူနေပြီ။ မုန့်

လုံး၊ သူ့အမေရိုက်၊ ဂျာအေးစက္ကူကပ်ဖြစ်နေပြီ"

"မကြားဖူးပါဘူး။ ဂျာအေးသူ့အမေရိုက်၊ မုန့်လုံးစက္ကူကပ်ပါ"

"ဘာပဲဖြစ်ဖြစ် မင်း ညနေကို အိမ်စောစောပြန်လာ။ ဒါပဲ"

"ရှင်က ဘာမို့အမိန့်ပေးနေရတာလဲ"

"ဟယ်! ငါတူက ရောက်နေတာတောင် အခေါ်သီအရင်မလာဘဲ

ပုရစ်ဖူးနဲ့ အဖွဲ့ကျနေသေးတာပေါ့"

"လုပ်ဆောင်ချက်တွေညံ့ဖျင်းလွန်းလို့ သင်ကြားပေးနေတာ"

"အံမယ်. . . တယ်ဆိုပါလား"



"အန်တီလေး. . . ညနေဆို ဆိုင်စောစောသိမ်း"

"ဘာကြောင့်လဲ။ စောစောသိမ်းရင် ဝင်ငွေလျော့တာပေါ့"

"အသက်ကြီးပြီ ဘုရားလေးဘာလေးသွားဦး။ စောစောပြန်လာ။

အန်တီလေးကိုရော ကြီးတော်ကိုပါ ဘုရားပို့မယ်"

"သာဓုကွယ်။ တစ်လုံးတည်းခေါ်လိုက်ဦးမယ်"

"သားပြန်တော့မယ်"

"ဖြည်းဖြည်းပေါ့"

"ဟိတ်! မင်းထမင်းချိုင့် လာယူပြီလား"

ပုရစ်ဖူးဘက်လှည့်ကာ ကောက်ကာငင်ကာမေးလိုက်သည့်တွင်

ပုရစ်ဖူးက ဘာပြန်ပြောရမှန်းမသိဖြစ်သွားရသည်။ ရုတ်တရက်မို့ပါ။

"ဖြေလိုက်လေ"

ဒေါ်လေးက ဝင်ထောက်ပေးမယ့် သူမက သူ့ကိုဘာမှပြန်မပြော

ချင်။ ပြောချင်စိတ်မရှိလှပါ။

"အန်တီလေး"

"ပြော. . . ငါ့တူ။ ဘာဖြစ်ချင်သလဲ"

"ဗိုက်ဆာတယ်။ ထမင်းစားချင်တယ်"

"အန်တီလေး လှမ်းမှာ. . .ကမယ်။ ခဏစောင့်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . မရဘူး။ မစောင့်နိုင်တော့ဘူး"

"ခဏလေးပါပဲ။ ခဏ"

"ပုရစ်ဖူးရဲ့ချိုင့်ကို သားစွင့်စားလိုက်မယ်။ အိမ်ကချိုင့် ရောက်လာရင် အန်တီလေးနဲ့ပုရစ်ဖူးပဲ စားလိုက်တော့။ ဟုတ်ပြီနော်။ နားလည်တယ်နော်"

ဟုသာ သူပြောချင်ရာပြောပြီး သွားလိုက်သော လက်ဘသိုင်းကို သူမသိပ်ဒေါသဖြစ်နေရပါသည်။

"ဟော့. . . ဟော့"

"စားသွားပါဝေ ပုရစ်ဖူးရယ်။ သူက စားချင်စိတ်ရှိခဲ့တယ်။ မင်းကို တို့ကောင်းကောင်းဝယ်ကျွေးမယ်။ ဟုတ်ပြီလား"

"မဟုတ်သေးဘူး"

"ဘာလဲ။ မင်းကဆာနေပြီလား"

"ဆာတော့ မဆာသေးပါဘူး။ ဒါပေမဲ့"

"ဘာမှဒါပေမဲ့မနေနဲ့။ မင်းရဲ့ချိုင့်ကြီးကိုတော့ ငါတို့က ငဲ့မစားနိုင်ပါဘူး။ ငါတို့ စားချင်စိတ်ရှိတုန်းလေး စားပလေ့စေ"

သူမက ဘာတတ်နိုင်တော့မှာတဲ့လဲ။ အနိုင်ယူလိုရတိုင်း ကြိုက်သ - သာက်အနိုင်ယူချင်နေတဲ့လက်ဘသိုင်းကို စိတ်ဆိုးရုံမှတစ်ပါး အခြားရှိ။

တစ်ခုဆိုးလွန်းတာက စိတ်ဆိုးတာလေးတောင် ပေါ်ပေါ်ထင်ထင်ဆိုးခွင့်မရှိခြင်းပါ။ ဒါပေမဲ့လည်း သူမတို့အိမ်က ထမင်းဟင်းထက်အဆပေါင်းများစွာသာတဲ့နေ့လယ်စာကို သူမက ဒေါ်လေးနှင့်အတူစားသောက်လိုက်ရပါသည်။ ဒေါ်လေးက သူမရဲ့တူကို ချစ်လွန်းအလိုလိုက်လွန်းတာတလွဲလို့ သိပ်သဘောကောင်းသောအမျိုးသမီးတစ်ယောက်ပါပဲ။

သူမက ဒေါ်လေးကို ဆိုင်ရှင်၊ အလုပ်ရှင်တစ်ယောက်လိုရှိသေပြီး ဆွေမျိုးသားရင်းတစ်ယောက်လို ချစ်ပါသည်။ ဒါကြောင့် ထိုအလုပ်ထဲမှာ သူမပျော်သည်။ လစာလည်းကောင်းတာကြောင့် အလုပ်က မထွက်ချင်။ ဒါကိုအခွင့်အရေးယူပြီး သောင်းကျန်းချင်တိုင်းသောင်းကျန်းနေသောလက်ဘသိုင်းကိုဒေါသဖြစ်ရပါသည်။

ဒေါ်လေးက လက်ဘသိုင်းရဲ့စကားကိုဆို တစ်ခွန်းမတိမ်းလိုက်နာချင့် ဒီနေ့ ဆိုင်ကိုစောစောသိမ်းလိုက်သည်။ သူမက လက်ဘသိုင်းရဲ့စကားကို မလိုက်နာချင်ပါသော်လည်း အိမ်သို့စောစောပြန်ဖြစ်သွားသည်။

အကြောင်းမှာ မိုက်ထဲက အလေးသွားချင်၍ ဆန္ဒတွေပြနေသောကြောင့်ဖြစ်သည်။ နေ့လယ်က တနင့်တပိုးစားထားတဲ့အစားတွေက ခုကျနေပြီထင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



သူမအိမ်ပြန်ရောက်သွားတော့ စက်ဘီးကိုပင် နေရာတကျ ထေ
ကလေးပင်ထောက်ချိန်မထားနိုင်တော့ဘဲ ပြီးစလွယ်ပင် ဝုန်းခနဲနေအော
ပစ်ချဖစ်တော့သည်။

စက်ဘီးလဲကျသံကြောင့် အိမ်ထဲမှ အမေကပြတင်းဝကို ထေ
ပြူလာပြီး. . .

"ဟဲ့! ဘာဖြစ်နေတာတုန်း"

သူမဘာမှပြန်မဖြေနိုင်တော့ပါဘဲ အိမ်အနောက်ဘက် တန်း
သွားလိုက်သည်။

"အမေ. . . အစ်မက ဘာဖြစ်တာလဲ"

"အစားအစာက ဒုက္ခပေးတာနေတာပေါ့။ နောက်ပေးတော်နေ
တဲ့ညစ္စာကို"

"အစ်ကိုလက်ာသိုင်းက ကျွန်တော်တို့ကိုလာခေါ်မယ်။ အဆင်
စောင့်နေတဲ့။ ဘယ်သွားမလို့လဲမသိဘူးနော်"

"စောင့်နေဆို စောင့်နေလိုက်ပေါ့"

"မျှော်ရတဲ့လူက ရင်တမမနဲ့မောပြီဗျ"

"ဟုတ်တယ်။ အစ်ကိုက သိပ်လျှို့ဝှက်တာ"

"အဲဒါတော့ ဟုတ်တယ်။ ဟိုတစ်နေ့ကလေ ကျွန်တော်တ

အိတ်ပြဲနေတာနဲ့ ကျောပိုးအိတ်ကောင်းကောင်းတစ်လုံးလောက်ဆိုမိုက်
ပြီလို့ပြောမိလိုက်တာ။ ညနေဆိုတော့ ကျွန်တော့်ရှေ့မှာ အထုပ်တစ်ထုပ်
မေ့ကျန်သလိုနဲ့ထားပစ်ခဲ့တာ"

"ဟုတ်တယ်အမေရ။ ကျွန်တော်လည်း အဲ့လိုမျိုးလက်ဆောင်ရ
ဖူးတယ်။ ကျွန်တော်က ဖိနပ်ရတာလေ။ အစ်ကိုလို အစ်ကိုတစ်ယောက်
သာ ရှိလို့ကတော့ ပြည့်စုံပြီပဲ"

"ဘာတွေပြည့်စုံနေကြတာလဲ"

အိမ်ပေါ်သို့ ချည့်နဲ့စွာတက်လာခဲ့သောသူမရဲ့အသံစာစာကြောင့်
စကားဝိုင်းဖွဲ့ပြောနေသော သားအမိသုံးယောက်ရဲ့အကြည့်တွေက သူမ
ထံ စုပြုလာရသည်။ အငယ်ကောင်တေဇက သူမကို ပေမှိတ်ပေမှိတ်
နှင့်ကြည့်ကာ. . .

"အစ်မ"

"ဘာလဲ"

"အစ်မ, အစ်ကိုလက်ာသိုင်းကိုယူလိုက်ပါလား"

"ကောင်စုတ်လေး ငါဝုထည့်လိုက်ရ။ အဲ့ဒါ မင်းပြောရမလား"

"ဟုတ်တယ်ဗျ။ ကျွန်တော်လည်း အစ်ကိုနဲ့ဆိုသဘောကျတယ်။
အစ်မ ပဲများမနေပါနဲ့ဗျာ။ အစ်ကိုကိုသာကြိုက်လိုက်ပါတော့"

www.burmeseclassic.com



"မင်းတို့က ငါနဲ့သူ့ကို ဖွတ်သဘောတူနေရအောင် မင်းတို့ သူ့အကြောင်း ဘယ်လောက်သိလို့လဲ"

"ဝဏ္ဏထူးက အဲ့လောက်ထိမည့်ပါဘူး။ ရုပ်လက္ခဏာချိုကြည့် ပိုင်းဖြတ်နိုင်တယ်။ အစ်ကိုလက်ဘသိုင်းထက်ကောင်းတဲ့လူရှိဦးမယ်ဆို တောင် အစ်ကိုလောက်အဆင်မပြေနိုင်ဘူး"

"ငါက သူ့လိုပုံစံမျိုးကိုမကြိုက်ဘူး။ လူကိုမထိမဲ့မြင်နဲ့ သူ့ အတိုင်းပဲ ဖွတ်လုပ်ဖွတ်ပြော၊ နည်းနည်းမှကိုမကြိုက်ပေါင်။ ဆံပင် ဘာပုံမှန်းမသိဘူး။ ဘာတစ်ခုမှအဆင်မပြေဘူး။ ငါသူ့ကိုမကြိုက်ဘူး ငါက ရုပ်ရည်ပြေပြစ်ပြီး တည်ငြိမ်အေးဆေးသူကိုပဲ ကြိုက်တာ"

ထိုစကားအဆုံးမှာတော့ ဝဏ္ဏထူးရော၊ တေဇထူးပါ မျက်လုံးပြူး မျက်ဆံပြူးနှင့်. . .

"အစ်မ ရည်းစားရနေပြီလား"

ထိုအခါမှာတော့ သူမက ပြုံးစိစိနှင့်. . .

"အင်း. . . ရတော့မယ်ထင်တယ်"

"မဖြစ်ဘူး။ မဖြစ်ဘူး။ အစ်မ, အစ်ကိုကိုပဲကြိုက်ရမယ်"

"အံမယ်. . . မောင်မင်းကြီးသားတွေ ငါက မင်းတို့ရဲ့ညီမ အစ်မလား".

"ဘာပဲဖြစ်ဖြစ် မောင်နှမတော်တယ်။ ကျွန်တော်တို့နှစ်ယောက် စကားကိုနားထောင်ရမယ်"

"ဒီလိုကျတော့လည်း အတိုင်အဖောက်က ညီလိုက်ကြတာ။ ချစ် နေလိုက်ကြတာ"

သူမက မကျေမနပ်ပင် မောင်နှစ်ယောက်ကို မျက်စောင်းကြီးရွယ် လိုက်မိသည်။ လူငယ်တွေကိုစွမ်း အမေဖြစ်သူဒေါ်ထူးထူးမြတ်ကတော့ ပြုံး၍သာ ဘာမှဝင်မစွက်ဖက်ဘဲနေလိုက်သည်။

"ဟော, ကားသံကြားပြီ။ အစ်ကိုရောက်လာပြီထင်တယ်"

"မင်းတို့ဘယ်သွားကြမလို့လဲ"

"မပြောပြဘူး။ သိချင်ရင်လိုက်ခဲ့"

ဟု ကလိတိတိပြောကာ ဆင်းပြေးသွားကြသောမောင်နှစ်ယောက် ကို သူမငေးနေမိပါသည်။ ကားတံခါးကိုဖွင့်ပြီး သူတို့အိမ်လေးရှိရာသို့ မော့ကြည့်နေသောလက်ဘသိုင်းရဲ့ပုံမှာ မေတ္တာသည်ချစ်စရာကောင်းလှပါ သည်။

သွက်ချာပါဒလိုက် ငန်းကြောခွဲနေသလို မျက်လုံးကို ဟိုငေးကြ မှိတ်ပြ ဒီဘက်ကမှိတ်ပြ ပါးစပ်ရွဲ့ပြနှင့်။ သူမတစ်ခုခုနှင့်ကောက်ပေါက် ဖမ်းချင်မိတာတော့ အမှန်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပျော်ရွှင်စွာ သူကားပေါ်ပါသွားကြသော မောင်လေး ယောက်သည်လည်းကောင်း၊ ပိတ်ပြူးကြီးနှင့် ထိုမြင်ကွင်းကို ငေး နေသောမိခင်သည်လည်းကောင်း သူမနှလုံးသားက အားနာမိပါသည် သူမမှ လက်ာသိုင်းကို မချစ်နိုင်တာဘဲလေ။

သူမရဲ့နှလုံးသားအရှင်သခင်က ရှိနှင့်ပြီးပြီမို့ နှလုံးသားရဲ့ဧကြ တစ်ပေါက်အတွက် သူမလည်း အများနည်းတူရှုံမိုက်ချင်ပါသည်။ တွေအကြာကြီး ရှုသွပ်ခဲ့ဖူးသောအရှင်သခင်ရဲ့ခြေတော်ရင်းမှာ အ တုန်း ကြွေချင်ပါသည်။ ဒါ သူမအတွေ့ကြီးရှုံမဟုတ်။ ပုထုဇဉ်လူသား ဖြစ်ပေါ်လေ့ရှိတဲ့ မာနမဲ့ချစ်သံစဉ်တစ်ပုဒ်ရယ်ပါ။

သူမရဲ့နှလုံးသားသခင် တိမ်စင်ချိုင်းကိုလည်း အိမ်သား လက်ခံနိုင်မည်ထင်ပါရဲ့။ သူမ အဲ့ဒီလောက်ကြီးတွေးပစ်မိတာလွန် ပြီလား။ တိမ်စင်ချိုင်းက သူမပျော်လင့်ထားသလိုမျိုး သူမအပေါ် ညှို့ ပြင်းတဲ့ခံစားမှုရှိပါ့မလား။

ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် သူမကို နူးညံ့စွာပြုံးပြလာတတ်တဲ့ သခင်ကို သူမ မှုမိုက်စွာသာယာမိတာ အပြစ်တဲ့လား။ အကယ်၍ ဖြစ်ခဲ့ရင်တောင် သူမက ထိုအပြစ်တွေထံ ရဲဝံ့စွာ လည်စင်းခံနေသူ ဦးဖြစ်ပါသည်။

မောင်လေးနှစ်ယောက်နှင့် သူထွက်စွာသွားပြီး တစ်နာရီအကြာ တွင် ပြန်ရောက်လာခဲ့သည်။ လက်မှာအထုပ်တွေများစွာနှင့် ပြန်လာကြ သည်။ စားသောက်ဆိုင်ကြီးတွေမှအစားအစာတွေဆိုတာ အံ့ဩစွာသိ ယိုက်ရသည်။ ပြီးတော့ အိမ်သားအားလုံးအတွက် လက်ဆောင်ဆိုပြီး အထုပ်များစွာကို ကားပေါ်မှချလာသည်။

ဒါကို အမေက အားတုံ့အားနာဖြစ်ပေမယ့် သူကိုညီအစ်ကိုတမျှ ခင်နေသော မောင်နှစ်ယောက်ကတော့ စိတ်ကြိုက်ပင် သူတို့အတွက် လက်ဆောင်များကိုဖွင့်ကြည့်နေကြသည်။

သူတို့အကြိုက် အဝတ်အထည်အကောင်းစားတွေနှဲ့ ပျော်ရွှင်နေ ကြသော မောင်နှစ်ယောက်ရဲ့ကျွှာက သူမကိုချောက်ကမ်းပါးနက်နက်ကြီး ထဲသို့ တွန်းပို့လိုက်သလိုပင်။

"ဘာဖြစ်လို့ဝယ်လာတာလဲသားရယ်"

အမေက အားတုံ့အားနာလေးနှင့်ဆိုလာသည်။ ပိုးကြေးပန်းကြေး ပိုတာမျိုးဖြစ်လာမှာစိုးတာကြောင့် သူမက သူမအတွက် လက်ဆောင်ကို နင်း၍ပင် မကြည့်ဖြစ်ပါ။

"ကျွန်တော်က တစ်ယောက်တည်း။ မိသားစုမှာ အငယ်ဆုံးထိ အလေးတစ်ယောက်လို ကြီးပြင်းလာရတာပါ။ သေ...တွေ့ကြည့်ရင်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ကြောင့် လူတစ်ဦးတစ်ယောက်ပျော်ရွှင်အောင် မလုပ်ဖူးဘူး။ အခု ကျွန်တော့်ကြောင့် တေဇနဲ့ဝဏ္ဏပျော်ရွှင်နေကြတော့ ကျွန်တော် ကျေနပ်နေတယ်"

"ဒါပေမဲ့ အခုလိုတန်ဖိုးရှိတာမျိုးကြီးကိုဝယ်ပေးတော့ အမေတို့က သားကိုအားနာတယ်။ နောက်ဆို အဲ့လိုမျိုးမဝယ်ပါနဲ့ကွယ်။ အမေတို့ သားကိုခင်တာ ရိုးရိုးသားသားပါ။ သားရဲ့လက်ဆောင်တွေကိုငြင်းလိုက်ရင် မခင်ရာကျမှာစိုးလို့သာ"

"ကျေးဇူးတင်ပါတယ်အမေ။ ဒါ ကျွန်တော့်ဘဝမှာ ပထမဆုံးပြောဖူးတာပါ။ ကျွန်တော်က ငယ်ငယ်တည်းက အခုလိုညီတွေရှိချင်ခဲ့ဖူးတာပါ။ ကျွန်တော့်မှာ ညီအစ်ကိုလိုခင်တဲ့သူငယ်ချင်းတစ်ယောက်ရှိတယ်။ ကျွန်တော်တို့က တစ်ယောက်တည်းသမားတွေမို့ အခုလိုစည်ဝေတဲ့ အသိုက်အမြုံတစ်ခုကို တမ်းတနေကြတဲ့လူတွေပါ"

သူမအံ့ဩသွားရသည်။ သူလိုလူတစ်ယောက်ထံမှ အခုလိုပြောမယ့် ချောမွေ့တဲ့စကားသံကိုကြားရ၍ပါ။

"အမေ့ကို ကျွန်တော်ခွင့်တောင်းစရာရှိတယ်။ ဒီလိုပါ ကျွန်တော် သူ့ကိုစကားနည်းနည်းပြောချင်လို့ အပြင်ခေါ်သွားလို့ရမလား"

ယဉ်ကျေးမှုရှိရှိပြောဆိုနေတာမို့ အမေက မလွဲမသွေခွင့်ပြုရ



ဆိုတာ သူမက သိနေပါသည်။ သူမရဲ့မာနက ခေါင်းပြူထွက်လာခဲ့သည်။ သူလိုရာကြိုးဆွဲသမျှ ကခုန်ရအောင် သူမက ကကြိုးရုပ်မှမဟုတ်တာ ...ဲ။

"ဒါပါပဲ။ ပိုးကြေးပန်းကြေးတွေရဲ့အဆုံးသတ်က"

"ဟဲ့. . . သမီး ဘယ်လိုပြောလိုက်တာလဲ"

"ရပါတယ်၊ မင်းကြိုက်သလိုထင်ပါ။ ဒီထက်မောက်မာတဲ့စကား ...ရှိရင် ထပ်ပြောလိုက်လို့ရပါသေးတယ်။ ငါ့မှာ နားနှစ်ဖက်ပါတယ်။ ...င်းက ဒီဘက်နားက ကြားအောင်ပြောရင် ဟိုဘက်နားက ပြန်ထုတ် ...မယ်။ ဟိုစကားက လွဲရင်ပေါ့"

"အစ်မ, အစ်ကိုက 'အမေ့ထံခွင့်တောင်းပြီး ယဉ်ကျေးတာကို ...မက အဲ့ဒီလိုပြောတာလွန်တယ်"

"ဟာ. . . ငါက မင်းတို့အစ်မနော်"

"ကျွန်တော်တော့ အမှန်တရားကိုပြောရမှာပဲ"

"ဒီမှာ လက်ဘသိုင်။ ရှင့်ကြောင့် ကျွန်မမောင်တွေက ကျွန်မကို ...ပြောနေပြီ။ အဲ့ဒါ ရှင်ဘယ်လိုပြန်ပြီးတာဝန်ယူမလဲ"

"ဒါကတော့ ရှင်းပါတယ်။ မင်း ကိုယ့်နောက်ကိုလိုက်ခဲ့ပေါ့။ ဒါ ...ပြဿနာက ဘာမှမရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com

"ရှင်. . . ဟွန်း"

အိမ်သားအားလုံးမျက်နှာသာပေးမှုကြောင့် မိသားစုကိုချစ်သော သူမက သူနောက်သို့လိုက်ပါလာခဲ့ရသည်။ သူမစိတ်ကူးကတော့ နှစ်ယောက်တည်းတွေ့တုန်း အပြတ်ချဲမယ်ပေါ့။ ဒါပေမဲ့ သူက နည်းနည်းသူ့ဆန်းသည့်လူတစ်ယောက်မို့ သူမထံ အိမ်လှလှလေးတစ်လုံးကိုပေး အပ်လာသည်။ သူမ အမှန်တကယ်ပင် သူ့ကိုနားမလည်နိုင်တာပါဘဲ။

"မင်းနဲ့ကိုယ်လက်ထပ်ပြီးရင် ဒီလိုအိမ်မျိုးနဲ့နေမယ်"

"ရှင်အရူးပဲ လက်ဘသိုင်း။ ရှင့်ကို ကျွန်မလက်ထပ်မှာမဟုတ်ဘူး"

"မင်းကိုပြောပြီးပြီပဲ။ အခုမချစ်လည်း ကိစ္စမရှိဘူး။ နောက်တော့ ချစ်လာမှာလို့"

"ရှင်ထင်တာသလို ဖြစ်လာမှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မနှလုံးသားထဲမှာ ကမ္ဘည်းတင်ပြီးချစ်သူက ထင်ထင်ရှားရှားကြီး ရှိနေလို့ပဲ"

"ရတယ်၊ ကိစ္စမရှိဘူး။ မင်း ကိုယ့်ဇနီးဖြစ်လာရင် ဒါတွေအာ အာပလာတွေပါ"

"ရှင်ဘယ်လိုလူလဲလက်ဘသိုင်း။ ကိုယ့်ကိုမချစ်နိုင်တဲ့မိန်းကလေး တစ်ယောက်ရဲ့နားမှာ ရစ်ဝဲတွယ်ကပ်နေရအောင် ရှင်က အဲ့ဒီလောက်ထိ



ခေါင့်ရှိတာလား"

"မင်း ကိုယ့်ကိုမခံချင်အောင် ပြောနေတာ၊ ကိုယ်သိနေတာပဲ။ ကိုယ့်မှာနားနစ်မက်ပါတယ်ဆိုတာ မင်းသိပြီးဖြစ်မှာပါ"

"ရှင်မသိသေးတာက ကျွန်မလည်း အချစ်ကိုကိုးကွယ်သူဆိုတာပဲ။ ပုံမှတ်ထားပါ။ ကျွန်မ မချစ်မနှစ်သက်သူကို ဘယ်တော့မှလက်ထပ်မှာ မဟုတ်ဘူး။ နှစ်တွေအတော်ကြာသည်ထိ ကျွန်မရင်ထဲမှာ အခြားတစ်ယောက်က ရှိနှင့်ပြီးသား။ ကျွန်မ သူ့ကိုပဲချစ်တယ်။ သူက ကျွန်မကိုချစ်သည်ဖြစ်စေ၊ မချစ်သည်ဖြစ်စေ၊ ကျွန်မ သူ့ကိုပဲချစ်တယ်"

"လုပ်စာတတ်တစ်ခုဆိုလည်း ဝိပြင်အောင်တော့ သရုပ်ဆောင်ဦး မပေါ့"

"ရှင်က အဲ့ဒီလိုထင်တယ်ပေါ့။ ရှင် အားမွေးထားလိုက်ပါ။ ကျွန်မ ရဲ့လက်ထပ်ပွဲကိုတက်ဖို့"

"အကယ်၍ ဒါဟာ အမှန်တကယ်ပဲဆိုရင်တောင် ကိုယ်က အဲ့ဒီ ဆိုလောက်အောင်မျိုးမဟုတ်ဘူး။ အံ့ဩစရာတော့ကောင်းသား။ ငါက မင်းလို မိန်းကလေးမျိုးကို အဲ့ဒီလောက်ချစ်မိသွားလို့ ဘာကြောင့်မှန်းမသိပေမယ့် ဒီကိုယ်ငါ အတော်အံ့ဩတယ်။ ငါ့ကို မချေမငံဆက်ဆံတတ်တဲ့မင်းကို ငါးမြင်မပြင်တာ အံ့ဩဖို့မကောင်းဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



“ရှင်ရူးနေပြီ လက်ဘသိုင်း”

“ရတယ်၊ ကိစ္စမရှိဘူး။ ပြော၊ ငါ မင်းကိုတော့ ကြိုက်သလောက် ပြောခွင့်ပြုတယ်”

“ရှင်ပြောချင်တဲ့အရူးစကားက အဲ့ဒီလောက်ပဲမဟုတ်လား။ ကျွန်မကိုပြန်ပို့တော့၊ ကျွန်မပြန်မယ်”

“ကျွန်သေးတယ်။ ဒဲ့ဒီလက်ဆောင်က ငိုကြေးပန်းကြေးမဟုတ်ဘူး။ ပြီးတော့ ငါ မင်းတို့အိမ်လာနေတာလည်း မင်းဆီကိုလာတာမဟုတ်ဘူး။ ငါ့ကိုခင်တဲ့တေဇနဲ့ဝတ္တုဆီလာတာ။ ပြီးတော့ အမေကြော်ပေးတဲ့ခေါ်ပုတ်ကြော်က အိမ်ပြီး စားကောင်းလို့။ မင်းကိုတော့ ကျေးဇူးနည်းနည်းတင်ပါတယ်။ မင်းကြောင့် ငါ သူတို့နဲ့ဆုံခွင့်ရတာ”

“လက်ဘသိုင်း၊ ရှင့်ကို ကျွန်မဘယ်လိုနားလည်ရမှန်းမသိဘူး”

“သိချင်ရင် ဒီရင်ဘတ်ထဲဝင်ကြည့်၊ ရင်ခုန်သံကိုပါ ကြားသွားရမယ်”

“သေလိုက်။ ရှင်သွားသေလိုက်”

“ဘာပဲဖြစ်ဖြစ် မင်းနဲ့ငါက နှလုံးသားချင်းနီးစပ်နေပါပြီ”

“အခြေအနေကိုသဘောမပေါက်တဲ့ရှင့်ကို သနားတယ်”

“မနီးစပ်ဘူးဆိုရင် ငါ မင်းကိုချစ်နေတာ မင်းဘယ်လိုလုပ်သိ လဲ”

“ရှင်က ကျွန်မကိုချစ်နေတာလား”

“မှန်းနေတယ်လို့ မင်းထင်လို့လား”

“စိတ်ပျက်တယ်”

“မင်းက ကြာလေ၊ ချစ်စရာကောင်းလာလေပဲ။ မင်းပါးလေး နမ်းချင်စရာကောင်းလာပြီ”

“လက်ဘသိုင်း . . . ရှင်”

“ဟား . . . ဟား . . . ဟား . . . မင်းရင်ခုန်သွားပြီ”

အဲ့ဒီလောက်ထိ ညစ်ကျယ်ကျယ်နိုင်တဲ့လက်ဘသိုင်းကို သူမမုန်းမိတာ အဆန်းလား။ နောက်ထပ်ဆန်းနေသေးတာတစ်ခုက လက်ဘသိုင်းလို ရှက်ထိသူဌေးသားက သူမကို အသည်းနင့်အောင် ချစ်နေတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၆ )

သူမက စာရွက်ထဲမှ လိပ်စာအတိုင်းလာခဲ့ရာတွင် ခြံကျယ်ကြီးတစ်ခုကိုရောက်လာခဲ့၏။ ခြံကြီးမှာ ကျယ်လွန်းသည့်ထက် တိတ်ဆိတ်နေတယ်ဆိုရင် ပိုမှန်လိမ့်မည်။

ဝါးရုံအုံစိုင်းစိုင်းလေးများမှာ ဘန်ဂလိုလိုပုံစံမျိုး အိမ်သေးသေးလေးသာရှိပြီး အခြားအဆောက်အအုံတာမှမရှိတဲ့ ပကတိတိတ်ဆိတ်ငြိမ်သက်လျက်။ သူမသံသယဝင်မိသည်။

လိပ်စာများ မှားနေပြီလားဟု။ သို့သော်. . .

"အစ်မက ကိုတိမ်စင်ချိုင်းရဲ့ဧည့်သည်မိန်းကလေးထင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုလေး ရှိနေပါတယ်။ ကျွန်မ, အစ်ကိုလေးထံလိုက်ပို့ပေးပါမယ်ရှင့်"

ဟုဆိုကာ ယဉ်ကျေးမှုရှာလှတဲ့ သေသပ်စွာ ဝတ်ဆင်ထားသော မိန်းကလေးနောက် သူမလိုက်ပါလာခဲ့သည်။ ရေကြည်ကန်ဘေးနား ရှင်းသန့်သန့်စားပွဲတစ်လုံးနှင့်အတူ သူ့ကို အေးဆေးစွာ တစ်ယောက် တည်းတွေ့လိုက်ရသည်။ သူက သူမကိုမြင်တော့ အပြုံးတစ်ပွင့်နှင့်ကြို လိုက်သည်။

"အံ့သြနေတာလား။ ကိုယ်က လူအများကြီးနဲ့ ရောရှည်ညည်းမျိုး မကြိုက်ဘူး။ မကြာခင် ကိုယ့်သူငယ်ချင်းရောက်လာလိမ့်မယ်။ ညစာ က မင်းတို့နှစ်ယောက်ပဲ"

"ဒါ ရှင့်အတွက်လက်ဆောင်ပါ"

"ကိုယ်ဖွင့်ကြည့်ရမလား"

"ရိုးရိုးဆွယ်တာတစ်ထည်ပါပဲ"

"မင်း ဒီနေ့သိပ်လှတယ်"

ထိုစကားကိုတော့ သူမရင်ခုန်ကြည်နူးသွားမိတာအမှန်ပါ။

"ဒီနေ့ မင်းကို ကိုယ်စကားတစ်ခွန်းပြောစရာရှိတယ်။ အဖြေ အဆင်သင့်ဖြစ်အောင် စဉ်းစားထားပေါ့"

သူမရင်ခုန်သွားရသည်။



ယောက်ျားလေးတစ်ယောက်က မိန်းကလေးတစ်ယောက်ကို ထို သို့ပြောလာရင် ဘာစကားဖြစ်မလဲ။ သူမရင်ခုန်ရမည့်နေ့ရက်သို့ရောက် လာပြီထင်ပါရဲ့။

"တစ်ခုခုထူးခြားနေတယ်လို့ မင်းမထင်ဘူးလား"

နူးညံ့သိမ်မွေ့လှတဲ့အကြည့်ထူးထူးကြောင့် ရှင့်ကိုကျွန်မချစ်ပါတယ် ဟု အဖြေပင် တန်းပေးချင်သွားသည်။ သူပြောစရာရှိတဲ့စကားတစ်ခွန်း က ဘယ်တော့မှလဲဟု စိတ်မရှည်နိုင်အောင်ပင် တွေးနေမိသည်။

သူမ အတိုင်းထက်အလွန် ပျော်ရွှင်ကြည်နူးနေခဲ့တာပါ။ သို့သော် ခြံဝင်းထဲသို့ ခပ်ရမ်းရမ်းမောင်းဝင်လာသောမော်ဒယ်လ်စိမ်းရောင်ကား လေးကြောင့် သူမရဲ့ပျော်ရွှင်ကမ္ဘာလေး ပျက်သုဉ်းလုလုတုန်လှုပ်သွားရ သည်။

သူမရဲ့စိတ်တွေ ဘယ်လိုဖြစ်တည်နေမှန်း မှန်းဆမရသေးခင်မှာပင် သူက သူမတို့ထံပါးရောက်လာခဲ့ပါသည်။ ထိုကားအစိမ်းရောင်လေးက သူမတို့ကမ္ဘာအတွက်တော့ လေနီကြမ်းပဲဆိုတာ တိမ်စင်ချိုင်းဆိုသော သူမရဲ့နှလုံးသားသခင်တော့ သိဦးမည်မဟုတ်။

ထိုလေနီကြမ်းက အရှင်သခင်ရဲ့ပခုံးကိုပင် ခပ်ရဲရဲပုတ်ကိုင်လိုက် သည်။ သူမရင်ထဲ ထိတ်ခနဲဖြစ်သွားရသည်။ ခပ်ရမ်းရမ်းနှင့် မိုက်သွေး

www.burmeseclassic.com

www.burmeseclassic.com



ပါသောသူက တိမ်စင်ချိုင်းကိုခွဲထိုးတော့မှာလား။ သို့သော် ပြုံးရွှင်း
ကြသော ထိုမျက်နှာနှစ်ခုက သူမအတွက် ပဟေဠိများစွာ. . .

"Happy Birthday တိမ်စင်ချိုင်း. . . ဟင်!"

အခုမှ သူမကိုမြင်သွားတာလား။

"ပုရစ်ဖူး"

လက်ဘသိုင်းခေါ်လိုက်တဲ့ ထိုနာမည်ကိုကြားလိုက်တော့ တိမ်
ချိုင်းရင်ထဲ တစ်စုံခုဖြစ်သွားပြီလား။ ဒါပေမဲ့ သူကိုယ်သူအပြစ်တင်မိ
မလွဲပင်။

ချစ်ရသူရဲ့ အထူးသဖြင့် ကိုယ်ချစ်ရေးဆိုတော့မည့်မိန်းကလေး
ရဲ့နာမည်ကိုပင် မသိခဲ့၍ပါ။

"တိမ်စင်ချိုင်း၊ မင်း ငါ့ကိုတွေ့ပေးမယ်ဆိုတာ သူလား"

"အင်း"

"ဟား. . . ကမ္ဘာကြီးဟာ ကျဉ်းကျဉ်းလေးပါလား"

တိုက်ဆိုင်မှုကိုအံ့သြသွားကြပေမယ့် ကိုယ်စီစိတ်ရှုပ်သွားမိကြ
တော့အမှန်ပင်။ သူမရင်ထဲ မလုံးသောမလွှန့်သာနှင့် တင်းကြပ်စွာနေ
ခက်နေပါသည်။ သိပ်ရင်းနှီးကြပါတယ်ဆိုတဲ့လူသုံးယောက်ကြား တော
သံစာ ၇ တိတ်ဆိတ်နေကြပါတယ်ဆိုတော့ အားမြင်းတင်းထန်လှ
စိတ်ခံစားချက်တို့က တိတ်ဆိတ်ခြင်းနဲ့အတူ အပြင်းထန်ဆုံးသောလွှန်
ချွဲပွဲတစ်ခုလား။

ကိုယ်စီနှုံးချည့်စွာခံစားနေရတာတော့ အမှန်ပါပဲ။ ဒါကြောင့် သုံး
ယောက်လုံးက မလှုပ်မယှက်ပင်။ သုံးယောက်လုံးရဲ့အာရုံတွေက ထွေပြား
စွာပင် အဓိပ္ပာယ်မဲ့ စားပွဲပေါ်မှ ဖျော်ရည်ခွက်များသို့သာ မမိုတ်မသုန်
ကြည့်နေကြကုန်၏။ တစ်ခုခုကို ကိုယ်စီအပြင်းအထန် ဆုံးဖြတ်နေကြပုံ
ရသည်။ နှုတ်ခမ်းတွေက တင်းစေ့ပြီး ပြတ်သားကြတော့မယောင်။

ပုရစ်ဖူးက သူမကိုယ်သူမ သေချာနေပါသည်။ တိမ်စင်ချိုင်းက
လက်ဘသိုင်းရဲ့သူငယ်ချင်းဆိုလည်း ဘာအရေးလဲ။ သူမချစ်တာ တိမ်စင်
ချိုင်းပဲ။ လက်ဘသိုင်းမှမဟုတ်တာဟု တွေးမိမိသည်။

သို့သော် အလိုလိုနေရင်း နွမ်းလျှပီးနေသောစိတ်တစ်ခုကိုတော့
သူမစိတ်ပျက်လှပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၇ )

"ငါလည်း မင်းလိုပဲ ပုရစ်ဖူးကိုချစ်နေတယ် လက်ာသိုင်း"

ထိုစကားကြားရချိန်မှာတော့ သူ့နားထဲ မိုးကြိုးအလုံးတစ်တောင် ဆောက်ပစ်ခဲ့လိုက်သလိုပင်။ ပုရစ်ဖူးချစ်နေတယ်ဆိုသူက တိမ်စင်ချိုင်း တာ။ ထိုသို့လိုသံသယက သူ့ရင်အစုံကိုများစွာနာကျင်စေပါ၏။

တခြားလူတစ်ယောက်ဆိုရင် သူစိတ်ပေါက်ပေါက်နှင့် ဆွဲထိုးမိ တင်းထိုးမိလိမ့်မည်။ သို့သော် သူက တိမ်စင်ချိုင်းလေ။ သူညီအစ်ကို ချစ်ရသူ အချစ်ဆုံးသူငယ်ချင်း။

"ငါ သူမကိုဖွင့်ပြောပြီးပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း သူမကိုဖွင့်ပြောဖို့ ဆုံးဖြတ်ပြီးပြီ"

မင်းဆုံးဖြတ်ချက်ကို ပြင်လို့မရဘူးလားဟု ငြပြောချင်မိပေမယ့် နှုတ်ခမ်းထက်မှာ ပျောက်ဆုံးနေရသည်။ သူ့ရင်ထဲမှာ ကစဉ့်ကလျားနှင်း ဆောက်တည်ရာမဲ့နေပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ သူက နှုံးမှိုသချော တဲ့ ပြိုင်ပွဲဝင်တစ်ဦးမို့ပါ။

"ငါ သူမကိုချစ်နေပြီ။ နောက်မဆုတ်ချင်တော့ဘူး။ ငါ နောင်တ ရမှာစိုးတယ်။ ငါ့ကိုနားလည်ပါ လက်ဘသိုင်း"

"ငါတို့နှစ်ယောက်လုံးက ပြိုင်တူတွေ့ရှိခဲ့ကြပြီပဲ။ ယောကျ်ားပီ ပါကွာ။ ပေါ်တင်ပေါ့။ သူကြိုက်တဲ့လူကို လက်ခံလိမ့်မယ်"

ထိုသို့ပြောလိုက်ရပေမယ့် သူ့ရင်ထဲမှာ နာကျင်သွားရသည်။ ထိ စင်ချိုးသာ စင်ပေါ်ရောက်လာခဲ့ရင် သူက ကပွဲအပြင်ဘက်ရောက်သွ မယ်ဆိုတာ သိသိချည်းနဲ့။

"ငါတို့နှစ်ယောက်က သူငယ်ချင်းတွေပဲ။ အချစ်ကြောင့်တေ ပဋိပက္ခမဖြစ်ချင်ဘူး။ ပွင့်ပွင့်လင်းလင်းပဲ။ ကိုယ်စတိုင်လ်နဲ့ကိုယ် သဘ လျှောက်ကြတာပေါ့။ မကောင်းဘူးလား"

"ကောင်းပါတယ်။ ဘယ်သူနိုင်နိုင် သူငယ်ချင်းဟာ သူငယ်ချ ပါပဲ"



"မင်းမှတ်မိသေးလား။ ငါတို့ ဘုရင့်နောင်ရုပ်တုကို အမှီဘာအပြ တိုက်မှာ တွေ့စတုန်းကလေ"

"ငါမှတ်မိပါတယ်။ ငါတို့နှစ်ယောက်လုံး သူ့ကိုအားကျခဲ့ကြတာ လေ"

"ယောကျ်ားကောင်းပဲလုပ်ရအောင်။ ဘာကိစ္စပဲဖြစ်ဖြစ်ပေါ့"

"သူမရင်ထဲမှာ မင်းရှိနေတယ် တီမ်စင်ချိုး။ ငါသိလိုက်တယ်။ သူမဆိုလိုချင်ခဲ့တဲ့တစ်ယောက်က မင်းပဲဖြစ်လိမ့်မယ်။ ဒါကိုငါသိသိချည်းနဲ့နောက်မဆုတ်ချင်ဘူး။ ဒီထဲမှာ သူမက နစ်ဝင်နေပြီ။ စူးစူးနစ်နစ်ခံစားရလို့ ပေါက်ကွဲတော့မယ်။ ဒါပေမဲ့ ငါကြိုးစားကြည့်ချင်သေးတယ်။ ငါ့ရဲ့လုပ်ဆောင်ချက်က တရားမျှတမှုရှိချင်မှရှိမယ်။ ငါရှုံးခဲ့မယ်ဆိုရင်တောင် ငါကျေနပ်သွားချင်လို့ပဲ။ ငါ့သမိုင်းကို မင်းသိပါတယ် တီမ်စင်ချိုး။ ငါက အလွယ်တကူနဲ့ အလွတ်ပေးလေ့မရှိဘူး။ ငါ သူမကိုချစ်တယ်"

တီမ်စင်ချိုးကိုတည့်တည့်ကြည့်ကာ နိုင်နိုင်မာမာကြီးပြောချလိုက်ပါ၏။ အခုတော့ သူငယ်ချင်းနှစ်ယောက်ရဲ့တွေ့ဆုံကြပုံက အေးစက်စက်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၈ )

သူစိတ်တွေ ရှုပ်ထွေးနောက်ကျိနေတာကြောင့် သူအိပ်ရာထဲမှာပင် ပေတေပြီး အိပ်နေလိုက်သေးတယ်။ အခေါ်နှစ်ယောက်ကလည်း အလိုက်သိစွာပင် လာမနှိုးပါ။

နိုးကြားနေသောသူ့အာရုံထဲမှာတော့ သူမပုံလေးက ဖျောက်ဖျက်မရ။ တိမ်စင်ချိုင်းရှေ့မှာ အရုပ်လေးတစ်ရုပ်လို ငြိမ်သက်စွာထိုင်နေသော သူမ။ သူအသည်းအစာရခဲ့ကာ သူလက်ဆောင်ဝယ်ပေးလိုက်သော ဝတ်စုံက သူမဟုတ်တဲ့ တခြားလူအတွက် အလှပြဖို့ဖြစ်နေပြီပါ။ သို့သော်လည်း သူ တိမ်စင်ချိုင်းကိုခင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုတွေလဲ။ အတွေးတို့က ခုန်ကျော်လိုက်၊ ငြိမ်သက်လိုက်နှင့် ခေါက်တည်ရာမဲ့စွာ။ တိမ်စင်ချိုင်းနေရာမှာ အခြားသူတစ်ယောက်ဖြစ်နေခဲ့ရင်လည်း အကောင်းသား။ အခုတော့။ သို့သော် သူဘာမှမတတ်နိုင်ပါ။

တစ်ယောက်သောလူကို ရူးမိုက်စွာချစ်ခဲ့မိပြီမို့ ဘာတတ်နိုင်တော့မှာတဲ့လဲ။ ဆက်ချစ်ရုံအပြင် ဘာရှိဦးမှာတဲ့လဲ။ ဒါကြောင့်ပင် သူအိပ်ရာထဲမှကျိုးထကာ အဝတ်အစားလဲပြီး ဆင်းလာခဲ့သည်။

သူ့အတွေးကတော့ သူမကိုအဆက်မပြတ်ချစ်ရေးဆိုတော့မည်ပေါ့။ သူ အန်တီလေးဆိုင်ကိုရောက်သွားတော့ တရင်းတအုပ်နှင့် သူမကိုအဆင်သင့်တွေ့လိုက်ရသည်။

ဒီတစ်ကြိမ်တော့ သူက သူမကို စိတ်ရှိလက်ရှိငေးမောနေမိပါသည်။ သူမရဲ့မျက်နှာလေးက အပြစ်ကင်းပြီး ချစ်ဖို့ကောင်းပါသည်။ သူမလေးသာ သူ့ကိုချစ်မည်ဆိုပါလျှင် သူ့ဘဝက ဘာမှမလိုတော့အောင် ပြည့်စုံသွားပေလိမ့်မည်။

သူမနဲ့တွေ့မှ စိတ်ကူးယဉ်တတ်လာသောသူ့စိတ်ကို သူ မကျေမနပ်ဖြစ်မိပေမယ့်လည်း ဖိုက်မဲ့စွာယစ်မူးနေပြန်ရော။

"ဘာကို အဲ့လောက်ငေးနေတာလဲ ငါ့တူရဲ့"



"အန်တီလေး. . . ပုရစ်ဖူးကို သားလက်ထပ်ချင်နေတယ်ထင်တယ်"

"ဘုရားရေ"

သူမကြားလိုက်တဲ့စကားသံက အမှန်ပဲလား။

"ချစ်စရာေစးနော်။ ဘာကြောင့် သူ့ကိုအဲ့လောက်ကြီးချစ်မိသွားသလဲမသိဘူး"

သူမ ဘာမှပင် မပြောနိုင်တော့ပါ။ ထူးဆန်းလွန်းတဲ့တူကိုသာ အံ့တညြငေးနေမိတော့၏။

"တိမ်စင်ချိုင်းနဲ့ သားနဲ့ဆိုရင် ဘာတွေကွာလို့လဲ။ သူ ဘယ်သူ့ကို နှစ်သက်မယ်လို့ အန်တီလေးထင်သလဲ"

"တိမ်စင်ချိုင်း"

တိမ်စင်ချိုင်းပါ ပါလာ၍ ပို၍အံ့ဩသွားရသည်။

"တစ်ခါတုလေတော့ ဆုံစည်းမှုတွေက အံ့ဩစရာကောင်းတယ်နော်။ သားကို တိမ်စင်ချိုင်းမိတ်ဆက်ပေးချင်တဲ့ girl friend ကလည်း ပုရစ်ဖူးဖြစ်နေတယ်"

"ဘုရားရေ"

သူမပိုအံ့ဩသွားရသည်။ မည်သူတစ်ဦးတစ်ယောက်တို့မှ စိတ်

www.burmeseclassic.com

www.burmeseclassic.com



မဝင်စားတဲ့တိမ်စင်ချိုင်းနဲ့လည်း ပတ်သက်နေ၍ပါ။

"မိန်းကလေးတွေက ဘယ်လိုဟာမျိုးကိုကြိုက်သလဲ၊ အန်

လေး"

ထိုစကားက ပိုထူးဆန်းသွားသည်။ သူမရဲ့တူက ဘယ်တုန်းက

တခြားလူတစ်ယောက်ရဲ့စိတ်ကို မသိချင်ခဲ့၍ပါ။ အခုတော့ သူမကို

စင်ကူခေါ်နေရော့သလား။

"အန်တီလေး, သားကိုဘာလုပ်ပေးရမလဲ"

"အန်တီလေးက ဘာလုပ်ပေးနိုင်လို့လဲ"

"အမှန်တကယ်တော့ ပုရစ်ဖူးက သိပ်ခလုပါဘူး။ သားအတွက်

အန်တီလေးက ခပ်ချောချောမိန်းကလေးကိုရှာပေးနိုင်တယ်။ ဂုဏ်ရည်

တူ၊ ပညာတတ်ပြီးချောတဲ့လူ"

"ဘာလုပ်ရမှာလဲ။ အဲ့လိုမိန်းကလေးမျိုးက အန်တီလေးရှာပေး

မှလား။ အန်တီလေးပြောမှသိလာတယ်။ သား သူ့ကိုတကယ်ပဲချစ်နေပြီ

"သားရယ်၊ ဒီအချစ်ကြီးက ဘာလုပ်ရမှာလဲ၊ လူမှုပတ်ဝန်းကျင်

ဆိုရင် လူမှုပတ်ဝန်းကျင်ဘောင်ထဲမှာပဲရှိတာ ပိုကောင်းတယ်"

"အဲ့ဒါကြောင့် အန်တီလေးက အပျိုကြီးဖြစ်နေတာ။ သား သူ့

ချစ်တယ်။ တော်တော်ကြီးကိုချစ်နေပြီ။ သူ့ကိုလက်ထပ်ချင်တယ်။ 

သူများတွေနောက်ပါသွားမှာ။ သူများရဲ့ဇနီးဖြစ်သွားမှာကိုမခံစားနိုင်ဘူး"

"ပုရစ်ဖူးက. . ဆင်းရဲ"

"တော်ပါပြီ။ အဲ့ဒါတွေပါလာရင် စကားပြောချင်စိတ်မရှိတော့ဘူး။ အန်တီလေးတို့ပြောတဲ့ဂုဏ်ရည်တူမိန်းကလေးမျိုး ထားပါတော့။ သူ့ကို သားက လက်ထပ်တာ ဘာလုပ်ဖို့လဲ။ သူ့ကိုမှီခိုပြီးနေထိုင်ရမှာလား။ ဒီ ထက်မက ချမ်းသာအောင် ရှာဖွေစုဆောင်းရမှာလား"

"ဒါပေါ့. . . အဲ့ဒါမှ"

"နေဦး, မပြီးသေးဘူး။ အဲ့ဒီလိုချမ်းသာတာရော ငွေကြေးတွေ အချိန်တွေကြားထဲမှာ စက်ရုပ်ဆန်ဆန်လှုပ်ရှားနေရမှာလား။ ဘယ်မှာလဲ ပျော်ရွှင်မှု။ အဲ့ဒီတိုင်းပဲ နေစေချင်ကြတာလား"

"အဲ့လိုတော့မဟုတ်ဘူးလေ၊ သားရယ်"

"သားက ယောက်ျားပဲ။ ကိုယ်ချစ်တဲ့မိန်းကလေးကို ရင်ခွင်ထဲ လုံခြုံအောင် ထားနိုင်ရင်ရပြီ။ ဂုဏ်လည်းမလိုဘူး။ ငွေလည်းမလိုဘူး။ သူ့ဆီက ကြင်နာမှု၊ ကြည်နူးမှုရဖို့ပဲလိုတယ်။ ဂုဏ်လား။ သားမှာရှိတယ်။ ငွေ၊ ပညာ၊ သားမှာရှိတယ်။ သားချစ်တဲ့မိန်းကလေးက အညတရဖြစ်နေ လည်း ဂရုစိုက်စရာလား။ အခုတင်ပဲ နိုင်နိုင်မာမာဆုံးဖြတ်လိုက်ပြီ။ သား, ပုရစ်ဖူးကိုလက်ထပ်မယ်။ ဘယ်သူတွေဘာပြောပြော ဂရုမစိုက်ဘူး"

www.burmeseclassic.com

www.burmeseclassic.com

"အန်တီလေးတို့က လူကြီးတွေပဲ၊ လူငယ်တွေကို လမ်းကြောင်းမှန်ပို့ပေးရမယ်"

"အန်တီလေး, သားအကြောင်းသိပါတယ်။ ဘယ်လိုမှတရားရလို့ရမှာမဟုတ်ဘူး"

"သားစိတ်ဆန္ဒပြင်းပြနေရင်လည်း အန်တီလေးဘာမှပြောတော့မှာမဟုတ်ဘူး။ သားဘာဖြစ်ချင်သလဲ"

"သူ့ကိုပိုင်ဆိုင်ချင်တယ်"

သူမသက်ပြင်းမောကို တစုံတပိုးချမိလိုက်၏။ နိုင်မာနေသောမျက်ဝန်းက ရောင်စဉ်တွေကြောင့် သူမ ကောင်းကောင်းသဘောပေါက်နေမိသည်။

"ဒါပေမဲ့ သူက [illegible]ကိုမချစ်ဘူးတဲ့"

တိမ်ငယ် တိုးလျှော့သွားသော သားရဲ့အသံညှင်ညှင်က နိုင်မာနေကြောင်း သက်သေခံနေသယောင်။ အမြဲတမ်းယုံကြည်မှုအပြည့်နှင့် တက်ကြွလန်းဆန်းနေသောသားက အခုလိုအချစ်နဲ့တွေ့မှ ပြောင်းလဲသွားရတာပါ။

လူကြီးဆန်ဆန်လည်းတွေးနေသလို ခုံးဖြတ်ချက်တစ်ခုကလည်း နိုင်နိုင်မာမာ။



ပြော်. . . လူတွေက အချစ်နဲ့တွေ့ရင် အဲ့ဒီလောက်ပဲပြောင်းလဲသွားတတ်ကြသလား။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၉ )

"အမေ, ပုရစ်ဖူးရှိလား"

"အဲ့. . . ဆိုင်က ပြန်မလာသေးဘူး"

"ပြန်မလာသေးဘူးဟုတ်လား။ ကျွန်တော် ဆိုင်ကလာခဲ့တာ၊ ဆိုင်ပိတ်သွားပြီ"

"ဪ. . . အဲ့ဒါဆို ခြံကိုသွားလိုက်ပြီထင်တယ်"

"အဲ့ဒါဆိုရင် ကျွန်တော် ခြံကိုလိုက်သွားလိုက်ဦးမယ်"

"ဪ. . . အင်းအင်း"

သူမကို လေးလေးနက်နက်ချစ်ရေးဆိုမည်ဟု ရွေးထားသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အပူတပြင်းလိုက်ရှာမိနေခြင်းဖြစ်သည်။ သူခြံကိုရောက်သွားပြီ တော့လည်း ခြိုင်ရှင်ဦးလေးက မရောက်လာသေးဘူးပြော၍ သူ ပုရစ် အတွက် စိတ်ပူမိသွားသည်။ ဝက်ဘီးကိုအားသွန်နင်းတတ်သောသူမက လမ်းအက်ဆီးဒင့်တစ်ခုခုနှင့်ကြုံနေပြီလား။

သူစိတ်ပူသွားမိ၍ လမ်းမတစ်လျှောက်ရှာဖွေမိလိုက်သည်။ သို့ သော် နောက်ဆုံးမှာ သူမလေးရဲ့အိမ်သို့ပင် ပြန်ရောက်သွားပြန်သည်။ သို့သော် ပြန်မရောက်လာသေးတာကြောင့် သူပို၍စိတ်ပူသွားရပါသည်။

ဒါကြောင့် သူ ဆေးရုံ ရဲစခန်းများမှအစ လိုက်စုံစမ်းနေမိသည်။ သို့သော် သူမက ပျောက်ချက်သားကောင်းနေခဲ့ပါသည်။ သူမသာ တစ်ခု ခုဖြစ်သွားခဲ့မယ်ဆိုရင်ဆိုသောအတွေးက သူနှလုံးသားကို အရှင်လတ် လတ်မီးလောင်တိုက်သွင်းလိုက်သလို။

မဖြစ်ဘူး။ သူအသက်ရှင်သန်နေသရွေ့ကာလတစ်လျှောက် သူမ လေးမှာ ဒဏ်ရာကြီးကြီးမပြောနဲ့ သေးသေးတောင်မရှိစေရဘူး။ သူမကို ဒဏ်ရာရစေမယ့်လူကို သူဘယ်တော့မှခွင့်မလွှတ်ဘူးဟုတွေးပစ်မိသည်။

အခုတော့ သူမကိုပင် ဘယ်မှာရှာရမှန်းမသိ။ သူမဘာဖြစ်နေမှန်း လည်း သူမသိ။ သူ့ရင်ထဲမှာ လောင်မြိုက်လှပါသည်။ မြစ်ကြီးနားမြို့လည်း တ " မြို့လုံးနီးပါးနဲ့နေပါပြီ။

ရင်အစုံလည်း ပူဆွေးနောက်ကျိရလွန်း၍ ဒေါသပင်ဖြစ်ချင်နေမိ သည်။ ဒါပေမဲ့ နောက်ဆုံးမှာ အကြံတစ်ခုရသွားကာ အန်တီလေးဆီ ဖုန်းဆက်လိုက်သည်။

"အန်တီလေး. . . သား, ပုရစ်ဖူးကိုရှာတာ နံ့နေပြီ။ ဘယ်မှာမှ ရှာမရဘူး။ စိတ်လည်းပူနေပြီ။ သူဘာဖြစ်နေပြီလဲမသိဘူး"

"ဩော်. . . ဘာများလဲလို့သားရယ်။ ပုရစ်ဖူးကို တိမ်စင်ချိုင်း လာခေါ်သွားတာ"

"ဘာ!"

"ဟုတ်တယ်။ ပုရစ်ဖူးက အန်တီလေးဆီမှာခွင့်တောင်းပြီး အစော ကြီးပြန်သွားတာ"

"အန်တီလေး ဘာလို့ခွင့်ပေးလိုက်တာလဲ။ အန်တီလေးရာ"

သူ မချိတင်ကဲကြီးပြောကာ စိတ်တိုတိုနှင့်ပင် ဖုန်းကိုပိတ်ချပစ် လိုက်သည်။ သူကတော့ ဘာဖြစ်နေပြီလဲဟု စိတ်ပူလိုက်ရတာ။ သူမက တော့။

သူစိတ်တိုတိုနှင့်ပင် တိမ်စင်ချိုင်းကိုလိုက်ရှာနေမိပါသည်။

တိမ်စင်ချိုင်းကိုရှာရတာတော့ သိပ်မခက်ခဲလှပေ။ အေးအေး ဆေးဆေးနေရတာကိုပဲကြိုက်တဲ့တိမ်စင်ချိုင်းက ဝါးရုံတောမှလွဲ၍ အခြား

www.burmeseclassic.com

www.burmeseclassic.com

နေရာမှာမရှိနိုင်။

သူထင်နေတာက ခက်ထိမှန်ကန်နေပါသည်။ ဖါးရုံနိပ်မှာရပ်ထာ
သောတိမ်စင်ချိုးရဲ့ကားအဖြူလေးက သက်သေခံနေ၍ပါ။ သူက ဒေါ
ဖြစ်နေရသူမို့ ကားတံခါးကို ဝုန်းဒိုင်းဖွင့်ဆင်းကာ ဒေါနှင့်မောနှင့်လှ
လာခဲ့လိုက်သည်။

နိုးနိုးခစ်ခစ်နှင့် ပုရစ်ဖူးရဲ့ရယ်သံက လွင့်ပျံ့လာသည်တွင် သူ
ဒေါသက ထိပ်ဆုံးသို့ရောက်သွားရသည်။ သူကတော့ သူမကိုစိတ်
လိုက်ရတာ။ လိုက်ရှာရတာလည်း တစ်မြို့လုံးကို့နှံ့ရော။ သူမကတော့
ဒီနေရာမှာလာပြီး တခြားယောကျ်ားလေးနဲ့ကြည်နူးနေလိုက်တာ။

သူနှလုံးသားကိုအချွန်ထက်ဆုံးအရာနှင့် အကြိမ်ကြိမ်ထိုးခွေ
သလိုပင်။ မြင်လိုက်ရသောမြင်ကွင်းက သူ့အသည်းကို အပြင်းထ
နာကျင်စေခဲ့ပါသည်။

ပုရစ်ဖူးက တိမ်စင်ချိုးရဲ့ပန်းချီကားမှာ မော်ဒယ်လ်လုပ်ပေး
သောကြောင့်ပါ။ သူကိုယ်သူဘာမှမစဉ်းစားနိုင်ခင်မှာပင် သူက ပုရ
ရှေ့ မားမားကြီးရပ်ပြီးဖြစ်နေပါပြီ။ သူ့ကိုမြင်လိုက်သည်နှင့် ချက်ချ
ပြောင်းလဲသွားသော ပုရစ်ဖူးရဲ့မျက်နှာကြောင့် သူ ပို၍ဒေါသဖြစ်မိ
သည်။



"ငါ ပုရစ်ဖူးပုံကိုဆွဲနေတာလေ"

သိပ်ခင်လှပါသော တိမ်စင်ချိုးရဲ့အသံကပင် သူ့နားထဲမှာ ခါး
သက်စွာ။ သူ ပုရစ်ဖူးရဲ့လက်ကောက်ဝတ်ကို ဆတ်ခနဲဆောင့်ဆွဲပစ်
လိုက်သည်။

"ဘာလုပ်တာလဲ လက်ဘသိုင်း"

"ငါဘာလုပ်သလဲ မင်းမသိဘူးလား။ မင်းလက်ကိုဆွဲလိုက်တာ
လေ"

"လွှတ်စမ်းပါ"

"ဘာလဲ၊ ငါ့လက်က တိမ်စင်ချိုးလောက် မနူးညံ့လို့လား"

"ရှင်ပြန်ပါ လက်ဘသိုင်း"

"ဘာလဲ။ ရာမမင်းသားနဲ့သီတာဒေဝီတို့ကြည်နူးခန်းမှာ ငါက
ဒသကီရိပြစ်သွားလို့လား"

"ရှင်သိနေတာပဲ။ ဘာဝင်ရှုပ်ချင်သေးလဲ"

"ငါ မင်းကိုချစ်တယ်လို့ပြောပြီးပြီ။ မင်း ငါ့ကိုချစ်ပါ။ မင်းကို
ငါလက်ထပ်မယ်"

ထိုအခါမှာတော့ သူမက ခါးသက်စွာပင် သူဆွဲကိုင်ထားသောလက်
ကောက်ဝတ်ကို သူ့လက်ထဲမှလွတ်သွားသည်ထိ ဆောင့်ရုန်းပစ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လက်ကောက်ဝတ်က ပွခနဲ နာကျင်သွားပေမယ့် လွတ်မြောက်သွားခဲ့သည်။

"အား..."

ရှုံ့မဲ့သွားသော သူမမျက်နှာလေးကြောင့် သူရင်ထဲမှာပူသွားမြို သည်။ ဒီတစ်ကြိမ်တော့ ယုယုယယပင် အတော်များနာသွားလားမှ ပြန်တွဲကိုင်မည်အပြုမှာတော့...

"မကိုင်နဲ့။ ရှင် ကျွန်မအသားကိုလာမထိနဲ့"

သူမရဲ့ပြင်းရှရှစကားသံက သူရင်ထဲမှာ စူးနစ်နာကျင်ရပါသည်။ သူမကိုအနာတရဖြစ်စေတဲ့သူမှာ သူကိုယ်တိုင်ပဲဖြစ်နေပါရောလား။

"ငါကြည့်ပေးမယ်။ ဒါမှမဟုတ်ရင် လက်ဆစ်ယောင်သွားလိမ့်မယ်။ မင်းက အတင်းဆောင့်ရုန်းတာကို"

"ရှင်လာမထိနဲ့နော်။ ရှင့်ကို ကျွန်မသိပ်မုန်းတယ်။ ရှင့်ကို ကျွ မချစ်နိုင်ဘူးလို့ပြောပြီးပြီပဲ။ ရှင် အမှတ်မရှိဘူးလား။ ကျွန်မချစ် တခြားလူတစ်ယောက်ဆိုတာလည်း ရှင်သိနေပြီးပါပြီကော။ ရှင် ဘာ ရှုးနေတာလဲ။ အခုလည်း ရှင့်ကိုထပ်ပြောမယ်။ ကျွန်မ ရှင့်ကိုမချ မချစ်တဲ့အပြင် မုန်းတယ်... သိပ်မုန်းတယ်"

"မင်းလိမ်နေတာ။ ငါ့ကို မိန်းကလေးတွေသဘောကျတာပဲ မ လည်း မိန်းကလေးပဲ၊ ငါ့ကိုကြိုက်ရမယ်"



"မုန်းတယ်။ အရာရာကိုပိုင်စိုးပိုင်နင်းနေတဲ့ ရှင့်ကိုမုန်းတယ်"

"မမုန်းနဲ့ကွာ။ ငါလိုချင်တာ အဲ့လိုအမုန်းမဟုတ်ဘူး။ မင်းဆီက အချစ်၊ အချစ်ပဲ ငါရချင်တယ်။ မင်း ငါ့ကိုချစ်ပါ။ ငါဘာလုပ်မှ မင်းချစ် နိုင်မှာလဲ။ မင်းမကြိုက်တာကိုပြော ငါဝေးခြင်မယ်။ မင်းအချစ်ကိုရရင် ငါဘာမဆိုလုပ်မယ်။ ပြော၊ ပြော၊ ငါ့ဆီမှာ မင်းမကြိုက်တာ ဘာရှိသလဲ။ မုန်းနေတဲ့အစိတ်အပိုင်းမှန်သမျှ ငါပြုပြင်မယ်။ ငါ့မှာငွေရှိတယ်"

"ရှင့်ကိုကျွန်မမုန်းတာ အဲ့ဒါပဲ။ ရှင်က ရှင့်ကိုယ်ရှင် သိပ်အထင်ကြီး တယ်။ ငွေလေးရှိတာနဲ့ မောက်မာလွန်းတယ်။ ကျွန်မက နှလုံးသားနဲ့လူ ချစ်တတ်တယ်၊ မုန်းတတ်တယ်။ ကျွန်မ ရှင့်ကိုမုန်းတယ်"

"ရတယ်။ မင်းမကြိုက်တာ အဲ့ဒါမဟုတ်လား။ မင်းမုန်းနေတဲ့အရာ ကို ငါပြုပြင်မယ်။ မင်းငါ့ကိုချစ်ပါ"

"ရှင့်တစ်ကိုယ်လုံးကိုပြောင်းလဲပစ်ရင်တောင် ကျွန်မ ရှင့်ကိုမချစ် နိုင်ဘူး"

"ဘာ!"

"ဟုတ်တယ်။ ဆောင့်ကြွားကြွား ပိုင်စိုးပိုင်နင်းနေတဲ့ရှင့်ကိုလည်း မုန်းတယ်။ အဲ့ဒီခံပင်တိုးတိုးဆောင်ဆောင်ကိုလည်း မုန်းတယ်။ အကျီ

www.burmeseclassic.com

www.burmeseclassic.com



လိုးလိုးလက်လက်ကိုလည်းမုန်းတယ်။ အဲ့ဒီခါးပတ်လက်လက်ကိုလည်း မုန်းတယ်။ နားတောင်းတွေများတဲ့ရှင့်နားရွက်ကိုလည်း မုန်းတယ်။ ရှင့်အသံကိုလည်း မုန်းတယ်။ အဲ့ဒီလက်စွပ်ပြူးတူးပြဲတဲ့ကြီးတွေကိုလည်း မုန်းတယ်။ ဘောင်းဘီမှာချိတ်ထားတဲ့ ချိန်းကြိုးကြီးတွေကိုလည်း မုန်းတယ်။ လက်သည်းမည်းကြီးတွေကိုလည်း မုန်းတယ်။ မုန်းတယ်။ အားလုံးကိုမုန်းတယ်။ မုန်းတယ်”

သူမ စိတ်ရှိလက်ရှိရှိုက်ကျုံးအော်ပစ်တော့သည်။ ထိုအခါကျတော့ သူက တိုက်ပွဲမှအရှုံးကြီး ရှုံးသွားသူတစ်ယောက်လို သူမကို ဘာအရောင်မှမပါသောမျက်ဝန်းသေကြီးနှင့် မှင်တက်စွာငေးမောနေတော့သည်။

“မမုန်းပါနဲ့။ မင်း ငါ့ကိုအဲ့ဒီလိုကြီးမမုန်းပါနဲ့။ ငါ မင်းကိုသိပ်ချစ်နေမိလို့ပါ။ မင်း ငါ့ကိုမမုန်းပါနဲ့”

သူ့အသံတုန်တုန်က ဆောက်တည်ရာမဲ့စွာ။ တစ်လှမ်းချင်းနောက်ဆုတ်သွားသော သူ့ခြေလှမ်းတွေက ကစဉ့်ကလျား။ သူ့မျက်ဝန်းမှာလည်း မျက်ရည်ဥတို့ ပြည့်အိုင်စွာ လျှံကျနေခဲ့သလို။ သူမမျက်ဝန်းမှာလည်း အရည်ကြည်တို့က ဝေ့သီလျက်။

သူကတော့ ချစ်လိုက်ရတာ။ သူ့အချစ်ရဲ့ရလဒ်က ဒါပဲတဲ့လား။ သူက သူမကို အသက်တမျှချစ်ရပါသည်။

ဒါပေမဲ့ သူရလိုက်တာက ခါးသက်တဲ့ စပ်ရှရှအမုန်းတစ်ခု။

သူမက သူ့ကိုအဲ့ဒီလောက်ထိပဲမုန်းနေရှာသလား။ ကားအစိမ်းလေးက မြင်ကွင်းမှ ဝူးခနဲပျောက်ကွယ်သွားတော့မှ သူမက အရုပ်ကြိုးပြတ်ထိုင်ချပစ်တော့သည်။

သူမ ငိုနေပါလား။ ဘာကြောင့်ငိုနေရတာလဲ။

“ပုရစ်ဖူး ရရဲ့လား”

ထိုအခါကျမှ သူမက ပစ္စုပ္ပန်ကိုသတိရသွားပုံနှင့် ခေါင်းမော့လာခဲ့သည်။ တိမ်စင်ချိုင်းက သူမပခုံးလေးကိုယုယုယယဆွဲဖက်ကာ ထွေးလိုက်သည်။

“မင်းကိုကိုယ်ပြောချင်တဲ့စကားတစ်ခွန်းကို ကိုယ်ပြောတော့မယ်”

“ဟင့်အင်း. . . ရှင်မပြောနဲ့ဦး”

သူမအသံတုန်တုန်ကြောင့် တိမ်စင်ချိုင်းရင်ထဲ မောပန်းသွားရသည်။

“ကိုယ် လက်ကသိုင်းအပေါ် တရားချင်မှတရားမယ်။ ဒီတစ်ကြိမ်တည်းပါ။ ခဏလေး ကိုယ့်အတွက်ကြိုးချင်မိတယ်”

သူမခေါင်းက တိမ်စင်ချိုင်းရဲ့ပခုံးကိုမှီထားခဲ့ပေမယ့် သူမရင်ထဲက ဆောက်တည်ရာမဲ့စွာ မငြိမ်မသက်။ သူမ မော်ကယ်လ်ထိုင်ပေးဖို့ကို

www.burmeseclassic.com

www.burmeseclassic.com



လည်း စိတ်မပါတော့တာနဲ့ အိမ်သို့ပြန်လာခဲ့သည်တွင် သူမပိုခံစားသွား ရသည်။

အကြောင်းမှာ အမေက လက်ဘသိုင်း၊ သူမကိုစိတ်ပူ၍ နေရာအနှံ့ ရှာနေကြောင်းကို တခမ်းတနားပြောပြသောကြောင့်ပင်၊ သူမရင်ထဲတွင် နွမ်းလျသွားရပါသည်။ သူ့ကို စိတ်ရှိလက်ရှိပြောပစ်မိတဲ့စကားလုံးတွေ အတွက် နောင်တရချင်နေတာလား။

သို့သော် ထိုသို့ပြောပစ်ချင်ခဲ့တာမှာ ကြာခဲ့ပါပြီ။ ဒါပေမဲ့လည်း သိပ်ခံစားသွားရသော လက်ဘသိုင်းရဲ့ပုံကြောင့် သူမရင်ထဲမှာ နေလို့မရ ဖြစ်ပါ။ လက်ဘသိုင်းများ ပေါ်လာလေဦးမလားဟု သူမက မသိမသာမျှော် မျှော်နေတတ်ပါသည်။

သို့သော် လက်ဘသိုင်းက ပေါ်မလာခဲ့ပါ။ အရင်က လက်ဘသိုင်း ပျောက်နေသည်မှာ တစ်ပတ်ပင်ပြည့်သွားပါပြီ။ အမြဲတမ်းသွားလာနေကျ မို့ မောင်နှစ်ယောက်ရောအမေပါ လက်ဘသိုင်းကိုသတိရနေသည်ထင်ပါ ရဲ့။ စကားပြောတိုင်း လက်ဘသိုင်းအကြောင်းက ပါပါနေတတ်သေးသည်။ ထိုသို့အခါတိုင်းမှာ သူမက အပြစ်ရှိသူတစ်ယောက်နှယ်။

လက်ဘသိုင်းကိုမတွေ့တာ တစ်ပတ်မျှရှိသွားခဲ့သလို တိမ်စင်ချိုင်း နှင့်မတွေ့တာလည်း တစ်ပတ်မျှ ကြာသွားခဲ့ပါသည်။

ထိုနှစ်ယောက်အကြောင်းကို သူမစဉ်းစားနေမိပါသည်။

နောက်ဆုံးမှာတော့ သူမက ချစ်ရသူဘက် တစ်ယူသန်စဉ်းစား လိုက်သည်။ ထိုသို့စဉ်းစားမိလိုက်စဉ်မှာ ဖြင်းဖြွစွာ ခံစားလိုက်ရ၍ တိမ် စင်ချိုင်းရဲ့ရှင်းသန့်သန့်ပုံကို တွေ့ချင်မိသွားသည်။ ပြီးတော့ တိမ်စင်ချိုင်း ရဲ့စကားတစ်ခွန်းကိုလည်း နားထောင်၍ သူမနှလုံးသားကိုအဆင်သင့် ဖြင့်ဆင်နေမိသည်။

သူမ တိမ်စင်ချိုင်းထံသို့ ဦးတည်ပြီးထွက်လာခဲ့ပါသည်။ သူမသိပ် ရှုမိုက်နေပြီလား။ ဒါပေမဲ့ တခါလေးတော့ ရှုမိုက်ချင်ပါသည်။ အမေနဲ့ မောင်လေးတွေကို ရင်ထဲမှတောင်းဆိုနေမိပါသည်။ တစ်ကြိမ်လေး ဒီ တစ်ခါလေး ရှုမိုက်ခွင့်ပေးပါဟု။

သူမ တိမ်စင်ချိုင်းရဲ့အိမ်သို့ရောက်သွားချိန်မှာ ဒန်းပေါ်မှာအိပ်နေ သောတိမ်စင်ချိုင်းကို သူမ အဆင်သင့်တွေ့လိုက်ရသည်။ ဒါကြောင့်ပင် လူခေါ်ဘဲလ်ကိုမသုံးတော့ဘဲ တံခါးကို ကိုယ့်ဟာသာတွန်းဖွင့်ကာ ဝင်လာ ခဲ့လိုက်သည်။ တိမ်စင်ချိုင်းက အိပ်ပျော်နေသည်ထင်ပါရဲ့။

မျက်လုံးအစုံကိုမှိတ်ထားပြီး နှုတ်ခမ်းအစုံက ပကာတိမြဲမြဲမြဲနေ ပါသည်။ အိပ်ပျော်နေတာလေးတောင် ရှင်းသန့်သန့်နှင့် မာကျောနေတာ ကြောင့် သူမက ငေးမောနေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ကိုယ့်ကိုကြည့်လို့ဝပြီလား"

မျက်စိမဖွင့်ဘဲပြောလာသော တိမ်စင်ချိုင်းရဲ့စကားကြောင့် သူမက အိပ်မက်မှလန့်နိုးလာသူတစ်ယောက်နှယ် ဆတ်ခနဲဖြစ်သွားရသည်။

"ကျွန်မရောက်နေတာ ရှင်ဘယ်လိုသိသလဲ"

"ကိုယ်နဲ့မင်း မတွေ့တာကြာသွားပြီနော်။ မင်းနဲ့မတွေ့သလိုဘဲ လက်ာသိုင်းနဲ့လည်း မတွေ့ဖြစ်ကြဘူး"

"သူပြန်သွားတာနေမှာပေါ့"

"သူ့ကို ကိုယ်နားလည်တယ်။ သူမပြန်ဘူး။ သူ ကိုယ့်ကိုမှတ် မဆက် ဘဲ မပြန်ဘူး"

"ရှင်ပြောမယ့်စကားတစ်ခွန်းကို နားထောင်ဖို့လာခဲ့တာ"

"မနေ့က ကိုယ့်ဆီကို အနိတ်လေးနဲ့ကြီးတော် ရောက်လာတယ်"

"ဟင်!"

"ကိုယ်စဉ်းစားနေတယ်။ ကိုယ့်ရဲ့တစ်ကိုယ်တည်းသာယာမှုအတွက် ကိုယ်သိယောဇဉ်ရှိသောလူရဲ့ပျော်ရွှင်မှုကို စတေးရမှာလားလို့"

"ကျွန်မဆုံးဖြတ်ပြီးမှ လာခဲ့တာပါ။ လမ်းတစ်ခုကိုမျက်စိမှိတ်ပြီး ဖွတ်လျှောက်မယ်"

"လက်ာသိုင်းက ကိုယ့်ရဲ့အချစ်ဆုံးသူငယ်ချင်းပါ။ ငယ်ငယ်တည်း

ညီအစ်ကိုလိုပဲ၊ ကိုယ့်အပေါ် နွေးထွေးမှုရှိတယ်။ လက်ာသိုင်းရဲ့စိတ်ကို ိုယ်နားလည်တယ်။ သူက ရှပ်တယ်၊ ပေါတယ်။ ဒါပေမဲ့ သူမချစ်ဖူးဘူး။ င်းကိုမှ သူ အဲ့ဒီလောက်ထိချစ်မိနေတာကို ကိုယ်အံ့ဩမဆုံးဘူး။ ပြီး တော့ သူကတစ်ဖွတ်ထိုးဆန်တယ်။ ဖြစ်ချင်ရာကိုလုပ်ရမှ ကျေနပ်တဲ့ သူမျိုး။ ပြီးတော့ လူတိုင်းကိုအနိုင်ယူတတ်တဲ့သူ့အကျင့်က အမိုးထဲစွဲ ပြီ။ ဒါပေမဲ့ မင်းနဲ့တော့ သူပြောင်းလဲသွားတယ်။ ကိုယ်အံ့ဩရပါတယ်။ ကိုယ့်နေရာမှာသာ တခြားကောင်ဆိုရင် သူတစ်ခုခုလုပ်မှာမလွဲဘဲ။ အဲ့ဒါ သူ့စိတ်ကို ကိုယ်သိနေလို့။ ကိုယ်ကလည်း သူ့ကိုနားလည်နေသလို သူက လည်း ကိုယ့်ကိုနားလည်နေတယ်။ ဒါကြောင့် သူကိုယ်တို့နှစ်ယောက်ရှေ့ ရှေ့ ပေါ်မလာတာပါ။ ကိုယ်ကလည်း သူ့ကိုသွားမတွေ့ဘူး။ ကိုယ့်စိတ် ထဲမှာ မတင်တကျ ဒွိဟကြီးနဲ့မို့ပါ"

"ကျွန်မ နားလည်ပါတယ်"

"ကိုယ်တို့စဉ်းစားကြည့်ရအောင်။ ဘာကြောင့် အဲ့ဒီလိုပြောသလဲဆိုတော့ င်းကိုလည်း ကိုယ်နားလည်နေလို့ပဲ"

ဘာကြောင့်မှန်းမသိ တိမ်စင်ချိုင်းရဲ့စကားအေးအေးအတွက် သူမ ရော်ဝန်းမှာ မျက်ရည်တို့ပြည့်အိုင်သွားရသည်။ ထိုစဉ်ခြေရင်းဆီမှ ကား ဆံစီးက ရုတ်တရက်ထိုးဆိုက်လာရသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုကားကိုမြင်တော့ တိမ်စင်ချိုင်းက မျက်လုံးကြီးပြူးပြီး ထ ရပ်လိုက်သည်။

"မေမေ"

သူအံ့ဩသွားရပါသည်။ မေမေက ဘယ်တော့မှ ဒီကိုလာလေ့ မရှိခဲ့ပါ။

"ညေသည်ရောက်နေတာကိုး"

"မေမေကြိုဖုန်းဆက်ထားရင်တော့ ကျွန်တော်လာကြိုမှာပါ"

"အလုပ်ကိစ္စနဲ့လာတာ တစ်ရက်နှစ်ရက်ပါပဲ။ မင်းစိတ်လေနေ တယ်ပြောလို့လာခဲ့တာ"

သစ္စာရှိလှယ့်တွေက မေမေ့ကိုသတင်းပို့လိုက်တာပဲဖြစ်ရမည်။

"သူက ပုရစ်ဖူးပါ။ သူငယ်ချင်း"

"အင်း. . . ဟုတ်ပြီ။ မင်းက ဦးသားရဲ့ပထမဆုံးသူငယ်ချင်းမဲ့ မိန်းကလေး"

"ပုရစ်ဖူး။ ဒါ ကိုယ့်မေမေ ဦးအောင်ကြီးညို"

"ဟုတ်ကဲ့၊ တွေ့ရတာဝမ်းသာပါတယ်ဦး"

ရှိုရှိုကျိုးကျိုးလေး ရပ်နေသောသူမကို ဦးအောင်ကြီးညိုအကဲခတ် လိုက်ပါသည်။ မျက်နှာလေးမှာ အပြစ်ကင်းပြီး ကြည်စင်နေတာကြောင့်



ကျိတ်ပြုံးလိုက်မိသည်။

"ဟို. . . ကျွန်မကိုခွင့်ပြုပါဦး ဦး"

ဟုဆိုကာ ကမန်းကတမ်းပြန်သွားသော ထိုမိန်းကလေးကို ဦး အောင်ကြီးညိုကြည့်ပြီး မှတ်ချက်ချလိုက်သည်က. . .

"မျက်နှာက ရိုးသားပုံရတယ်။ မင်းစိတ်လေနေတာ ဒီကောင်မ လေးနဲ့ပတ်သက်နေတယ်မဟုတ်လား။ မျက်ခမ်းစပ်မှာလည်း စိုစိစိနဲ့ ငိုထားပုံရတယ်။ မင်းဘာပြောလိုက်လို့လဲ"

နောက်ကျိနေသောစိတ်အစဉ်ကြောင့် သူဘာမှပြန်မဖြေပါ။

"အချစ်စစ်ဆိုတာ တစ်သက်မှာမှ တစ်ကြိမ်တည်းတွေ့ရတတ် တယ်။ အချစ်ကိုဆုံးရှုံးခံလိုက်တာက ကိုယ့်ဘဝကိုကိုယ် အကျည်းချုပ် တာနဲ့အတူတူပဲ။ နောင်တတွေမရှူနဲ့ တစ်သက်လုံး နာကျင်ကြေကွဲနေ ရမယ်"

မေမေ့စကားကို သူ တိတ်ဆိတ်စွာ နားထောင်နေမိသည်။ မေမေ က သက်ပြင်းမောကို တနင့်တပိုးချလိုက်ပြီး. . .

"မင်း. . . ငါကိုစိတ်နာနေတယ်ဆိုတာ ငါသိတယ်။ အမေ့ အပေ ကိုမတက်နိုင်ခဲ့တဲ့ဖခင်တစ်ယောက်ကို သားသမီးတစ်ယောက်ရဲ့ခံစား ချက်ပါ။ ငါဟာ ဘာဖြစ်လို့ မိန်းမလေးတွေနဲ့ထွေလိုက်တွဲလဲ သိလား။

www.burmeseclassic.com

www.burmeseclassic.com



ငါ့မှာ အချစ်မရှိတော့လို့ဘဲ။ မင်းအမေကို ငါက မိဘတွေပေးစားလို့ယူခဲ့တာ။ ငါ့မှာသိပ်ချစ်တဲ့ မိန်းမတစ်ယောက်ရှိခဲ့ဖူးတယ်။ ငါ့ရဲ့ပျော့ညံ့တွေဝေမှုတွေကြောင့် အချစ်နဲ့ဝေးကွာသွားပြီးတဲ့နောက်ပိုင်း ငါ့မှာ သာယာမှုဆိုတာ မရှိတော့ဘူး။ ဒါပေမဲ့ မင်းကိုမွေးပြီးတဲ့နောက်ပိုင်းမှာ ငါသူ့ကို ပြန်ဆုံခဲ့တယ်။ မင်းအမေလိုချင်တာက ငါ့ဆီက အချစ်။ ငါ့ဆီမှာ သူ့ကိုပေးစရာအချစ်က ရှိမနေတော့ဘူး။ အဲ့ဒီအတွက် မင်း ငါ့ကိုစိတ်နာနေတယ်။ မင်းမှန်ပါတယ်။ မင်းအမေသေခဲ့တာ ငါ့ပယောဂမကင်းပါဘူး။ ငါသာသူနဲ့ပြန်တွေ့မနေခဲ့ရင် မင်းအမေက အခုထိအသက်ရှင်နိုင်တယ်။ မင်းက ငါ့သား။ ငါ့ရင်ထဲမှာလည်း မင်းအတွက် နေရာအကျယ်ကြီးရှိတယ်။ မင်း ငါ့ကိုမုန်းသည်ဖြစ်စေ၊ မမုန်းသည်ဖြစ်စေ ငါဂရုမစိုက်ဘူး။ ငါ မင်းအပေါ်ကောင်းမယ်။ နောင်တဆိုတာမျိုးကို နောက်တစ်ကြိမ်ထပ်မကြုံချင်လို့ဘဲ။ ငါ နောက်အိမ်ထောင်ထူဖို့ စိတ်မဝင်စားခဲ့ဘူး။ အဲ့ဒါ ငါ သူ့ကိုမချစ်လို့မဟုတ်ဘူး။ ငါ့ဘဝထဲက ဒုတိယနေရာကိုမပေးရက်လို့။ သူက အမြဲတမ်း ပထမပဲ။ ပြီးတော့ မင်းကိုမနာကျင်စေချင်လို့ဘဲ။ ငါ နောင်တတွေကို ခါးသက်သွားတယ်။ ငါသာတွေဝေပြီး မင်းအမေကို လက်မထပ်ဖြစ်ခဲ့ရင် ငါချစ်တဲ့မိန်းမကလည်း သာယာချမ်းမြေ့မယ်။ ငါ့ကိုဂရုစိုက်ကောင်းတဲ့မင်းအမေလည်း ငယ်ငယ်နဲ့မသေရဘူး။ ငါ့သား

မင်းကိုအဖေ ဘယ်တုန်းကမှ မပြောဖူးခဲ့တဲ့ဆုံးမစကားပြောချင်တယ်"

ဖေဖေက သူ့မျက်ဝန်းထဲမှာ ရှာဖွေနေသလိုနှင့် စူးစိုက်ကြည့်လာသည်။

"ဘဝမှာ အချစ်စစ်ဆိုတာ တစ်ကြိမ်ပဲရှိတယ်။ အခွင့်အရေးလည်း တစ်ကြိမ်ပဲ ရှိတတ်ကြတယ်။ မင်းကောင်းကောင်းအသုံးချပါ။ နောင်တမရအောင်လုပ်ပါ။ မင်းတို့လူငယ်တွေကိစ္စကို အတွင်းကျကျမသိပေမယ့် အပေါ်ယံတော့ ရိပ်မိပါတယ်။ ကောင်မလေးရဲ့မျက်ဝန်းတွေက မင်းအပေါ် ပျော်ဝင်နေတယ်။ အဲ့ဒါဆို မင်းသဘောပေါက်မှာပါ"

သူနှင့်ဖေဖေ ဘယ်တုန်းကမှ အခုလို စကားများများမပြောဖူးခဲ့ပါ။ သူ ဖေဖေ့ကို ဘယ်တုန်းကမှ ကြည်ကြည်လင်လင်မမြင်ခဲ့ဖူးပေမယ့် အခုတော့လည်း သူ ဖေဖေ့ကိုနားလည်သွားရသလိုပင်။

"မင်းတွေဝေနေတယ်။ ငါ့သား စိတ်ရှင်းသွားအောင် ပန်းချီဆွဲကြည့်လိုက်ပါလား။ ဒါမှမှန်မှန်ကန်ကန်ဆုံးဖြတ်နိုင်မှာ"

သူ ဖေဖေ့ကိုကျေးဇူးတင်သွားပါသည်။ သူ့ကိုလမ်းပြပေးလိုက်လို့လေ။ အခုတော့လည်း သူတို့သားအဖနှစ်ယောက်ကြားမှာ အဖုအထစ် မရှိခဲ့ကြဖူးသလိုပင် စင်းလုံးချော။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၀ )

“ဒါ ပုရစ်ဖူးတို့အိမ်ပါလားရှင်”

ခန့်ညားပြီး ကျက်သရေရှိတဲ့အမျိုးသမီးကြီးနှစ်ယောက်ဖြစ်နေတာကြောင့် ဒေါ်ထူးထူးမြတ်မှာ ပျာပျာယာယာပင် ဧည့်ကားဝမှာ အမြေးရပ်ကာ. . .

“ဟုတ်ပါတယ်ရှင့်၊ အိမ်ပေါ်တက်ပါဦး”

ဒေါ်ထူးထူးမြတ်ရဲ့ဖိတ်ခေါ်မှုကြောင့် အမျိုးသမီးနှစ်ယောက်မှာ အပေါ်သို့တက်လာခဲ့ကြသည်။

“ထိုင်ပါရှင့်”

www.burmeseclassic.com

www.burmeseclassic.com

"အစ်မက ပုရစ်ဖူးရဲ့မိခင်ထင်တယ်"

"ဟုတ်ပါတယ်။ အစ်မတို့က ကျွန်မကိုမသိပေမယ့် ကျွန်မကတော့ အစ်မတို့ကိုသိပါတယ်။ အခုလာတာက သမီးများ၊ အလုပ်မှာ"

"စိတ်မပူပါနဲ့အစ်မ။ အခုလာတာက အလုပ်နဲ့မပတ်သက်ပါဘူး။ ဒါကြောင့် ပုရစ်ဖူးမရှိတဲ့အချိန်ကိုရွေးပြီး လာခဲ့တာပါ"

"သူတို့တွေက ပုရစ်ဖူးရဲ့မောင်တွေထင်တယ်"

"ဟုတ်ပါတယ်ရှင်။ သူက (၁၀)တန်း ဖြေထားပါ၊ သူက (၈)တန်း စာမေးပွဲ"

"လူချောလေးတွေပဲ။ ဒါကြောင့် သားက သူတို့ကိုခင်နေတာကို"

"သားက"

"ကြော်. . . ကျွန်မတို့ရဲ့တစ်ဦးတည်းသောတူပါ"

"အစ်မတို့ရဲ့တူကို ကျွန်မသားတွေကသိတယ်"

"ဒီလောက်ဆိုရင် အစ်မက ဘာမှမသိသေးဘူးနဲ့တူတယ်။ ဒီအိမ်ကိုအဝင်အထွက်လုပ်နေတဲ့လက်ဘသိုင်းက ကျွန်မတို့ရဲ့တူလေ"

"ရှင်!"

ဒေါ်ထူးထူးမြတ်အပါအဝင် စာဖတ်နေကြသောကောင်လေးနှစ်ယောက်ပင် အံ့ဩသွားရသည်။



"ပုရစ်ဖူး ပြောပြမထားဘူးလား"

"ပြောတော့ပြောပါတယ်။ အစ်မတို့ရဲ့တူက ငယ်ဦးမယ်ထင်နေတာ။ လက်ဘသိုင်းဖြစ်လိမ့်မယ်လို့ လုံးဝထင်မထားခဲ့ဘူး"

"ဒီမိသားစုကို သားက သိပ်ခင်ပုံရတယ်။ အမြဲပြောတယ်။ ဝေဖနဲ့ဝရှုကိုသတိရတဲ့အကြောင်းနဲ့ ခေါ်ပုတ်ကြော်ကိုလွမ်းကြောင်း"။

"ဟုတ်တယ်။ လက်ဘသိုင်းက ခေါ်ပုတ်ကြော်ကိုသိပ်ကြိုက်တာ။ ကျွန်မတို့လည်း သူ့ကိုသတိရနေကြတာ။ ခါတိုင်းတော့ နေ့တိုင်းလာတယ်။ အခု အိမ်ကိုမလာတာ (၁၀)ရက်လောက်ရှိသွားပြီ။ သူ နေများမကောင်းလို့လား။ သူ့ကိုစိတ်ပူနေကြတာ"

"လူကတော့ နေကောင်းပါတယ်။ စိတ်တော့နေမကောင်းဖြစ်နေတယ်။ သားက ငယ်ကတည်းက အလိုလိုက်ခံထားရတော့ နည်းနည်းဆိုးတယ်။ သူလုပ်ချင်ရာလုပ်ရမှ၊ သူဖြစ်ချင်တာဖြစ်ရမှ။ နို့မဟုတ်ရင် ဒေါသကြီးတတ်တယ်။ ဒါပေမဲ့ အခုတော့ သူဒေါသလည်းမကြီးတော့ဘူး။ ရွှင်မြူးခြင်းလည်း မရှိတော့ဘူး။ အပြင်မှာ ပုရစ်ဖူးနဲ့ဘာဖြစ်ခဲ့ကြသလဲဆိုတာတော့မသိဘူး။ သူ သိပ်ခံစားနေရတယ်ထင်တယ်။ အိမ်ခန်းထဲက မထွက်ဘူး"

"ဟုတ်တယ်။ သားက အခုလိုစိတ်ပျက်နေရုံနဲ့ ငြိမ်သက်နေတာ

www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ခါမှမတွေ့ခဲ့ဖူးဘူး"

"တိမ်စင်ချိုင်းကို အစ်မတို့သိသလား"

"ဒီနာမည်မျိုးမကြားဖူးဘူး"

"တိမ်စင်ချိုင်းက သားရဲ့အချစ်ဆုံးသူငယ်ချင်းပါပဲ။ သူတို့

ယောက်က သိပ်ချစ်ပြီးသိပ်ခင်ကြတာ။ သူသိပ်ခင်တဲ့တိမ်စင်ချိုင်းနဲ့

မေတ္တာရှိနေတဲ့ပုရစ်ဖူးတို့နောက်ကွယ်မှာ ပတ်သက်နေကြတယ်ထင်တယ်

အလုံးစုံကိုတော့ ကျွန်မတို့မသိဘူး။ အခု ကျွန်မတို့လာတာက ဒီအ

အစ်မကြီးဆီမှာ အကူအညီတောင်းချင်လို့ပါ"

"ပြောပါရှင်။ ကျွန်မဘာကူညီရမလဲ"

"ဘယ်လိုနည်းနဲ့ပြောပြော၊ လိုရင်းက ဒါပဲမို့ ကျွန်မတို့တည့်တည့်

ပဲပြောပါတော့မယ်"

"ဟုတ်ကဲ့. . . ပြောပါရှင်"

"ကျွန်မတို့သားနဲ့ ပုရစ်ဖူးကိုနေရာချထားပေးရင် မကောင်းဘူး

လား။ ကျွန်မတို့တူကို ပျော်ရွှင်စေနိုင်မယ့်သူက ပုရစ်ဖူးပဲမို့ပါ"

"ရှင်, အဲ့ဒါက"

"သဘောမတူနိုင်ဘူးလားအစ်မ"

"အဲ့ဒီလိုမဟုတ်ပါဘူး။ လက်ဘသိုင်းက လူတော်လေကောင်းလေး

ယောက်ပါ။ ကျွန်မလည်း သူ့ကိုခင်မင်ပါတယ်။ အကယ်၍ သမီးသော

ကော်ခံမယ်ဆိုရင် ကျွန်မက လိုက်လိုက်လဲလဲကြိုဆိုမိမှာပါ"

"အခု ပုရစ်ဖူးက"

"သမီးသဘောကို တီးခေါက်ကြည့်ပါဦးမယ်"

"အစ်မဟာ မုဆိုးမဖြစ်တဲ့အတွက် သားသမီးတွေအပေါ် ဩဇာ

ညောင်းလိမ့်မယ်လို့ယုံကြည်ပါတယ်"

"ဟုတ်ကဲ့။ ကျွန်မတိုက်တွန်းပြောဆိုပါ့မယ်ရှင့်"

"ဒါဆို ကျွန်မတို့ပြန်ပါဦးမယ်။ နောက်နေ့တွေမှ လာခဲ့ပါတော့

ယ်။ သားတို့လည်းပျင်းရင် အိမ်လာလည်ကြလေ။ မင်းတို့ကိုမြင်ရင်

င်းတို့အစ်ကိုက ပျော်နိုင်တယ်"

"ဟုတ်ကဲ့ခင်ဗျ။ အစ်ကိုကိုပြောပေးပါဦး။ ကျွန်တော်တို့ကလည်း

စ်ကိုကိုသတိရနေပါတယ်လို့"

ထိုအမျိုးသမီးနှစ်ယောက်ပြန်သွားတော့ ဒေါ်ထူးထူးမြတ် သက်

ပြင်းမောကို တစ်ချက်တင်ကြီးချပစ်လိုက်သည်။

"အစ်မကလည်း ဘာတွေ ရှုကြောင်ကြောင်တွေးနေသလဲ မ

ဘူး"

"အေးလေ။ အစ်ကိုလက်ဘသိုင်းကို ကြိုက်လို့ပြီးရော"

www.burmeseclassic.com

www.burmeseclassic.com

"ငါတို့ အစ်ကိုကိုသွားတွေ့ရင် ကောင်းမှာနော်"

"ဟာ. . . အားနာစရာကြီး။ အစ်မလုပ်ပုံက အစ်ကို့ကို မျက်နှာပူစရာကောင်းတယ်ကွ"

မဖြစ်လောက်ဘူးထင်လေးရှိသည့်ကလေးတွေပင် စဥ်းစားတတ်နေတဲ့ကိစ္စကို သူမသိမီးပုရစ်ဖူးက ဘယ်ကဘယ်လိုအတွေးချော်နေရတာတဲ့လဲ။

## အခန်း ( ၂၀ )

တခုခုမြည်နေသောဖုန်းကို သူ မကိုင်ချင်ပါ။ တိမ်စင်ချိုင်းဆီကပဲ ဖြစ်နေနိုင်သည်။ သူအခုချိန်မှာ တိမ်စင်ချိုင်းကို စကားမပြောချင်သေးပါ။ သို့သော် ဖုန်းသံကအချိန်ကြာမြင့်စွာ မြည်နေတာကြောင့် ဒါတိမ်စင်ချိုင်း မဟုတ်ဘူးဆိုတာ သိလာသည်။

သူဖုန်းနံပါတ်ကို ဖွင့်ကြည့်လိုက်သည်။ သူမှတ်ဥာဏ်ထဲ ရှိမြဲဖူး သည့် နံပါတ်တစ်ခုကြောင့် စက်ကိုဖွင့်ပြီး နားထောင်လိုက်သည်။

"ဟဲလို"

www.burmeseclassic.com

www.burmeseclassic.com

"လက်ဘသိုင်း"

"ဟင်. . . ပုရစ်ဖူး၊ မင်းဘယ်ကဆက်နေတာလဲ၊ ဟား. . . ဟား . . . ဟား၊ မင်းစိတ်ဆိုးပြေသွားပြီလား"

"ရှင့်ကိုကျွန်မပြောစရာရှိတယ်"

"အခုလား၊ ဘယ်မှာလဲ"

"အခုမိုးချုပ်နေပြီ၊ မနက်ဖြန်မနက်ပိုင်းကို ရှင်နဲ့တွေ့မယ်"

"အိုကေ၊ ကိုယ်အစောကြီးထပြီး စောင့်နေမယ်"

သူပျော်ရွှင်သွားမိသည်၊ သိပ်လွမ်းမိနေတာမို့ ပုရစ်ဖူးရဲ့အသံသေးသေးလေးက သူ့ရင်အစုံကို အေးမြသွားသည်။ ပုရစ်ဖူးက သူ့အပေါ် စိတ်ပြောင်းသွား၍ထင်သည်။

ဖုန်းတွေဘာတွေတောင် ဆက်လို့၊ တွေ့လိုကတော့ ကောင်းကောင်းကြီး ပညာပေးပစ်ဦးမည်ဟု တေးမှတ်ထားလိုက်ပါသည်။ သူပျော်ရွှင်လွန်း၍ ဒီနေ့အိပ်လို့ ပျော်နိုင်ဦးမလား၊ သေချာတာကတော့ ပုရစ်ဖူးကိုချစ်တဲ့အကြောင်းတွေပြောဖို့ အိပ်မက်ထဲမှာတောင် တာစီနေမိပါတယ် ဆိုတာပါပဲ။

❧ ❧ ❧

## အခန်း ( ၂၂ )

လက်ဘသိုင်းကိုတစ်ခုခုပြောပစ်ဖို့ သူမရင်လေးနေမိသည်။ ဒါပေမဲ့ သူမပြောပစ်မှဖြစ်ပေလိမ့်မည်။ အခုတော့ လက်ဘသိုင်းကြောင့် အမေက သူမကိုလက်ထပ်ဖို့ ဖိအားတွေပေးနေပါပြီ။

သူ့အပေါ် နှစ်ယောက် လာသွားတာကလည်း သူမှဘာ၍မဟုတ်ရင် အခြားဘာအကြောင်းမှမရှိ၊ အချစ်ရေးမှာ လူကြီးတွေရဲ့အကူအညီတို့ပါ ဖြည့်စွက်နေသည့်လက်ဘသိုင်းကို သူမ မုန်းလှပါသည်။

သို့သော်လည်း ထိုသို့အပြတ်ပြောပစ်မြန်လျှင်လည်း သူမစားရ [illegible]ပါသည်။ မျက်နှာညှိုးငယ်စွာ နောက်ဆုတ်သွားသော[illegible]လုပ်တိုင်းက

www.burmeseclassic.com

www.burmeseclassic.com



သူမကိုရှုးရှုးနစ်နစ် နာကျင်စေတာပါ။

ဒါပေမဲ့လည်း လက်ဘသိုင်းရဲ့လုပ်ရပ်များက သူမနည်းနည်းမှ သည်းမခံချင်စရာကောင်းလှသည်။ သူမရဲ့ပိသာစုဝင်များကိုပင် သူ့ဘက်ပါအောင် သိမ်းသွင်းခဲ့သောင်ထားတာကတော့ လက်ဘသိုင်းက တစ်ဆိတ်လွန်လွန်းနေပြီထင်ပါရဲ့။ ဒေါသဖြစ်ဖြစ်နှင့်ပင် ထုရိုက်ချင်မိသည်။

သူမက စိတ်တိုနေပေမယ့်လည်း ဖုန်းထဲမှာကြားလိုက်ရတဲ့သူ့အသံရှင်ရှင်က သူမရဲ့ခံစားချက်ကို တွေဝေသွားစေပါသည်။ သူမဖုန်းဖြစ်နေ၍ ပျော်ရွှင်သွားသောသူ့အသံတက်ကြွကြွကြောင့် တွေဝေသွားမိခြင်းပါ။

ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် မကြာခင်အချိန်မှာ လက်ဘသိုင်းနဲ့တွေ့ရတော့မှာမို့ သူမစိတ်ကိုအားတင်းမြင်ဆင်နေမိသည်။ ဆောင်းနှင်းဝေဝေမာကျူရိမ်းရောင်အောက်မှာ ငုတ်တုတ်လေးထိုင်နေသောလူတစ်ယောက်ကို သူမ အဝေးမှလှမ်းမြင်လိုက်ရသည်။ ဟိုတုန်းကလည်း ထိုနေရာမှ လက်ဘသိုင်းက သူမကိုနောက်ပြောင်ခဲ့ဖူးတာမို့၊ ဒါအခြားလူမဟုတ်ဘဲ လက်ဘသိုင်းပဲဆိုတာ သူမအတတ်သိနေခဲ့ပါသည်။

လမ်းမတည့်တည့်ငုတ်တုတ်ထိုင်နေသော လက်ဘသိုင်းရဲ့ပုံကြောင့် သူမမှာ အတွေးတစ်မျိုးပေါ်လာရသည်။ လက်ဘသိုင်းမှာ မုတ်လောက်သားလောက်ဖြစ်အောင် ဆုံးမရမည်ပေါ့။ ဒါကြောင့်ပင် ငုတ်တုတ်ထိုင်နေသော လက်ဘသိုင်းထံသို့ပင် တည့်တည့်ကြီးဦးတည်ကာ စက်ဘီးကိုအရှိန်မြှင့်၍ နင်းချပစ်လိုက်သည်။

သို့သော် အနီးကပ်ရောက်သွားမှ သူမမှားသွားပြီဆိုတာ သိလိုက်ပေမယ့် အချိန်မမီတော့ပါ။

"ခုတ်. . . ဘုန်း. . . ဝုန်း"

စက်ဘီးတိုက်သံပြီးလဲသံက ဆူညံသွားရသည်။

"တောင်းပန်ပါတယ်ရှင်။ ကျွန်မမှားသွားပါတယ်"

သူမလည်း တံတောင်ဆစ်တွေ ဒူးကွေးတွေနာကျင်သွားရတာပါပဲ။ အရှိန်ပြင်းလွန်းတာကြောင့် ထိုလူက လမ်းမှာပင် ညည်းညူလဲကျနေပါသည်။

"တောင်းပန်ပါတယ်ရှင်၊ တကယ်ပါ"

သို့သော် သူမကံဆိုးသွားခဲ့ပါသည်။ ဘာဖြစ်လို့လဲဆိုတော့ ထိုလူရဲ့အပေါင်းအပါများက မှောင်ရိပ်ဆီမှ အလျှိုလျှိုထွက်လာကြ၍ပါ။ အဲ့ဒါမှုခုက္ခ။ လမ်းသရဲအဖွဲ့နဲ့တိုးနေပြီထင်တယ်။

တောင်းပန်နေသောသူမကို ထိုလူရဲ့အပေါင်းအပါ နိုင်းကန်းကာန်းရုပ်ပုံများက အစိမ်းလိုက်ဝါးစားပစ်ကြတော့မည့်အလား။

www.burmeseclassic.com

www.burmeseclassic.com

ထိုလူတွေရဲ့ စိမ်းရင့်ရင့်မျက်လုံးရိုင်းများကြောင့် ကျောရိုးတွေတုံ့ကျင်သွားအောင်ထင် သူမကြောက်နေမိပါသည်။

"တောင်းပန်ပါတယ်ရှင်။ ကျွန်မတကယ်မှားသွားပါတယ်"

"မင်းသိပ်နောက်ကျသွားပြီမိန်းကလေး။ ဟေ့ကောင်ကြီး, ထနိုင်ရဲ့လား"

"လက်တစ်ခုခုဖြစ်သွားပြီထင်တယ်။ မ,လို့မရတော့ဘူး။ နာနေတယ်"

"တောင်းပန်ပါတယ်ရှင်။ ကျွန်မတာဝန်ယူပါတယ်။ အရှင်းပျောက်သည်ထိ ကျွန်မကုပေးပါမယ်"

"ကိုယ်တို့ကိုလူဆိုးတွေလို့ မင်းထင်နေတယ်မဟုတ်လား။ မင်းထင်သလိုပဲ ကိုယ့်တို့က လူဆိုးတွေ။ ဒီတော့ မင်းရဲ့ကံကြမ္မာက မလှနိုင်တော့ဘူး"

"အဲ့လိုမလုပ်ပါနဲ့ရှင်"

"မရတော့ဘူး"

"တောင်းပန်ပါတယ်ရှင်။ မလုပ်ပါနဲ့"

သူမကိုဆွဲလားရမ်းလာလုပ်လာတဲ့လက်ကြမ်းကြီးတွေကို သူမက ချည့်နဲ့တုန်ရီစွာရှောင်တိမ်းနေမိသည်။



ထိုအဖွဲ့ကို သူမကြောက်လွန်းတာကြောင့် မျက်ရည်ဥများပင် ဖိုးဖိုးပေါက်ပေါက်ကျလာရသည်။ ထိုစဉ် ကားမီးရောင်က အနီးထဲသို့ဝင်ဖြာခနဲကျရောက်သွားသည်။ လက်ဘသိုင်းပဲဆိုသောအတွေးတစ်ခုက သူမကို အားတက်သွားစေပါသည်။

"လက်ဘသိုင်း. . . ကျွန်မကိုကယ်ပါဦး"

ကြားလိုက်ရသောချစ်သူရဲ့အသံညက်ညက်လေးကြောင့် သူမှာ ခွန်အားတွေပြည့်သိပ်သွားရသည်။ သူ ကားပေါ်မှ လွှားခနဲခုန်ဆင်းကာ တုတ်တစ်ချောင်းကောက်ကိုင်ပြီး ဝှေ့ယမ်းကာ လူအုပ်ကြားထဲခြေဖွေသွားသွားသည်။

ရုတ်တရက်မို့ လူတွေက ရှဲသွားတာကြောင့် သိမ်ငယ်စွာရပ်နေသောသူမရဲ့လက်ကောက်ဝတ်ကိုဆွဲကာ ပြေးလိုက်သည်။ သည်တွင် ကံဆိုးသွားသည်က ပြေးလွှားနေသောသူ့ခြေထောက်ကို ခြေထိုးခံလိုက်ရခြင်းဖြစ်သည်။ သူက အုန်းခနဲနေအောင် ကတ္တရာလမ်းမပေါ် အရှိန်နှင့် ပစ်ကျသွားသည်။

"ပုရစ်ဖူး. . . မင်းပြေးတော့"

"ဟင့်အင်း"

"ပြေးတော့"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ ရှင်မပါရင် မသွားဘူး။ ရှင့်ကိုသူတို့သတ်ကြမယ်"

"သွားတော့။ ငါက ယောက်ျားလေး။ ငါ့ရှေ့မှာ မင်းတစ်ခုခုဖြစ်သွားရင်။ ဟာ. . . သွားပါတော့ဆို"

"သိပ်ချစ်နေကြတယ်ပေါ့လေ. . . ဟား. . . ဟား"

ထိုအသံနက်ကြီးနှင့်အတူ သူမတို့နှစ်ယောက်ကို ခုနစ်ယောက်မျှ ရှိမည့်လူအုပ်က ဝိုင်းအုံလာပြန်သည်။ ထိုလူစုက လူရမ်းကားတွေမို့ သူမတို့နှစ်ယောက်ကို မျောက်ပွဲကြည့်သလိုဝိုင်းကြည့်ပြီး အမျိုးမျိုးလှောင်ပြောင်ရယ်မောနေကြသည်။

သူမကြောက်လွန်း၍ သူ့လက်မောင်းကို အားကိုးတကြီးဖက်တွယ်ထားမိပါသည်။ ချစ်သူရဲ့အားကိုးယုံကြည်မှုက သူ့အတွက် အားဆေးတစ်ခွက်ဖြစ်စေခဲ့ပါသည်။

သို့သော် ထိုလူရမ်းကားတွေက အုပ်စုကြီးနှင့်မို့ လွတ်လမ်းကို ရှာကြံမရနိုင်အောင်ပါဘဲ။ ထိုအချိန်မှာပင် သူစောစောက ဇွေ့ယမ်းထားခဲ့သောဓားကို လူတစ်ယောက် ခြေဖြင့်ကျွမ်းကျင်စွာကောက်လိုက်သည်။

ထိုမြင်ကွင်းနှင့်ပင် သူနားလည်လိုက်သည်။ ထိုလူက ရန်ပွဲနှင့် ယဉ်ပါးနေခဲ့မည်ဆိုတာကိုပေါ့။

ထိုလူက ဓားကိုပြန်ချက်ကျကျလှည့်ကာ ဇွေ့လိုက်ပြီး သူ့ကျော ပြင်ကို တုတ်ခနဲနေအောင် ရိုက်ချပစ်လိုက်သည်။

ဘာမှမတတ်နိုင်တော့တဲ့ အခုံးမှာတော့ သူဒိုက်ခနဲကျသွားသည်။ သို့သော်ချစ်သူရဲ့စိုးရိမ်မျက်ဝန်းကြောင့် သူပြန်မတ်လာခဲ့သည်။

"အား. . . လွှတ်. . . လွှတ်"

ရမ်းကားလာသောလူစုကြောင့် ချစ်သူရဲ့အော်သံသဲ့သဲ့က သူ့ဒေါသတွေကို ဆူပွက်စေခဲ့ပါသည်။ သူဒေါသဖြစ်ဖြစ်နှင့် ညည်သူ့ကိုမျှမမြင်နိုင်လောက်အောင်ပင် ကစ်ကလျားရစ်လိုက်ပြီး ချစ်သူရဲ့လက်ကောက်ဝတ်ကိုစပ်ကြမ်းကြမ်းဆွဲကာ ရင်ခွင်ထဲဆော့သွားလိုက်ပြီး ကျောခြရာလမ်းမပေါ် ပစ်ချပစ်ပါတော့သည်။

သူမလေးကိုကာကွယ်ထားပေးသော သူ့ကိုယ်ခန္ဓာကြီးကို တတုန်းတုန်းထုနေကြပေမယ့် သူကမလှုပ်မယှက်။

"ငါအသက်ရှင်နေသရွေ့ မင်းဘာမှမဖြစ်စေရဘူး"

"လက်ဘိုင်း ဖယ်လိုက်ပါ။ ရှင်သေတော့မယ်. . . လက်ဘိုင်း"

"ငါမသေပါဘူး။ ငါ မင်းနဲ့လက်ထပ်ဦးမှာ။ ငါမသေဘူး"

"လက်ဘိုင်း၊ လက်ဘိုင်းရှင်ဖယ်။ ကယ်ကြပါဦးရှင်။ ကယ်ကြပါဦး။ သွေးတွေ လက်ဘိုင်း။ ရှင်ရသေးရဲ့လား။ ကယ်ကြပါဦး"

သူ့ကိုယ်ပေါ် ကျစက်လာသောသွေးများကြောင့် သူမကြောက်

www.burmeseclassic.com

www.burmeseclassic.com

အားလန့်အားနှင့် ကျုံးအော်ပစ်တော့သည်။

"မင်းကြောက်နေလား။ ဘာမှမဖြစ်ဘူး။ အဲ့ဒီသွေးတွေက ရှင့်ခြေက ကျတာ။ သူတို့မှာ ဘာလက်နက်မှပါမလာဘူး။ ငါမသေနိုင်ဘူး မကြောက်နဲ့"

ဟုသာပြောပြီး ခေါင်းလေးက ညွတ်ကျလာခဲ့သည်။

"လက်ဘသိုင်း"

သူမအော်ပစ်လိုက်သည်။ သူမကို လက်ဘသိုင်းက သိပ်ချစ်နေတာပဲ။ သူမအော်သံကြားရင် မလဲကျသွားနိုင်ပါဘူး။

"လက်ဘသိုင်း"

"ငါဘာမှမဖြစ်ပါဘူး"

ထိုစဉ်မှာပင် စည်ဝေည်သွားသည့်သူမအော်သံကြောင့်ထင်သည်။ လူအများက အုပ်စုလိုက်ပြေးလာကြသည်။ ထိုအခါမှ လူရမ်းကားတွေက အလျှိုလျှိုပြေးသွားကြတော့သည်။

"လက်ဘသိုင်း. . . ရှင်ထပါဦး။ ရှင်ဘာမှမဖြစ်ဘူးနော်။ ရှင်အဲ့လိုကြီး ငြိမ်မနေနဲ့လေ၊ လက်ဘသိုင်း"

"မင်းဘာမှမဖြစ်ဘူးနော်"

"ရှင် နေလို့ရရဲ့လား"



"မင်း ငါ့ကိုစိတ်ပူနေတာလား"

"ရှင် ကျွန်မကိုချစ်တယ်ဆို။ ကျွန်မကိုချစ်ရင် ကျွန်မခံစားရအောင် မလုပ်ပါနဲ့။ ရှင်အားတင်းထားနော်။ ကျွန်မ ရှင့်ကိုရန်တွေ့မလို့ ရှင့်"

"စိတ်မပူနဲ့"

"ရှင့်ကိုကျွန်မလက်ထပ်မယ်ဆိုရင် ရှင်နေကောင်းရမယ်နော်"

ထိုအခါမှာတော့ သူက ပြုံးပြုံးကြီးလင်းလက်လာသည်။

"ရှင်သေသွားရင် ကျွန်မနောင်တရလိမ့်မယ်။ ကျွန်မကို နောင်တရအောင်မလုပ်ပါနဲ့။ ရှင်မရှိတော့မှာကို မလိုလားဘူး"

ထိုအခါမှာတော့ သူက ဝမ်းသာသွားသည်ထင်ပါရဲ့။ လက်ကလေးတွေမြှောက်လာပြီး သူမပါးပြင်ကိုပွတ်သပ်ပေးနေသည်။ ထိုအချိန်က သူမရင်ထဲမှာ ပြင်းပြစွာခံစားမိသွားသလို တိမ်ညွှတ်ပျော်ဝင်သွားမိသည်။ ဖိဖိပြင်းပြင်းပင် အချစ်စိတ်တို့က အုံကြွစည်ဝေလာခဲ့ပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၄ )

မြင်နေရသော ဒုတ်ဂူဟောင်းတစ်လုံးပေါ်မှာ နှင်းဆီပန်း (၃၅)ပွင့်နှင့် ပုံဖော်ထားသောပန်းစည်းလှလှကို တင်လိုက်သည်။

"အန်တီ. . . သမီး၊ အန်တီကိုလာတွေ့တာ။ အန်တီက ဘာမှ မပြောနိုင်တော့တဲ့ သမီးစကားကိုနားထောင်ပေးတတ်တယ်လေ။ အန်တို့ ကို သမီးဝန်ခံစရာရှိလို့။ အန်တီနားထောင်ပေးပါဦး။ သမီးလေ ခံစားရတယ်။ အန်တီ သမီးကိုအပြစ်တင်မလားတော့မသိဘူး။ သမီးလေ ယောကျ်ားနှစ်ယောက်ကိုချစ်မိသွားတယ်။ တစ်ယောက်ကတော့ ငယ်ငယ်တည်းက ချစ်တဲ့အချစ်ဦး။ ကျန်တစ်ယောက်ကတော့ အသည်းနှင့်အောင်

www.burmeseclassic.com

www.burmeseclassic.com



မုန်းခဲ့တဲ့လူ။ ဒါပေမဲ့ နှစ်ယောက်တည်းမှာ သမီးသူ့ကိုပိုချစ်သွားတယ်။ ဒါကြောင့် သမီးရဲ့အကြောင်းတော်အဖြစ် သူ့ကိုပဲရွေးချယ်ဖြစ်ခဲ့တယ်။ သူက ပထမဆုံးချစ်သူမဟုတ်ပေမယ့် ပထမဆုံးရည်းစားပါပဲ။ သူ့ကိုလူတွေ ဝိုင်းနှိုက်ကြတော့ သမီးရဲ့နှလုံးသားတွေ ရှုနှင့်အောင် နာကျင်ရတယ်။ အဲဒီတော့ [illegible] သမီးကိုယ်သမီးသိလာတယ်"

"[illegible] သူ့ကိုချစ်နေပါလားလို့။ သူသာမရှိရင် သမီးဟာ ဘယ် သို့သော[illegible]ယောက်ျားလေးတစ်ယောက်ကိုမှ လက်ထပ်ဖြစ်တော့မှာ မဟုတ်[illegible]ရွှင်နိုင်မှာသွားရတယ်။ သူက သမီးကိုသိပ် ချစ်ပါတယ်။ [illegible] အနိုင်။ သူက သမီးကိုကြာကြာ အပျောက် မခံဘူး။ သမီးကြာရင် သူလိုက်လာခဲ့လိမ့်မယ်။ ဟော ပြောရင်း သူလိုက်လာပြီ။ သမီးသွားတော့မယ်နော်အနိုင်"

ဟု ဂူပေါင်းလေးကိုပွတ်သက်ကာ ကျောခိုင်းလိုက်သည်။ ကား အစိမ်းလေးပေါ်မှလူငယ်က ဆင်းလာပြီး သူမရဲ့လက်ကလေးကိုကြင်နာ စွာ ဆွဲကိုင်လိုက်သည်။

"ဘယ်သူလဲ"

"မိတ်ဆွေတစ်ယောက်ပါ၊ အမေလိုပဲ"

သူမထံ သူက လက်ကမ်းလာသည်။

ဒီတစ်ခါမှာတော့ သူမက မျက်နှာကြီးရှုံ့ထောက်ကာ [illegible] ရှုတ်တော့တဲ့ သူ့ထံ လက်တစ်ဖက်ကိုဖြန့်ကမ်းပေးလိုက်သည်။

သို့သော် သူက ညစ်ကျယ်ကျယ်ပြောလိုက်သည်က. . .

'လမ်းသေရဲ့တွေကို တွေ့တဲ့နေရာမှာ ထိုင်ရှိုးမယ်' တဲ့လေ။

သူမက သူ့လက်မောင်းကိုသာ ဖေါ်သပေးပါတော့သည်။ တအုံ့အုံ့ထရွ မ်တော့သည်။ ရယ်သံနိုးနိုးစင်စင်က ပတ်ဝန်းကျင်သို့ပင် ပျံ့လွင့်လို့လာ ခဲ့ပါပြီ။

ထွက်ခွာသွားသောကားစက်သံက ပျောက်ကွယ်လုလုအချိန်မှာမှ ဒုတ်ဂူပေါင်းလေးကိုကျောမှီကာထိုင်နေသောလူတစ်ယောက်က မတ် တတ်ထရပ်လာခဲ့သည်။ သန့်ရှင်းဖြူစင်သောရုပ်သွင်ရှိတဲ့ လူငယ်တစ် ယောက်ပါ။

သူက ဒုတ်ဂူပေါ်မှပန်းစည်းကိုကြည့်ပြီး ပြုံးလိုက်မိသည်။ ထို အဖြူးတစ်ပွင့်မှာ အဓိပ္ပာယ်များစွာက ကိန်းဝပ်နေခဲ့ပါသည်။

သူ့လက်ထဲမှ ပန်းစည်းလေးကို ထိုပန်းစည်းလေးနှင့် ယှဉ်ချက် ရှာ. . .

"မေမေ. . . သူမရဲ့ချစ်ခြင်းအတန်ကြာ ရင်နှီးခဲ့မှာပါနော်။ သား ယည်း မေမေ့ကိုဝန်ခံချင်တယ်။ သားချစ်တဲ့လူတစ်ယောက်ရဲ့မျက်နှာမှ

www.burmeseclassic.com

www.burmeseclassic.com



က သားကို တကယ်ပဲသာယာချမ်းမြေ့စေခဲ့တာပါ။ သူတို့နှစ်ယောက်လုံး ကို သားသိပ်ချစ်ပါတယ်။ သူတို့နှစ်ယောက်က ကမ္ဘာမှာ အလှအပဆုံးနဲ့ လိုက်ဖက်အညီဆုံးစုံတွဲပါပဲ"

ရသတို့နှင့်ပြည့်စုံပါစေ

မယ်နိုင်



# မယ်နိုင်

## ထွက်ပြီးစာအုပ်များ

ချစ်သူ့ပေဖူးလွှာ
ရည်းစားဦးကျိန်စာ
ထစ်ချုန်းမိုး
သဲမုန်တိုင်းရဲ့နှလုံးသားစိမ်ခေါ်သံ
အိုအေစစ်ကိုရှာဖွေကြသူများ
နှလုံးသားတွန်သံ
ဆုံးမဲ့နှင်းဆီ
အဖြူရောင်သက်တံ
မိုးပုရားလားအကေရို
ကြယ်တစ်ပွင့်နှင့်တွေ့ဆုံခြင်း
ပန်းခ်ချစ်သူ
ကဗျာလွှတ်ပွဲတော်

ယခုလထုတ် (၂၀၁၀ ဇွန်လ)
ပထမ မတုတ်သော ပထမလူ

www.burmeseclassic.com